# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်
# (၁၆) ကြိမ်မြောက် ပုံမှန်အစည်းအဝေး
# ပဉ္စမနေ့ မှတ်တမ်း



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁ | ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ နေရာယူခြင်း | ၁ |
| ၂ | ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း | ၂ |
| ၃ | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း | ၂ |
| ၄ | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း | ၃ |
| ၅ | ဝန်ကြီးဌာနအသီးသီးက လက်ရှိ ကျင့်သုံးနေသော ပြဋ္ဌာန်းကာလ သက်တမ်း နှစ်နှစ်ကျော်နေပြီဖြစ်သော ဥပဒေများကို သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီးမှ ပြန်လည်စိစစ်သုံးသပ်ပြီး “ဥပဒေကျင့်သုံးအကောင်အထည်ဖော်မှု စိစစ်ချက် မှတ်တမ်း အစီရင်ခံစာ” ကို လွှတ်တော်များနှင့် သက်ဆိုင်ရာကော်မတီများသို့ ပေးပို့ရန် အစီအစဉ် ရှိ၊ မရှိ နှင့်စပ်လျဉ်းသည့် မေးခွန်း၊ | ၄ |
| ၆ | ယခုပြင်ဆင်ထားသည်ထက် ပိုမိုထိရောက်သောစီမံခန့်ခွဲမှုများ နိုင်ငံအနှံ့မှာ အရေးပေါ်ပြင်ဆင်နိုင်ရန်နှင့် **COVID-**19 ဘေးအန္တရာယ်ကျရောက်လာသည့်အခါ တိုင်းဒေသကြီးနှင့် ပြည်နယ် အစိုးရများသို့ လုံလောက်သော ဘဏ္ဍာငွေများ ဖြည့်ဆည်းပေးရန်နှင့် ထိုသို့ ဆောင်ရွက်နိုင်ရန် **COVID-**19 ကနဦး ရန်ပုံငွေ ကျပ်ဘီလီယံ ၁၀၀ အပြင် ပြည်ထောင်စုဘဏ္ဍာငွေ အရအသုံးဥပဒေ မူကြမ်းတင်သွင်းခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၁၀၃၊ ပုဒ်မခွဲ (ဂ)အရ ပြည်ထောင်စုလွှတ်တော်က လက်ရှိ ဘဏ္ဍာရေးနှစ်အတွင်း နောက်ထပ်အရေးပေါ် ရန်ပုံငွေ သုံးစွဲခွင့်ပြုရန် အစီအစဉ် ရှိ၊ မရှိ တို့ကိုသိရှိလိုခြင်း နှင့်စပ်လျဉ်းသည့်မေးခွန်း၊ | ၁၀ |
| ၇ | မဟာအောင်မြေ မြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ မစိုးရိမ်ကံတက်ကုန်း ဘုန်းတော်ကြီးသင် ပညာရေးကျောင်းကို မူလတန်းအဆင့်မှ အလယ်တန်း အဆင့်သို့ တိုးမြှင့် ပေးရန် အစီအစဉ် ရှိ၊ မရှိ နှင့်စပ်လျဉ်းသည့်မေးခွန်း၊ | ၁၅ |
| ၈ | ကနီမြို့နယ် အလောင်းတော်ကဿပ ဂေါပကဖွဲ့စည်းရာတွင် ကနီမြို့နယ် သံဃနာယကအဖွဲ့၏ သဘောထား ထုတ်ပြန်ချက်ပါအတိုင်း ဖွဲ့စည်းပေးနိုင်ခြင်း ရှိ၊ မရှိနှင့် နယ်မြေခံ သံဃ နာယကအဖွဲ့က လက်ခံနိုင်သော ဂေါပကဖွဲ့စည်းပုံ စည်းမျဉ်းစည်းကမ်း များအား တိုင်းဒေသကြီးအစိုးရမှ ကြီးကြပ်ရေးဆွဲ၍ အတည်ပြု | ၁၇ |

ထုတ်ပြန် နိုင်ရန် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိ သိလိုခြင်း တို့နှင့် စပ်လျဉ်းသည့်မေးခွန်း၊

၉ တွံတေးတူးမြောင်းပိုင်မြေများအား (ရေ/မြစ်/ဖြိုး)ဦးစီးဌာနက စီမံခန့်ခွဲ ဆောင်ရွက်နေမှုအခြေအနေများနှင့် တိကျ ရှင်းလင်းသောမူဝါဒများ ချမှတ်ပေးနိုင်ခြင်း ရှိ၊ မရှိ တို့ကို သိရှိလိုခြင်း နှင့် စပ်လျဉ်းသည့် မေးခွန်း၊ ၂၂

၁၀ ငပုတောမြို့၊ ဈေးတံတားဆိပ်ကမ်း တွင် ခရီးသွားပြည်သူများနှင့် ရေယာဉ်များ ဘေးအန္တရာယ်ကင်းရှင်းစွာ ဆိုက်ကပ်နိုင်ရန်နှင့် ကုန်စည်စီးဆင်းမှု လျင်မြန်သွက်လက်စေရန်အတွက် ဆိပ်ခံဘောတစ်စင်းကို နိုင်ငံသားများအတွက် မည်သို့ ဖြည့်ဆည်းဆောင်ရွက် ပေးမည်ကို သိလိုခြင်း နှင့်စပ်လျဉ်းသည့်မေးခွန်း၊ ၂၉

၁၁ မက်မန်းမြို့နယ်တွင် မြို့နယ်သစ်တော ဦးစီးဌာန၌ ဖွဲ့စည်းပုံပါ ဝန်ထမ်းဖွဲ့စည်းပုံအနက်မှ လစ်လပ်လျက်ရှိသည့် ဝန်ထမ်းဦးရေ မည်မျှအား ထပ်မံဖြည့်ဆည်းခန့်အပ်ပေးရန်နှင့် မြို့နယ်သစ်တော ဦးစီးဌာနရုံး အဆောက်အဦ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ တို့နှင့် စပ်လျဉ်းသည့်မေးခွန်း၊ ၃၄

၁၂ မင်းဘူး(စကု)မြို့နယ်၊ လေးပင်ကျေးရွာ အုပ်စုရှိ (၁၂၇၉) ကွင်းမှ နှစ်ပေါင်း (၆၅) နှစ်ခန့် ခေါမဦးချလုပ်ကိုင် စားသောက်နေသော စိုက်ပျိုးဧရိယာအား ကွင်းဆင်းစိစစ်ပြီး ကြိုးဝိုင်း ဧရိယာအတွင်းမှ ပယ်ဖျက်ပေးနိုင်ခြင်းရှိ၊ မရှိ သိရှိလိုခြင်း နှင့်စပ်လျဉ်းသည့် မေးခွန်း၊ ၃၇

၁၃ ပေါင်မြို့နယ်ရှိ ကုလားမတောင်တန်းကြီး မှ လမ်းခင်းကျောက်ထုတ်လုပ်ခြင်း၊ ခဲတ်သတ္တုတူးဖော်ခြင်း၊ မြေကွက်ဖော် မြေတူးရောင်းချခြင်း စသည့် လုပ်ငန်းများကို တရားဝင်နှစ်ရှည်လုပ်ကိုင်ခွင့် ပြုထားခြင်းနှင့် တရားမဝင် ဝင်ရောက်လုပ်ကိုင်နေခြင်းကို ပိတ်သိမ်းပေးရန်နှင့် သဘာဝထိန်းသိမ်းစောင့်ရှောက်သည့် ဇီဝတောင်အဖြစ် သတ်မှတ်ပေးရန် အစီအစဉ် ရှိ၊ မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊ ၄၀

၁၄ မော်ချီးဒေသတွင် သတ္တု အကြီးစားလုပ်ကွက် တူးဖော် လုပ်ကိုင်ခွင့်ရရှိသော ကယားပြည်နယ် သတ္တု တူးဖော်ထုတ်လုပ်ရေးကုမ္ပဏီ (**KMPC)**အနေဖြင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေး ရန်ပုံငွေနှင့် သတ္တုတွင်းပိတ်သိမ်းမှုနှင့် ပြန်လည်ထူထောင်မှု ရန်ပုံငွေ ထားရှိရန် စသောကိစ္စရပ်များနှင့်စပ်လျဉ်း၍ မည်ကဲ့သို့ စီမံဆောင်ရွက် ထားရှိသည်ကို သိရှိလိုခြင်းနှင့် ညွှန်ကြားချက်နှင့်အညီ လိုက်နာ ဆောင်ရွက် ထားခြင်းမရှိပါက မြန်မာ့သတ္တုတွင်း ဥပဒေ၊ နည်းဥပဒေနှင့်အညီ အရေးယူရန် အစီအစဉ် ရှိ၊ မရှိ နှင့်စပ်လျဉ်းသည့်မေးခွန်း၊ ၄၅

၁၅ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပဉ္စမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ဆဋ္ဌမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။ ၆၀

## ဒုတိယအကြိမ်ပြည်သူ့လွှတ်တော် (၁၆) ကြိမ်မြောက်ပုံမှန်အစည်းအဝေး

## ပဥ္စမနေ့ အစီအစဉ်

## (၂၈-၅-၂၀၂၀) (ကြာသပတေးနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပဥ္စမနေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဦးလွင်ကိုလတ်၊ သန်လျင် မဲဆန္ဒနယ်၏ **ဝန်ကြီးဌာနအသီးသီးက လက်ရှိကျင့်သုံးနေသော ပြဋ္ဌာန်းကာလ သက်တမ်း နှစ်နှစ်ကျော်နေပြီဖြစ်သော ဥပဒေများကို သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီးမှ ပြန်လည်စိစစ်သုံးသပ်ပြီး "ဥပဒေကျင့်သုံးအကောင်အထည်ဖော်မှု စိစစ်ချက်မှတ်တမ်း အစီရင်ခံစာ" ကို လွှတ်တော်များနှင့် သက်ဆိုင်ရာကော်မတီများသို့ ပေးပို့ရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဒေါက်တာဒေါ်သက်သက်ခိုင်၊ ဒဂုံ မဲဆန္ဒနယ်၏ **ယခုပြင်ဆင်ထားသည့်ထက် ပိုမိုထိရောက်သောစီမံခန့်ခွဲမှုများ နိုင်ငံအနှံ့မှာ အရေးပေါ်ပြင်ဆင်နိုင်ရန်နှင့် COVID-19 ဘေးအန္တရာယ်ကျရောက်လာသည့်အခါ တိုင်းဒေသကြီးနှင့် ပြည်နယ် အစိုးရများသို့ လုံလောက်သော ဘဏ္ဍာငွေများ ဖြည့်ဆည်းပေးရန်နှင့် ထိုသို့ ဆောင်ရွက်နိုင်ရန် COVID-19 ကနဦး ရန်ပုံငွေ ကျပ်ဘီလီယံ ၁၀၀ အပြင် ပြည်ထောင်စုဘဏ္ဍာငွေ အရအသုံးဥပဒေ မူကြမ်းတင်သွင်းခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၁၀၃၊ ပုဒ်မခွဲ (ဂ)အရ ပြည်ထောင်စုလွှတ်တော်က လက်ရှိ ဘဏ္ဍာရေးနှစ်အတွင်း နောက်ထပ်အရေးပေါ် ရန်ပုံငွေ သုံးစွဲခွင့်ပြုရန် အစီအစဉ် ရှိ၊ မရှိ တို့ကိုသိရှိလိုခြင်း** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(ဂ) ဦးငြိမ်းသစ်(ခ)ဦးသောင်းထွန်း၊ မဟာအောင်မြေ မဲဆန္ဒနယ်၏ **မဟာအောင်မြေ မြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ မစိုးရိမ်ကံတက်ကုန်း ဘုန်းတော်ကြီးသင် ပညာရေးကျောင်းကို မူလတန်းအဆင့်မှ အလယ်တန်းအဆင့်သို့ တိုးမြှင့် ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(ဃ) ဦးထွန်းထွန်းနိုင်၊ ကနီ မဲဆန္ဒနယ်၏ **ကနီမြို့နယ် အလောင်းတော်ကဿပ ဂေါပကဖွဲ့စည်းရာတွင် ကနီမြို့နယ် သံဃနာယကအဖွဲ့၏ သဘောထား ထုတ်ပြန်ချက်ပါအတိုင်း ဖွဲ့စည်းပေးနိုင်ခြင်း ရှိ၊ မရှိနှင့် နယ်မြေခံ သံဃ နာယကအဖွဲ့က လက်ခံနိုင်သော ဂေါပကဖွဲ့စည်းပုံ စည်းမျဉ်းစည်းကမ်း များအား တိုင်းဒေသကြီးအစိုးရမှ ကြီးကြပ်ရေးဆွဲ၍ အတည်ပြု ထုတ်ပြန် နိုင်ရန် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိ သိလိုခြင်း** တို့နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(င) ဦးမြင့်လွင်၊ တွံတေး မဲဆန္ဒနယ်၏ **တွံတေးတူးမြောင်းပိုင်မြေများအား (ရေ/မြစ်/ဖြိုး)ဦးစီးဌာနက စီမံခန့်ခွဲဆောင်ရွက်နေမှုအခြေအနေများနှင့် တိကျရှင်းလင်းသောမူဝါဒများ ချမှတ်ပေးနိုင်ခြင်း ရှိ၊ မရှိ တို့ကို သိရှိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးသန်းအောင်၊ ငပုတော မဲဆန္ဒနယ်၏ **ငပုတောမြို့၊ ဈေးတံတားဆိပ်ကမ်းတွင် ခရီးသွားပြည်သူများနှင့် ရေယာဉ်များ ဘေးအန္တရာယ်ကင်းရှင်းစွာ ဆိုက်ကပ်နိုင်ရန်နှင့် ကုန်စည်စီးဆင်းမှုလျင်မြန်သွက်လက်စေရန်အတွက် ဆိပ်ခံဘောတစ်စင်းကို နိုင်ငံသားများအတွက် မည်သို့ ဖြည့်ဆည်းဆောင်ရွက်ပေးမည်ကို သိလိုခြင်း** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(ဆ) ဦးတင်အေး၊ မက်မန်း မဲဆန္ဒနယ်၏ **မက်မန်းမြို့နယ်တွင် မြို့နယ်သစ်တောဦးစီးဌာန၌ ဖွဲ့စည်းပုံပါဝန်ထမ်းဖွဲ့စည်းပုံအနက်မှ လစ်လပ်လျက်ရှိသည့် ဝန်ထမ်းဦးရေ မည်မျှအား ထပ်မံဖြည့်ဆည်းခန့်အပ်ပေးရန်နှင့် မြို့နယ်သစ်တောဦးစီးဌာနရုံး အဆောက်အဦ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** တို့နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ဇ) ဦးဝင်းဝင်း၊ မင်းဘူး မဲဆန္ဒနယ်၏ **မင်းဘူး(စကု)မြို့နယ်၊ လေးပင်ကျေးရွာ အုပ်စုရှိ (၁၂၇၉) ကွင်းမှ နှစ်ပေါင်း (၆၅) နှစ်ခန့် ဓားမဦးချလုပ်ကိုင်စားသောက်နေသော စိုက်ပျိုးရေယာအား ကွင်းဆင်းစိစစ်ပြီး ကြိုးဝိုင်းဧရိယာအတွင်းမှ ပယ်ဖျက်ပေးနိုင်ခြင်းရှိ၊ မရှိ သိရှိလိုခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဈ) ဒေါ်မိကွန်ချမ်း၊ ပေါင် မဲဆန္ဒနယ်၏ **ပေါင်မြို့နယ်ရှိ ကုလားမတောင်တန်းကြီး မှ လမ်းခင်းကျောက်ထုတ်လုပ်ခြင်း၊ ခဲတတ်သတ္တုတူးဖော်ခြင်း၊ မြေကွက်ဖော် မြေတူးရောင်းချခြင်း စသည့်လုပ်ငန်းများကို တရားဝင်နှစ်ရှည်လုပ်ကိုင်ခွင့် ပြုထားခြင်းနှင့် တရားမဝင် ဝင်ရောက်လုပ်ကိုင်နေခြင်းကို ပိတ်သိမ်းပေးရန်နှင့် သဘာဝထိန်းသိမ်းစောင့်ရှောက်သည့် ဇီဝတောင်အဖြစ် သတ်မှတ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(ည) ဒေါ်နန်းထွေးသူ၊ ဖားဆောင်း မဲဆန္ဒနယ်၏ **မော်ချီးဒေသတွင် သတ္တု အကြီးစားလုပ်ကွက် တူးဖော် လုပ်ကိုင်ခွင့်ရရှိသော ကယားပြည်နယ် သတ္တု တူးဖော်ထုတ်လုပ်ရေးကုမ္ပဏီ (KMPC)အနေဖြင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေး ရန်ပုံငွေနှင့် သတ္တုတွင်းပိတ်သိမ်းမှုနှင့် ပြန်လည်ထူထောင်မှု ရန်ပုံငွေ ထားရှိရန် စသောကိစ္စရပ်များနှင့်စပ်လျဉ်း၍ မည်ကဲ့သို့ စီမံဆောင်ရွက် ထားရှိသည်ကို သိရှိလိုခြင်းနှင့် ညွှန်ကြားချက်နှင့်အညီ လိုက်နာ ဆောင်ရွက် ထားခြင်းမရှိပါက မြန်မာ့သတ္တုတွင်း ဥပဒေ၊ နည်းဥပဒေနှင့်အညီ အရေးယူရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

၆။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော **“ကျန်းမာရေးမှုးကောင်စီဥပဒေကြမ်း”** နှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်ဖြင့် အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၇။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန က တင်သွင်းသည့် **“ကူးစက်ရောဂါကာကွယ်နှိမ်နင်းရေး ဥပဒေကြမ်း”** နှင့်စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုအား ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၈။ ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေ ပုဒ်မ ၂၁ နှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၁၅ အရ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ အား တာဝန်မှ ရုပ်သိမ်းရန် အဆို တင်သွင်းခြင်းနှင့် ဆွေးနွေးမည့် ကိုယ်စားလှယ် အမည်စာရင်းတောင်းခံခြင်း၊

၉။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပဥ္စမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ဆဋ္ဌမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၆)ကြိမ်မြောက်ပုံမှန်အစည်းအဝေး

## ပဥ္စမနေ့မှတ်တမ်း

**၁၃၈၂ ခုနှစ်၊ နယုန်လဆန်း ၇ ရက်**

**(၂၀၂၀ ပြည့်နှစ်၊ မေလ ၂၈ ရက်)**

**(ကြာသပတေးနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၆)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပဥ္စမနေ့ကို နံနက် ၁၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းအောင်(ခ)ထွန်းထွန်းဟိန်က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူး အဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀:၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၆)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပဥ္စမနေ့အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌသည် ဒုတိယဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဒုတိယဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါခင်ဗျား။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဒုတိယဥက္ကဋ္ဌ။** ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၆)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပဥ္စမနေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၃၀ ဦးရှိသည့်အနက် ၃၇၈ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၇.၉၀ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်းတင်ပြခြင်း

**ဒုတိယဥက္ကဋ္ဌ။** ။ အစီအစဉ်(၃)ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဒုတိယဥက္ကဋ္ဌ။** ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ ယခုအစည်းအဝေး မတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာလှမိုး(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၂၀ ပြည့်နှစ်၊ မေလ ၂၈ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၆)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပဥ္စမနေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီအတွင်းရေးမှူး ကျွန်တော် ဒေါက်တာလှမိုး၊ အောင်မြေသာစံ မဲဆန္ဒနယ်က ကိုယ်စားခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၃၀ ဦးရှိပြီး တက်ရောက်သူကိုယ်စားလှယ် ၃၇၈ ဦးရှိကာ ယနေ့ ခွင့်ပန်ကြားသူ ၄ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူကိုယ်စားလှယ်များကတော့-

(၁) ဝက်လက်မဲဆန္ဒနယ်မှ ဦးမြင့်သိန်း ခွင့်တစ်ရက်၊

(၂) ဆီဆိုင်မဲဆန္ဒနယ်မှ ဦးခွန်သန်းထူး ခွင့်နှစ်ရက်၊

(၃) ပလက်ဝမဲဆန္ဒနယ်မှ ဦးစိန်အောင် ခွင့်တစ်ရက်နှင့်

(၄) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကြီးဟန်သူ ခွင့်တစ်ရက် တို့ဖြစ်ကြပါတယ်။ ယခင်ခွင့်ပန်ကြားသူ ၄၈ ဦး၊ ယနေ့ခွင့်ပန်ကြားသူ လေးဦး စုစုပေါင်းခွင့်ပန်ကြားသူ ၅၂ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များ ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါ တယ် ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေး တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၀ ဦး၊ ယခင်ကခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၄၈ ဦး၊ ယနေ့ခွင့်ပြုထားသူ လေးဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၅၂ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ ပျက်ကွက်သူမရှိပါ။ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန်အတွက် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များကမေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**ဝန်ကြီးဌာနအသီးသီးက လက်ရှိကျင့်သုံးနေသော ပြဋ္ဌာန်းကာလသက်တမ်း နှစ်နှစ်ကျော်နေပြီ ဖြစ်သောဥပဒေများကို သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီးမှ ပြန်လည်စိစစ်သုံးသပ်ပြီး ဥပဒေကျင့်သုံး အကောင်အထည်ဖော်မှုစိစစ်ချက်မှတ်တမ်း အစီရင်ခံစာကို လွှတ်တော်များနှင့် သက်ဆိုင်ရာ ကော်မတီများသို့ပေးပို့ရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ ပထမဦးစွာ သန်လျင်မဲဆန္ဒနယ်မှ ဦးလွင်ကိုလတ် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးလွင်ကိုလတ်(သန်လျင်မဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ သန်လျင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလွင်ကိုလတ် ဖြစ်ပါတယ်။ ကျွန်တော် ဒီနေ့မေးမြန်းသွားမယ့်မေးခွန်းကတော့ ဝန်ကြီးဌာနအသီးသီးကနေ လက်ရှိကျင့်သုံးနေတဲ့ ပြဋ္ဌာန်း သက်တမ်းကာလ နှစ်နှစ်ကျော်နေပြီဖြစ်တဲ့ဥပဒေတွေကို သက်ဆိုင်ရာဝန်ကြီးဌာနကနေပြီးတော့ ပြန်လည်စိစစ်သုံးသပ်ပြီး ဥပဒေကျင့်သုံးအကောင်အထည်ဖော်မှုစိစစ်ချက်မှတ်တမ်းအစီရင်ခံစာကို သက်ဆိုင်ရာလွှတ်တော်ကော်မတီများကို ပေးပို့ဖို့နဲ့ပတ်သက်တဲ့မေးခွန်း ဖြစ်ပါတယ်။ ဒီမေးခွန်းကို မေးရတဲ့ ရည်ရွယ်ချက်လေးခုရှိပါတယ်။ ပထမရည်ရွယ်ချက်ကတော့ လွှတ်တော်ရဲ့လုပ်ငန်းယန္တရား တွေ ပိုမိုခိုင်မာသန်စွမ်းလာဖို့ဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံက အသွင်ကူးပြောင်းနေတဲ့နိုင်ငံ ဖြစ်ပါတယ်။ ဒီလိုအခြေအနေမှာ ပြည်သူကိုတိုက်ရိုက်ကိုယ်စားပြုတဲ့လွှတ်တော်ဟာ အင်မတန် အရေးကြီးပါတယ်။ လွှတ်တော်အားကောင်းသန်မာအောင် ကြိုးစားဆောင်ရွက်နိုင်မှသာလျှင် ဒီမိုကရေစီတည့်တံ့ခိုင်မြဲမှုအဆင့်ကို နောက်တစ်ဆင့်တက်လှမ်းနိုင်မှာဖြစ်ပါတယ်။ ပြီးတော့ ကျွန်တော်တို့လွှတ်တော်မှာ တာဝန်ကြီးသုံးရပ်ဖြစ်တဲ့ ကိုယ်စားပြုခြင်း၊ ထိန်းကျောင်းခြင်းနှင့် ဥပဒေပြုခြင်းဆိုတဲ့ တာဝန်သုံးခုကိုထမ်းဆောင်တဲ့အခါမှာ အခု ကျွန်တော်မေးခွန်းမှာတင်ပြထားတဲ့ အစိုးရဝန်ကြီးဌာနအသီးသီးက ဥပဒေကျင့်သုံးအကောင်အထည်ဖော်ရေးအစီရင်ခံစာဟာ ဒီလုပ်ငန်း သုံးခုကိုဆောင်ရွက်ဖို့အတွက် အဓိကပင်မကျောရိုးဖြစ်ပါတယ်။ ကျွန်တော်တို့ပြဋ္ဌာန်းလိုက်တဲ့

ဥပဒေတွေဟာ တကယ်လက်တွေ့အကောင်အထည်ဖော်တဲ့အခါမှာ ဥပဒေရဲ့မူလရည်ရွယ်ချက်တွေအတိုင်း တကယ်ကျင့်သုံး/မကျင့်သုံး၊ တကယ်ထိရောက်မှုရှိ/မရှိ သုံးသပ်ပြီးတော့ ဒီဥပဒေတွေကို ပြန်လည်ပြင်ဆင်တဲ့အလေ့အကျင့်ဟာ ကမ္ဘာမှာဒီမိုကရေစီကျင့်သုံးနေတဲ့နိုင်ငံအများစုက ဒါကို လွှတ်တော်ရဲ့ယန္တရားတစ်ခုဖြစ်အောင် ကြိုးစားဆောင်ရွက်နေတာကို ကျွန်တော်တို့ လေ့လာတွေ့ရှိရပါတယ်။

အခုလည်းပဲ ဒီမေးခွန်းမေးတဲ့အခါမှာ ဒီမေးခွန်းဟာ မေးချိန်တန်ပြီလားဆိုတဲ့မေးခွန်းတစ်ခု ကိုယ့်ကိုယ်ကိုပြန်မေးရပါတယ်။ ဒီလိုစဉ်းစားတဲ့အခါမှာ ကျွန်တော်တို့လွှတ်တော်သက်တမ်းဟာ နှစ်ကြိမ်ထဲကိုရောက်ပြီးတော့ ၁၀ နှစ်ပြည့်တော့မှာဖြစ်ပါတယ်။ အစိုးရအနေနဲ့ပြောမယ်ဆိုလို့ရှိရင်တော့ ဒီမိုကရေစီအစိုးရသက်တမ်းဟာ နှစ်ကြိမ်ပဲရှိသေးပေမဲ့ အုပ်ချုပ်ရေးယန္တရားရဲ့သက်တမ်းကိုပြောမယ်ဆိုရင်တော့ ဒါဟာ လွှတ်လပ်ရေးရပြီးကတည်းက စခဲ့တဲ့သက်တမ်းဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီမေးခွန်းကိုမေးရတဲ့ရည်ရွယ်ချက်နှင့်ပတ်သက်ပြီး ဥပမာနှစ်ခုပြစရာရှိပါတယ်။ ကျွန်တော်တို့အားလုံးသိခဲ့တဲ့အတိုင်း နိုင်ငံသားများ၏ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာလုံခြုံမှုကို ကာကွယ်ပေးရေးဥပဒေ ကျင့်သုံးအကောင်အထည်ဖော်မှုနှင့်ပတ်သက်ပြီးတော့ စိစစ်တဲ့အစီရင်ခံစာတစ်ခုပေးပို့ဖို့ ပြည်ထဲရေးကိုတောင်းပါတယ်။ အဲဒီတော့ ပြည်ထဲရေးကပြန်လာတဲ့ဟာမှာ သိပ်ကောင်းပါတယ်။ ဒီဥပဒေကိုအကောင်အထည်ဖော်ပြီးတော့ တရားစွဲတာ ၃၇၀ ကျော်ရှိတဲ့ထဲမှာ ဥပဒေရည်ရွယ်ချက်အတိုင်းပဲ တရားစွဲနိုင်တာက အင်မတန်နည်းပြီးတော့ လူတစ်ဦးနှင့်တစ်ဦးကိုစွဲတဲ့ဥပဒေပေါင်းက အင်မတန်မြောက်မြားနေတဲ့အတွက် ဒါဟာပြင်ဆင်သင့်တယ်ဆိုတဲ့သဘောထားမျိုးရခဲ့ပါတယ်။ ဒါဟာ ဥပမာကောင်းတစ်ခုလည်း ဖြစ်ပါတယ်။ ကျွန်တော် ဒီနေ့ ဒါကိုရည်ရွယ်ပြီးမေးရတဲ့မေးခွန်းကလည်းပဲ ဒီလိုမျိုး ကျွန်တော်တို့ကော်မတီတွေကို လွှတ်တော်စဖွင့်ကတည်းကိုက ကော်မတီတစ်ခုချင်းစီအလိုက် လေ့လာဆန်းစစ်ပြီး ပြင်ဆင်ဖြည့်စွက်ဖို့ပေးထားတဲ့ဥပဒေတွေအသီးသီးရှိပါတယ်။ ကျွန်တော်တို့ကော်မတီတွေက ဒီဥပဒေပေါင်းမြောက်မြားစွာကို ကော်မတီထဲမှာထိုင်ပြီး အဲဒီဥပဒေတွေကိုဖတ်ပြီးတော့ ပြင်ဆင်ဖို့ကြိုးစားရုံလောက်နဲ့တော့ ကျွန်တော်တို့ လုံလောက်မှာမဟုတ်ပါဘူး။ သို့သော်လည်းပဲ ကော်မတီအသီးသီးက ဥက္ကဋ္ဌတွေနဲ့ ကော်မတီဝင်တွေက ပြည်သူ့အသံတွေကိုနားထောင်ပြီးတော့ တတ်နိုင်သလောက် ကြားနာမှုတွေကနေတစ်ဆင့် ပြင်ဆင်ဖို့ကြိုးစားခဲ့တဲ့ဥပမာကောင်းတွေတော့ရှိခဲ့ပါတယ်။ သို့သော် ဒါဟာပုံမှန်လည်ပတ် နေတဲ့ Mechanism ဖြစ်အောင်ထိတော့ အထောက်အပံ့မဖြစ်ပါဘူး။ ဒါကြောင့် ကျွန်တော် ဒီနေ့မေးရတာကလည်း အခုဆိုလို့ရှိရင် ကျွန်တော်တို့က ဒီအုပ်ချုပ်ရေးယန္တရားမှာဆိုလို့ရှိရင် ဥပဒေ

တစ်ခုချင်းစီအလိုက် ဘယ်လောက်ကျင့်သုံးနေတယ်ဆိုတဲ့မှတ်တမ်းတွေက ရှိပြီးသားဖြစ်မှာပါ။ ဒီမှတ်တမ်းတွေကို နှစ်နှစ်တစ်ကြိမ်သာ အခု ကျွန်တော်ပြောတဲ့ PLS Paper ကို ရေးပြီးတော့ သက်ဆိုင်ရာရေးရာကော်မတီတွေဆီကို အမြဲတင်ပို့နေမယ်ဆိုလို့ရှိရင် ကော်မတီတွေဟာ ဌာန ဆိုင်ရာတွေက ကျင့်သုံးနေတဲ့ ဒီ Paper တွေကိုလေ့လာဖတ်ရှုပြီးတော့ ဌာနဆိုင်ရာတွေ၊ လုပ်ငန်း အကောင်အထည်ဖော်မှုတွေကို ပိုမိုချောမွေ့အောင်ဆောင်ရွက်တဲ့နေရာမှာ များစွာအထောက်အကူ ဖြစ်မှာ ဖြစ်တဲ့အတွက်ကြောင့်မို့လို့ ကျွန်တော်တို့ လွှတ်တော်ရဲ့တာဝန်ဖြစ်တဲ့ ထိန်းကျောင်းမှု ကိုလည်း အထောက်အပံ့ဖြစ်မှာဖြစ်သလို တကယ်တမ်းကျတော့ လက်တွေ့ဝန်ကြီးဌာနယန္တရား တွေမှာ နိုင်ငံရေး Position ဟာနှစ်ခုပဲရှိပါတယ်။ ဝန်ကြီး၊ ဒုတိယဝန်ကြီးပဲရှိပါတယ်။ အဆင့်ဆင့် သောယန္တရားတွေရဲ့ အကောင်အထည်ဖော်မှုတွေ ထိရောက်မှု၊ မထိရောက်မှုကို ဥပဒေ Paper တွေ ကိုသာ လွှတ်တော်ကိုပေးပို့မယ်ဆိုရင် လွှတ်တော်က ဒီယန္တရားတွေကို ဝိုင်းဝန်းထိန်းကျောင်း ပေးတာဖြစ်တဲ့အတွက်ကြောင့်မို့လို့ ဒီလုပ်ငန်းစဉ်က လွှတ်တော်ရဲ့တာဝန်လည်းဖြစ်သလိုမျိုး အုပ်ချုပ်ရေးအဖွဲ့အစည်းမှာရှိနေတဲ့ ဝန်ကြီးတွေရဲ့လုပ်ငန်းတွေကိုလည်း များစွာအထောက်အကူ ဖြစ်စေနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ နိဂုံးချုပ်အနေနဲ့ပြောရလို့ရှိရင် သက်ဆိုင်ရာဝန်ကြီး ဌာနတွေအနေနဲ့ နိုင်ငံတကာမှာလည်း ဒီဥပဒေတွေကို နှစ်နှစ်ကျော်တာနဲ့ အဲဒီလိုမျိုး Paper တွေ ရေးပြီး လွှတ်တော်ကို တင်ပေးရတဲ့ဟာက အလေ့အထရှိနေပြီဖြစ်တဲ့အတွက်ကြောင့်မို့လို့ လွှတ်တော်ရဲ့ယန္တရားတွေကို ပိုမိုသန်စွမ်းလာအောင်လုပ်ရာမှာ အင်မတန်အရေးကြီးတဲ့။

**ဒုတိယဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုရှေ့နေချုပ်ရုံးက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းမြင့်(ဒုတိယရှေ့နေချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး)**။ ။ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေကြောင်း လေးစားစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဒုတိယရှေ့နေချုပ် ဦးဝင်းမြင့် ဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင် မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလွင်ကိုလတ်က လွှတ်တော်၏ တာဝန်တစ်ရပ် ဖြစ်သော အုပ်ချုပ်ရေးကဏ္ဍကို လွှတ်တော်မှထိန်းကျောင်းခြင်းလုပ်ငန်းများ ထိရောက်စွာဆောင်ရွက် နိုင်ရန်အတွက် ဝန်ကြီးဌာနအသီးသီးက လက်ရှိကျင့်သုံးနေသော ပြဋ္ဌာန်းကာလသက်တမ်း နှစ်နှစ်ကျော်နေပြီဖြစ်တဲ့ဥပဒေများကို သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီးက ပြန်လည်စိစစ်

သုံးသပ်ပြီး ဥပဒေကျင့်သုံးအကောင်အထည်ဖော်မှု စိစစ်ချက်မှတ်တမ်းအစီရင်ခံစာကို ပေးပို့ရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း မေးမြန်းတဲ့မေးခွန်းဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုရှေ့နေချုပ်ရုံးအနေနဲ့ အဆိုပါ ပြဋ္ဌာန်းကာလ နှစ်နှစ်ကျော်နေပြီဖြစ်တဲ့ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး မေးခွန်းအပေါ်မှာ ပေါင်းစပ် ညှိနှိုင်းရမယ့် ပြည်ထောင်စုဝန်ကြီးဌာနအဖွဲ့အစည်းများရဲ့ဖြေကြားချက်များကို စုစည်းပြီးတော့ ဖြေကြားတင်ပြခြင်းဖြစ်ပါကြောင်း ရှေးဦးစွာတင်ပြလိုပါတယ်။ နယ်စပ်ရေးရာဝန်ကြီးဌာန၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာနများကတော့ ဥပဒေကျင့်သုံး အကောင်အထည် ဖော်မှုစိစစ်ချက်မှတ်တမ်းအစီရင်ခံစာကို လွှတ်တော်နှင့် သက်ဆိုင်ရာကော်မတီများသို့ပေးပို့နိုင်ရေး အတွက် ပြည်ထောင်စုအစိုးရအဖွဲ့က လမ်းညွှန်မှုပြုပါက တင်ပြအစီရင်ခံမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေနဲ့ကတော့ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥပဒေမှာပါတဲ့ ပုဒ်မ ၃၇ အရ ပြည်ထောင်စုလွှတ်တော်သို့ နှစ်စဉ်အစီရင်ခံစာ တင်ပြလျက်ရှိပါတယ်။ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနအနေနဲ့ကတော့ မြန်မာနိုင်ငံရင်းနှီး မြှုပ်နှံမှုဥပဒေမှာပါတဲ့ ပုဒ်မ ၂၄ ပုဒ်မခွဲ(ဆ)မှာ ပြဋ္ဌာန်းချက်နှင့်အညီ ပြည်ထောင်စုလွှတ်တော်သို့ နှစ်စဉ်အစီရင်ခံ တင်ပြလျက်ရှိပါတယ်။ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အနေနဲ့ မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်ဥပဒေနှင့်စပ်လျဉ်းပြီးတော့ ပုဒ်မ ၂၂ ပုဒ်မခွဲ(ဌ)မှာ ပါတဲ့ပြဋ္ဌာန်းချက်နှင့်အညီ လုပ်ငန်းဆောင်ရွက်မှုများကို ပြည်ထောင်စုလွှတ်တော်သို့ အစီရင်ခံတင်ပြ လျက်ရှိပါတယ်။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနကတော့ သက်ဆိုင်ရာဥပဒေအသီးသီးကို ကျင့်သုံး အကောင်အထည်ဖော်မှုစိစစ်ချက်မှတ်တမ်းကို လွှတ်တော်နှင့်သက်ဆိုင်ရာကော်မတီများသို့ ပေးပို့ သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။

နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ပြန်ကြားရေး ဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့အနေနဲ့ကတော့ လွှတ်တော်နှင့် သက်ဆိုင်တဲ့ကော်မတီများသို့ သီးခြားအစီရင်ခံတင်ပြရန်မရှိပါကြောင်း ဖြေကြား

မူကြမ်း

အပ်ပါတယ်။ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနအနေနဲ့ကတော့ အသစ်ပြဋ္ဌာန်းတဲ့ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဥပဒေဟာ နှစ်နှစ်မကျော်သေးတဲ့အကြောင်း ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်တို့အနေနဲ့ကတော့ ၎င်းတို့ကျင့်သုံးနေတဲ့ဥပဒေဟာ ပြင်ဆင်သည့်ကာလ နှစ်နှစ်မကျော်သေးတာကြောင့် တင်ပြရန်မရှိပါကြောင်း ဖြေကြားအပ်ပါတယ်။

ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂၆ ပုဒ်မခွဲ(ဂ)မှာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းတစ်ရပ်ကို ကိုယ်စားပြုတဲ့အဖွဲ့ဝင်များဟာ လွှတ်တော်ကော်မတီများက မိမိအဖွဲ့အစည်းနဲ့သက်ဆိုင်တဲ့ကိစ္စရပ်များကို မေးမြန်းလာပါက ဆောင်ရွက်မှုအခြေအနေ၊ ပြီးစီးမှုအခြေအနေနှင့် သတ်မှတ်ကာလအတွင်း မူလသတ်မှတ်ချက်အတိုင်းပြီးစီးခြင်းမရှိပါက ထိုသို့ပြီးစီးခြင်းမရှိသည့်အကြောင်းအရင်းကို ပြန်ကြားမှုရှိတဲ့အကြောင်း ပြဋ္ဌာန်းထားပါတယ်။ ပုဒ်မခွဲ(ဃ)မှာ ကော်မတီများက လုပ်ငန်းတာဝန်နှင့်ဆက်စပ်တဲ့ကိစ္စရပ်များအတွက် ဆွေးနွေးတင်ပြရန်ဖိတ်ကြားပါက လာရောက်ရှင်းလင်းဖြေကြားခွင့်ရှိကြောင်း ပြဋ္ဌာန်းထားပါတယ်။ နောက်ပြီး ကျွန်တော်တို့ ၂၀၁၂ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၅၀ ပုဒ်မခွဲ(ဂ)၊ ၂၀၁၂ ခုနှစ် အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၅၀ ပုဒ်မခွဲ(ဂ)တို့ဟာလည်းပဲ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းတစ်ရပ်ကို ကိုယ်စားပြုတဲ့အဖွဲ့အစည်းဝင်တွေဟာ လွှတ်တော်ကိုယ်စားလှယ်များက တင်သွင်းမေးမြန်းတဲ့၊ မိမိအဖွဲ့အစည်းနဲ့ပတ်သက်တဲ့မေးခွန်းတွေကို ပြန်လည်ဖြေကြားခွင့်ရှိတဲ့အပြင် အဆိုနှင့်ပတ်သက်၍လည်း ရှင်းလင်းချက်မျိုးမရှိပါ။ ပုဒ်မခွဲ(ဃ)မှာဆိုရင်လည်း လွှတ်တော်ကိုယ်စားလှယ်များက လွှတ်တော်သို့ အစီရင်ခံစာတင်သွင်းရန် မိမိအဖွဲ့အစည်းနှင့်သက်ဆိုင်သည့်ကိစ္စရပ်များကို မေးမြန်းလာပါက ဆောင်ရွက်ပြီးစီးမှုအခြေအနေ သတ်မှတ်ကာလအတွင်း မူလသတ်မှတ်ချက်အတိုင်း ပြီးစီးခြင်းမရှိပါက ပြီးစီးခြင်းမရှိသည့် အကြောင်းအရင်းကို ပြန်ကြားခွင့်ရှိကြောင်း ပြဋ္ဌာန်းထားပြီးတော့ ပုဒ်မခွဲ(င)မှာတော့ လွှတ်တော်ကော်မတီများ၊ ကော်မရှင်နှင့်အဖွဲ့များက လုပ်ငန်းတာဝန်နှင့်ဆက်စပ်သောကိစ္စများကို ဆွေးနွေးတင်ပြရန် တိုက်ရိုက်ဖြေကြားနိုင်က လာရောက်ရှင်းလင်းဖြေကြားကြမယ်လို့ ပြဋ္ဌာန်းထားပါတယ်။

ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ အစိုးရဌာနအဖွဲ့အစည်းများအနေနဲ့ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်ကြမှာဖြစ်ပါတယ်။ အဲဒီလိုဆောင်ရွက်တဲ့နေရာမှာ လုပ်ဆောင်မှုအားနည်းခြင်းကြောင့် လုပ်ငန်းအပြည့်အဝအကောင်အထည်ဖော်နိုင်ခြင်းမရှိနိုင်သလို ဥပဒေ၊ နည်းဥပဒေ စသည်တို့ရဲ့

လိုအပ်ချက်ကြောင့် အကန့်အသတ်ရှိခြင်းများလည်းပေါ်ပေါက်နိုင်တာကို တွေ့ရှိရပါတယ်။ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများအနေနဲ့ ဥပဒေ၊ နည်းဥပဒေ စသည်များနှင့်အညီ လုပ်ငန်းတာဝန်များကို ထိရောက်စွာအကောင်အထည်ဖော်နိုင်ရေးအတွက် အစဉ်သဖြင့် စိစစ်ဆောင်ရွက်ရန်လိုအပ်သလို ဥပဒေ၊ နည်းဥပဒေ စတဲ့လိုအပ်ချက်များကြောင့် လိုအပ်သည့်အကောင်အထည်ဖော်ဆောင်ရွက်တဲ့နေရာမှာ အကန့်အသတ်ဖြစ်နေပါကလည်း ဥပဒေ၊ နည်းဥပဒေများကို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်းများ ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ပြည်ထောင်စုလွှတ်တော်ရဲ့ ဥပဒေပြဋ္ဌာန်းမှုကို ကြည့်မယ်ဆိုရင် ၂၀၁၇ ခုနှစ်မှာ ပြင်ဆင်သည့် ဥပဒေပေါင်း ၁၄ ခု၊ ၂၀၁၈ ခုနှစ်မှာ ပြင်ဆင်သည့် ဥပဒေပေါင်း ၁၅ ခု၊ ၂၀၁၉ ခုနှစ်မှာ ပြင်ဆင်သည့် ဥပဒေပေါင်း ၁၂ ခုရှိတာကို တွေ့ရှိရပါတယ်။ အဲဒီလိုဥပဒေများကို ပြင်ဆင်မှုများပြုလုပ်ခြင်းဟာ ပြည်ထောင်စုဝန်ကြီးဌာနများအနေနဲ့ လုပ်ငန်းတာဝန်တွေ အကောင်အထည်ဖော်ဆောင်ရွက်တဲ့နေရာမှာ သက်ဆိုင်တဲ့ဥပဒေများနှင့်ဆက်စပ်ပြီး သုံးသပ်ဆောင်ရွက်မှုများကို ထင်ဟပ်နေပါကြောင်း လေးစားစွာတင်ပြအပ်ပါတယ်။

ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ဒါကြောင့် ဥပဒေတစ်ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနဲ့စပ်လျဉ်းပြီးတော့ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများအနေနဲ့ သက်ဆိုင်ရာဥပဒေရဲ့သဘောသဘာဝအရ သီးခြားတင်ပြရန် အတိအလင်းဖော်ပြထားတဲ့ဥပဒေပြဋ္ဌာန်းချက်အရ ပြည်ထောင်စုလွှတ်တော်သို့ အစီရင်ခံတင်ပြလျက်ရှိပါကြောင်း။ အဲဒီလိုအစီရင်ခံစာတင်ပြရန် ဥပဒေပြဋ္ဌာန်းချက်၊ ညွှန်ကြားချက်မရှိတာကြောင့် ပြည်ထောင်စုဝန်ကြီးဌာနအနေနဲ့ ဥပဒေတစ်ခုချင်းအလိုက် ကျင့်သုံးအကောင်အထည်ဖော်မှုစိစစ်ချက်မှတ်တမ်းကို လွှတ်တော်ကော်မတီများသို့ တင်ပြရန်မရှိသော်လည်းဘဲ လွှတ်တော်မှာ ကိုယ်စားလှယ်များရဲ့မေးခွန်းများကို ဖြေကြားရာတွင်လည်းကောင်း၊ အဆိုများနှင့်စပ်လျဉ်းပြီးတော့ ရှင်းလင်းရာတွင်လည်းကောင်း၊ သက်ဆိုင်ရာလွှတ်တော်ကော်မတီများတွင် ဆွေးနွေးရာတွင်လည်းကောင်း သက်ဆိုင်ရာဥပဒေများအတွက် အကောင်အထည်ဖော်ဆောင်ရွက်မှုအခြေအနေကို လိုအပ်သလို အစီရင်ခံတင်ပြလျက်ရှိပါကြောင်း လေးစားစွာတင်ပြအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ။** ။ ဒုတိယရှေ့နေချုပ် ပြန်လည်ထွက်ခွာလိုပါက ထွက်ခွာလို့ရပါပြီ။

**ယခုပြင်ဆင်ထားသည်ထက် ပိုမိုထိရောက်သော စီမံခန့်ခွဲမှုများ နိုင်ငံအနှံ့မှာ အရေးပေါ်ပြင်ဆင်နိုင်ရန်နှင့် COVID-19 ဘေးအန္တရာယ်ကျရောက်လာသည့်အခါ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများသို့ လုံလောက်သောဘဏ္ဍာငွေများ ဖြည့်ဆည်းပေးရန်နှင့် ထိုသို့ဆောင်ရွက်နိုင်ရန် COVID-19 ကနဦးရန်ပုံငွေ ကျပ်ဘီလီယံ ၁၀၀ အပြင် ပြည်ထောင်စုဘဏ္ဍာငွေ အရအသုံး ဥပဒေမူကြမ်း တင်သွင်းခြင်းဆိုင်ရာဥပဒေပုဒ်မ ၁၀၃ ပုဒ်မခွဲ(ဂ)အရ ပြည်ထောင်စုလွှတ်တော်က လက်ရှိဘဏ္ဍာရေးနှစ်အတွင်း နောက်ထပ်အရေးပေါ်ရန်ပုံငွေ သုံးစွဲခွင့်ပြုရန် အစီအစဉ်ရှိ/မရှိတို့ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ ဒဂုံမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်သက်သက်ခိုင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာဒေါ်သက်သက်ခိုင်(ဒဂုံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါရှင်။ ကျွန်မကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်သက်သက်ခိုင် ဖြစ်ပါတယ်။ ကျွန်မအနေနဲ့ ၂၀၁၉ ခုနှစ် ဒီဇင်ဘာလက တရုတ်နိုင်ငံ၊ ဝူဟန်မြို့မှာ စတင်ဖြစ်ပွားခဲ့ပြီး ကမ္ဘာတစ်ဝန်းသို့ ကူးစက်ပျံ့နှံ့လျက်ရှိတဲ့ COVID-19 ကူးစက်မြန်အဆုတ်ရောင်ရောဂါ ကာကွယ်ထိန်းချုပ်ကုသရေး အတွက် အရေးပေါ်ရန်ပုံငွေချထားခြင်းနှင့်ပတ်သက်ပြီး မေးခွန်းမေးမြန်းသွားမှာဖြစ်ပါတယ်။ ဒီမေးခွန်းကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကာလအတွင်း ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၂၅ ရက်နေ့မှာ မေးမြန်းထားခဲ့တာ ဖြစ်ပါတယ်ရှင်။ နိုင်ငံတော်အစိုးရအနေနဲ့ ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၂၇ ရက်နေ့မှာ COVID-19 စီးပွားရေးကုစားမှုအစီအစဉ် COVID-19 Economic Relief Plan(CERP)ကို ထုတ်ပြန်ကြေညာခဲ့ပြီး ၎င်းအစီအစဉ်၏ ပန်းတိုင် (၇)တွင် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွက် ခွဲဝေချထားပေးတဲ့ဘတ်ဂျက်မှ ၁၀ ရာခိုင်နှုန်းကို အရေးပေါ်ရန်ပုံငွေအပါအဝင် COVID-19 တုံ့ပြန်ဆောင်ရွက်မှုရန်ပုံငွေ သုံးစွဲနိုင်ရန် လျာထားသတ်မှတ်ခဲ့ကြောင်း သိရှိရပါတယ်။ COVID-19 ရောဂါ ကာကွယ်ထိန်းချုပ်ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီရဲ့(၂/၂၀၂၀)ဆုံးဖြတ်ချက်အရ COVID-19 ဆိုင်ရာရန်ပုံငွေအဖြစ် ကျပ်ဘီလီယံ ၁၀၀ ကို ကနဦးမတည်ရန်ပုံငွေအဖြစ် တည်ထောင်ထားပြီး အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနကလည်း အလုပ်လက်မဲ့ဖြစ်သွားကြတဲ့ အလုပ်သမားများအတွက် ကျန်းမာရေးစောင့်ရှောက်မှု ဆေးဖိုးနဲ့ခရီးစရိတ်များ တိုးမြှင့်ခံစားခွင့်ပြုခြင်း၊ အလုပ်ရှင်၊ အလုပ်သမားထည့်ဝင်ကြေးများကို အချိန်တိုးမြှင့်သတ်မှတ်ပေးခြင်း၊ ကျန်းမာရေးနှင့်လူမှုရေး

စောင့်ရှောက်မှုအာမခံစနစ်ပါ အကျိုးခံစားခွင့်များကို တိုးမြှင့်ပေးခြင်းတို့ ဆောင်ရွက်နေခြင်းအပေါ် မှာလည်း များစွာဝမ်းမြောက်ဂုဏ်ယူကြောင်း ပဏာမပြောကြားလိုပါတယ်ရှင်။

ဒုတိယဥက္ကဋ္ဌကြီးရှင်။ တစ်ဖက်မှာလည်း အိမ်နီးချင်းနိုင်ငံများမှာ ကျန်းမာရေး၊ စီးပွားရေးအရ ထိခိုက်မှုမြင့်မားလာပြီး လုပ်ငန်းများရပ်ဆိုင်းလျက်ရှိရာ မြန်မာနိုင်ငံအတွက် နိုင်ငံခြားဝင်ငွေ ရှာဖွေပေးနေတဲ့ ပြည်ပရောက်မြန်မာလုပ်သားများ အလုံးအရင်းနဲ့ပြန်လာခဲ့ကြပြီး တိုင်းပြည်အတွင်း အလုပ်လက်မဲ့ဦးရေ များပြားနေတဲ့ကာလ ဖြစ်ပါတယ်။ COVID-19 ကို တုံ့ပြန်ဆောင်ရွက်ရာမှာ ဒေသန္တရအစိုးရများနဲ့ မြူနီစီပယ်အဖွဲ့များအနေနဲ့ အားကစားပွဲများ၊ ဈေးများ၊ ဘာသာရေး ဝတ်ပြုရေးဆိုင်ရာနေရာများ၊ နယ်စပ်ဒေသများကို စီမံကြသူများဖြစ်ပြီး အသွားအလာကန့်သတ်မှု (Quarantine)အတွက် နေရာထိုင်ခင်းများစီမံခြင်း၊ ဈေးများအတွက် ခပ်ခွာခွာနေစေခြင်း၊ Social Distancing တို့အတွက် စီမံဆောင်ရွက်ခြင်း၊ နပ်စပ်ဂိတ်များ စစ်ဆေးဆောင်ရွက်ခြင်းနဲ့ ပြည်တော်ပြန် မြန်မာလုပ်သားများ နေရပ်ပြန်ရေး စီစဉ်ပေးရခြင်းတို့ကြောင့် ပုံမှန်အခြေအနေထက် ရန်ပုံငွေများ ပိုမိုလိုအပ်နေမှာဖြစ်တဲ့အတွက် ပြည်ထောင်စုအစိုးရမှ တိုင်းဒေသကြီးနှင့်ပြည်နယ် အစိုးရများသို့ လုံလောက်တဲ့ဘဏ္ဍာငွေများ ဖြည့်ဆည်းပေးရန် အစီအစဉ်ရှိ/မရှိ မေးမြန်းလိုခြင်း ဖြစ်ပါတယ်ရှင်။ သို့ဖြစ်ပါ၍ COVID-19 ဘေးအန္တရာယ်ကို တုံ့ပြန်ဖို့ ပိုမိုထိရောက်တဲ့စီမံခန့်ခွဲမှုများ နိုင်ငံအနှံ့မှာ အရေးပေါ်ပြင်ဆင်နိုင်ဖို့ တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရများသို့ လုံလောက်တဲ့ ဘဏ္ဍာငွေများ ဖြည့်ဆည်းပေးရန်နဲ့ ထိုသို့ဆောင်ရွက်နိုင်ဖို့ အထက်ဖော်ပြပါ COVID-19 ကနဦး ရန်ပုံငွေ ကျပ် ၁၀၀ ဘီလီယံအပြင် တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရများသို့ ဘဏ္ဍာငွေများ ဖြည့်ဆည်းပေးခြင်းအပါအဝင် နောက်ထပ်အရေးပေါ်ရန်ပုံငွေသုံးစွဲခြင်း အသေးစိတ်အစီအစဉ်နဲ့ အကောင်အထည်ဖော်ခြင်းတို့ကို သိရှိလို၍ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် ဤမေးခွန်းကို မေးမြန်းရခြင်း ဖြစ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ။** ။ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါ တယ်။

**ဖြေကြားချက်**

**ဦးမောင်မောင်ဝင်း(ဒုတိယဝန်ကြီး၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များအားလုံးကို မင်္ဂလာပါလို့ ဂါရဝပြု

နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း ဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်ဆိပ်ကမ်း(မြောက်ပိုင်း)မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်သက်သက်ခိုင်ရဲ့ ယခုပြင်ဆင်ထားသည့်ထက် ပိုမိုထိရောက်သော စီမံခန့်ခွဲမှုများ နိုင်ငံအနှံ့မှာ အရေးပေါ်ပြင်ဆင်နိုင်ရန်နှင့် COVID-19 ဘေးအန္တရာယ်ကျရောက်လာတဲ့အခါ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများသို့ လုံလောက်သောဘဏ္ဍာငွေများ ဖြည့်ဆည်းပေးရန် အစီအစဉ်ရှိ/မရှိနှင့် ထိုသို့ဆောင်ရွက်နိုင်ရန် COVID-19 ကနဦးရန်ပုံငွေ ကျပ်ဘီလီယံ ၁၀၀ အပြင် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအရအသုံးဥပဒေမူကြမ်းတင်သွင်းခြင်းဆိုင်ရာ ဥပဒေ ပုဒ်မ ၁၀၃ ပုဒ်မခွဲ(ဂ)အရ ပြည်ထောင်စုလွှတ်တော်က လက်ရှိဘဏ္ဍာရေးနှစ်အတွင်း နောက်ထပ်အရေးပေါ်ရန်ပုံငွေ သုံးစွဲခွင့်ပြုရန် အစီအစဉ်ရှိ/မရှိ သိရှိလိုခြင်းမေးခွန်းကို ပြန်လည်ရှင်းလင်းဖြေကြားမှာဖြစ်ပါတယ်။ ပြည့်ပြည့်စုံစုံဖြေကြားနိုင်ရန်အတွက် သတ်မှတ်ချိန်ထက် အနည်းငယ် ပိုမိုခွင့်ပြုပါရန် ခွင့်တောင်းခံအပ်ပါတယ်။

ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်မှာ ကမ္ဘာအနှံ့ဖြစ်ပွားနေတဲ့ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ(COVID-19)ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် အမျိုးသားအဆင့်ဗဟိုကော်မတီ၊ Coronavirus Disease 2019(COVID-19)ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ၊ Coronavirus Disease 2019(COVID-19)ကြောင့် ဖြစ်ပေါ်လာနိုင်တဲ့ စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီ စတဲ့ကော်မတီတွေကို ဖွဲ့စည်းပြီးတော့ စီမံခန့်ခွဲဆောင်ရွက်လျက်ရှိပါတယ်။ တိုင်းဒေသကြီး/ပြည်နယ်အသီးသီးမှာလည်းပဲ တိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီးချုပ်များ ဦးဆောင်ပြီးတော့ COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်အဆင့်ကော်မတီများကိုလည်းပဲ ဖွဲ့စည်းတာဝန်ပေးအပ်ထားပါတယ်။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရဲ့ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေမှာ ပါဝင်တဲ့ အရေးပေါ်ရန်ပုံငွေကို စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာနမှာ ကျပ် ၅၀ ဘီလီယံ လျာထားပါတယ်။ ဒါကတော့ ပြည်ထောင်စုတစ်ခုလုံးအတွက် ဖြစ်ပါတယ်။ နောက် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများနှင့် ဝန်ကြီးဌာနများမှာတော့ ခွဲဝေပြီးတော့ ကျပ် ၃၆ ဘီလီယံ လျာထားပါတယ်။ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့တွေဆီမှာတော့ ကျပ်တစ်ဘီလီယံစီနဲ့ ကျပ် ၁၄ ဘီလီယံ စုစုပေါင်း ကျပ် ၁၀၀ ဘီလီယံကို ကျွန်တော်တို့ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှာ ယခင်နှစ်တွေနဲ့မတူဘဲနဲ့ ခွဲဝေပြီးတော့ လျာထားပါတယ်။ ဒီအရေးပေါ်ရန်ပုံငွေနဲ့ပတ်သက်ပြီးတော့ ဥပဒေမှာ ပြဋ္ဌာန်းထားတဲ့ ပြဋ္ဌာန်းချက်များနှင့်အညီ သုံးစွဲနိုင်မှာဖြစ်ပြီးတော့ သုံးစွဲမယ့်ကိစ္စကို ပြည်ထောင်စု

အစိုးရအဖွဲ့ရုံးကနေပြီးတော့ ၇-၁၀-၂၀၁၉ ရက်စွဲပါစာအမှတ်နဲ့ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့အားလုံးထံကို ညွှန်ကြားထားရှိပါတယ်။ COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီရဲ့ အတည်ပြုချက်နဲ့ COVID-19 ကြောင့် ဖြစ်ပေါ်လာနိုင်တဲ့ စီးပွားရေးသက်ရောက်မှုများအပေါ်မှာ ကုစားရေးလုပ်ငန်းကော်မတီက စီမံကြီးကြပ်တဲ့ COVID-19 Fund ရန်ပုံငွေတစ်ရပ်ကို ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေရဲ့ လှည့်ပတ်ရန်ပုံငွေ(Revolving Fund)ကနေပြီးတော့ ကျပ် ၅၀ ဘီလီယံ၊ လူမှုဖူလုံရေးရန်ပုံငွေက ကျပ် ၅၀ ဘီလီယံ စုပေါင်းပြီးတော့မှ ၁၀၀ ဘီလီယံဖြင့် ၃၀-၃-၂၀၂၀ ရက်နေ့မှာ စတင်ပြီးတော့ ထူထောင်ထားပါတယ်။ ဒီရန်ပုံငွေထဲကနေပြီးတော့ COVID-19 ကြောင့် စီးပွားရေးထိခိုက်မှုအများဆုံးခံစားခဲ့ရတဲ့ မြန်မာနိုင်ငံသားပိုင် အထည်ချုပ်လုပ်ငန်း(CMP)များ၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းများ၊ အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းများကို အတိုးနှုန်းတစ်ရာခိုင်နှုန်း၊ ချေးငွေကာလတစ်နှစ်သတ်မှတ်ပြီးတော့ စိစစ်ထုတ်ချေးပေးလျက်ရှိပါတယ်။ ၂၇-၅-၂၀၂၀ ရက်နေ့အထိ လုပ်ငန်းရှင် ၇၂၆ ဦးကို ရန်ပုံငွေ ကျပ် ၂၈.၉ ဘီလီယံ ထုတ်ချေးပေးပြီး ဖြစ်ပါတယ်။ COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများမှာ ပြည်ထောင်စုဝန်ကြီးဌာနများက ရန်ပုံငွေလွှဲပြောင်းသုံးစွဲနိုင်ရန်အတွက် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနသို့ တင်ပြညှိနှိုင်းလာမှုများကိုလည်းပဲ ခွင့်ပြုပေးခဲ့ရာမှာ ၂၉-၄-၂၀၂၀ ရက်နေ့ အထိ ခွင့်ပြုပြီးတဲ့ငွေဟာ ကျပ် ၁၀၁.၆၄၈ ဘီလီယံ ဖြစ်ပါတယ်။

ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုဝန်ကြီးဌာနအသီးသီးရဲ့ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မူလခန့်မှန်းခြေအသုံးစရိတ်ရဲ့ ၁၀ ရာခိုင်နှုန်းအတွင်း ရန်ပုံငွေလွှဲပြောင်းသုံးစွဲနိုင်ရေးနှင့် အရေးတကြီးမလိုအပ်သေးတဲ့အသုံးစရိတ်များကို အထွေထွေပိုလျှံရန်ပုံငွေ GRF ကို ပြန်လည်အပ်နှံစေပြီးတော့ COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ အသုံးစရိတ်များ သုံးစွဲရန်လိုနေတဲ့ ဝန်ကြီးဌာနတွေ၊ နိုင်ငံတော်ရဲ့ စီးပွားရေးဆင့်ပွားအကျိုးသက်ရောက်မှု(Multiplier Effect)များပြား နိုင်တဲ့ လုပ်ငန်းများမှာ ပြန်လည်သုံးစွဲနိုင်ဖို့အတွက် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနက ညှိနှိုင်းဆောင်ရွက်ပေးဖို့ နိုင်ငံတော်သမ္မတရုံးက ခွင့်ပြုထားပြီးဖြစ်ပါတယ်။ ဝန်ကြီးဌာနများက GRF ကို ပြန်လည်အပ်နှံထားတဲ့ငွေ ကျပ် ၁၃၅၇ ဘီလီယံ ရှိပါတယ်။ ဒီအစီအစဉ်အောက်က အမျိုးသားအဆင့်ဗဟိုကော်မတီရဲ့ လမ်းညွှန်မှုနဲ့ ပုံမှန်ဝင်ငွေမရှိတဲ့ အခြေခံလူတန်းစား အိမ်ထောင်စုများကို ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ကြက်သွန် အခြေခံစားကုန်ငါးမျိုးအတွက် ထောက်ပံ့ပေးခဲ့ရာမှာ တိုင်းဒေသကြီး/ပြည်နယ်များအလိုက် ၂၇-၅-၂၀၂၀ ရက်နေ့အထိ ထောက်ပံ့ပေးပြီးတဲ့ငွေဟာ ကျပ် ၄၉.၄ ဘီလီယံ

ဖြစ်ပါတယ်။ ဆက်လက်ပြီးတော့လည်း ထောက်ပံ့ပေးသွားဖို့ အစီအစဉ်ရှိပါတယ်။ အဆိုပါ ဆောင်ရွက်မှုဟာ မြန်မာနိုင်ငံမှာ ပထမဦးဆုံး ဆောင်ရွက်ခြင်းဖြစ်တယ်လို့လည်း သိရှိရပါတယ်။ ထို့ပြင် အရန်ရိက္ခာအဖြစ် ဆန်တန်ချိန် ၅၀၀၀၀၊ ဆီတန်ချိန် ၁၂၀၀၀ ဝယ်ယူထားဖို့လည်း ဆောင်ရွက်နေပါတယ်။ ယခုအခါမှာ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရဲ့ နောက်ထပ် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းခဲ့ပြီးဖြစ်ပါတယ်။ ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့ထားပြီးဖြစ်ပါတယ်။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနကို နောက်ထပ်ခွင့်ပြုတဲ့ သုံးငွေက ဒီထဲမှာ ကျပ် ၉၄.၃၆၇ ဘီလီယံ ပါပါတယ်။

COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီရဲ့ အတည်ပြု ချက်နဲ့ ပြည်တွင်းပြည်ပ အလှူရှင်တွေ လှူဒါန်းနိုင်ဖို့ နိုင်ငံခြားငွေစာရင်း၊ ကျပ်ငွေစာရင်းတွေကို မြန်မာ့စီးပွားရေးဘဏ်၊ ကမ္ဘောဇဘဏ်၊ ရောဝတီဘဏ်နဲ့ CB ဘဏ်တွေမှာ ဖွင့်လှစ်ထားရှိပါတယ်။ ဒီအလှူငွေတွေထဲကလည်း သက်ဆိုင်ရာဝန်ကြီးဌာနများက သုံးစွဲလျက်ရှိပါတယ်။ COVID-19 ကိစ္စ အတွက် နိုင်ငံတကာအဖွဲ့အစည်းများထံက အတိုးနှုန်းသက်သာတဲ့ ချေးငွေများရရှိနိုင်ဖို့လည်း ညှိနှိုင်းဆွေးနွေးမှုတွေ ပြုလုပ်ပြီးတော့ ရယူခဲ့ရာမှာ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့(IMF) မှ USD ၇၀၀ သန်း၊ ကမ္ဘာ့ဘဏ်ထံမှ USD ၅၀ သန်း၊ အာရှဖွံ့ဖြိုးရေးဘဏ်ထံမှ USD ၃၀ သန်း၊ JICA ထံမှ ဂျပန်ယန်း ၃၀ ဘီလီယံတို့ကို ရယူမှာဖြစ်ပါတယ်။ IMF ချေးငွေရယူပြီးတဲ့အခါမှာ G-20 နိုင်ငံများရဲ့ ကြွေးမြီရွှေ့ဆိုင်းခွင့် ၂၀၂၀ ပြည့်နှစ် နှစ်ကုန်ထိကိုလည်း ရရှိနိုင်မှာဖြစ်တဲ့အတွက် ၎င်း ထဲကလည်းပဲ အမေရိကန်ဒေါ်လာ ၄၆၀ သန်းလောက် ကျွန်တော်တို့ သုံးစွဲနိုင်မှာဖြစ်ပါတယ်။ COVID-19 အတွက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ကမ္ဘာ့ဘဏ်ချေးငွေနှင့် ချေးငွေတို့ဖြင့် ဆောင်ရွက်လျက်ရှိတဲ့ လက်ရှိစီမံကိန်းတွေထဲကနေပြီးတော့ လွှဲပြောင်းသုံးတာကတော့ အမေရိကန် ဒေါ်လာ ၁၁ သန်း ရှိပါတယ်။ ကမ္ဘာ့ဘဏ်ချေးငွေနဲ့ ဆောင်ရွက်နေတဲ့ စီမံကိန်းရှစ်ခုရှိပြီးတော့ အဲဒီ ရှစ်ခုထဲကနေပြီးတော့ လွှဲပြောင်းသုံးစွဲမယ်ဆိုလို့ရှိရင် ကျွန်တော်တို့ အမေရိကန်ဒေါ်လာ ၄၆၀ သန်း အထိ လွှဲပြောင်းသုံးစွဲနိုင်တာ တွေ့ရပါတယ်။ COVID-19 ကြောင့် စီးပွားရေးနှင့် လူမှုရေးထိခိုက်မှု များကို ကုစားနိုင်ဖို့အတွက် နိုင်ငံတော်အစိုးရအနေနဲ့ COVID-19 Economic Relief Plan ကို ၂၇-၄-၂၀၂၀ ရက်နေ့က ထုတ်ပြန်ထားပြီးဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး၊ စီးပွားရေး၊ လူမှုရေးသက်ရောက်မှုများအပေါ်မှာ ကုစားရေးနှင့်တုံ့ပြန်ဆောင်ရွက်ရေး အစီအစဉ်များကို အကောင်းဆုံးဖြစ်အောင် စီမံခန့်ခွဲဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် လိုအပ်တဲ့ ဘဏ္ဍာငွေအရင်းအမြစ်များကို စီမံထားပါကြောင်း၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှာ

အရေးပေါ်ရန်ပုံငွေကိုတော့ တိုးမြှင့်ရန် အစီအစဉ်မရှိပါကြောင်း ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ။ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ပြန်လည် ထွက်ခွာနိုင်ပါပြီ။

**မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ မစိုးရိမ်ကံတက်ကုန်း ဘုန်းတော်ကြီးသင်ပညာရေး ကျောင်းကို မူလတန်းအဆင့်မှ အလယ်တန်းအဆင့်သို့ တိုးမြှင့်ပေးရန်အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်း သည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ မဟာအောင်မြေမဲဆန္ဒနယ်မှ ဦးငြိမ်းသစ်(ခ)ဦးသောင်းထွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးငြိမ်းသစ်(ခ)ဦးသောင်းထွန်း(မဟာအောင်မြေမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့် တက်ရောက်လာသူများအားလုံး ကျက်သရေမင်္ဂလာအပေါင်းနှင့် ခညောင်းပြည့်စုံကြပါစေ။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးငြိမ်းသစ် ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းမယ့်မေးခွန်းကတော့ မန္တလေး မစိုးရိမ်ကံတက်ကုန်းဘုန်းတော်ကြီးသင်ပညာရေးသင်ကျောင်းအား မူလတန်းအဆင့် ကနေပြီးတော့ အလယ်တန်းအဆင့်တိုးမြှင့်ပေးဖို့ အစီအစဉ်ရှိ/မရှိ မေးခွန်းဖြစ်ပါတယ်ခင်ဗျား။

ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ မန္တလေး မစိုးရိမ်ကံတက်ကုန်းဘုန်းတော်ကြီး သင်ပညာရေးကျောင်းဟာဆိုလို့ရှိရင် ပညာရေး၊ ဘာသာရေးနှင့် ပရဟိတလုပ်ငန်းတွေ စွမ်းစွမ်းတမံ ဆောင်ရွက်မှုတွေကြောင့် ထင်ရှားတဲ့ကျောင်းတစ်ကျောင်း ဖြစ်ပါတယ်။ မစိုးရိမ်ကံတက်ကုန်း ဘုန်းတော်ကြီးသင်ပညာရေးကျောင်းဟာ ၂၀၀၀ ပြည့်နှစ်၊ စက်တင်ဘာလ ၂၈ ရက်နေ့မှာ ဆရာဆရာမ ရှစ်ဦး၊ ကျောင်းသူကျောင်းသား ၃၄၂ ဦးနှင့် မူလတန်းကျောင်းကို စတင်ဖွင့်လှစ်ခဲ့တာ ဖြစ်ပါတယ်။ ၂၀၀၅-၂၀၀၆ ခုနှစ်မှာကျတော့ မူလတန်းလွန်အဆင့်ကို တိုးမြှင့်ရရှိခဲ့ပါတယ်။ ၂၀၁၆-၂၀၁၇ ခုနှစ်မှာ ဆရာဆရာမပေါင်း ၄၅ ဦး၊ ကျောင်းသားပေါင်း ၂၀၅၇ ဦးအထိ ပညာသင်ကြားလျက်ရှိပါတယ်။ ဒီနေရာမှာ Power Point သုံးစွဲခွင့်ပြုပါခင်ဗျား။ မစိုးရိမ်ကံတက်ကုန်းကျောင်းမှာ တက်ရောက် လာတဲ့ ကျောင်းသားအများစုဟာ ဆင်းရဲနွမ်းပါးတဲ့မိသားစုများ၊ တောင်ပေါ်ဒေသက တိုင်းရင်းသား များနှင့် စစ်မက်ဖြစ်ပွားရာ ပဋိပက္ခဒေသက ကလေးငယ်တွေ ဖြစ်ပါတယ်။ ကျောင်းသား ၆၀၀ ဦး လောက်ကိုတော့ ဘုန်းတော်ကြီးကနေပြီးတော့ အစားအသောက်၊ အဝတ်အစားနဲ့ ကျန်းမာရေးပါ

တာဝန်ယူစောင့်ရှောက်နေတာ ဖြစ်ပါတယ်။ ဒါကတော့ ကျောင်းရဲ့အခြေခံအချက်အလက်တွေကို ဖြည့်စွက်ထားတာ ဖြစ်ပါတယ်။ ဒါကတော့ မြို့နယ်ပညာရေးမှူးနဲ့ မြို့နယ်သံဃမဟာနာယကရဲ့ ထောက်ခံချက်တွေ ဖြစ်ပါတယ်။ ဒါက တိုင်းဒေသကြီးရဲ့သာသနာရေးမှူး ထောက်ခံချက်နဲ့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်ကနေပြီးတော့ အလယ်တန်းအဆင့်ကို တိုးမြှင့်ပေးဖို့ ထောက်ခံတင်ပြထားတာဖြစ်ပါတယ်။ ဒီ ဘုန်းတော်ကြီးသင်ကျောင်းဟာဆိုလို့ရှိရင် ကွန်ပျူတာခန်း၊ လက်တွေ့ခန်းနှင့် အားကစားခန်းမလည်းရှိတယ်။ စာကြည့်ခန်းလည်းပဲရှိတယ်။ စာသင်ခန်းပေါင်းဆိုရင် ၃၉ ခန်းအထိ ရှိပါတယ်။

ကလေးတွေကို ကျောင်းပညာရေးအပြင် ယဉ်ကျေးလိမ္မာသင်တန်းနှင့် ပြည်သူ့နီတိ သင်တန်းတွေပေးပါတယ်။ တရုတ်ဘာသာစကား၊ အင်္ဂလိပ်ဘာသာစကားနဲ့ တိုင်းရင်းသားဘာသာ စကားတွေလည်း သင်ကြားပေးပါတယ်။ အဲဒီက ကလေးအများစုဟာဆိုလို့ရှိရင် တရုတ်ဘာသာ စကားနှင့် အင်္ဂလိပ်ဘာသာစကားကို ကျွမ်းကျွမ်းကျင်ကျင်ပြောနိုင်တာကို တွေ့ရပါတယ်။ စာပေ၊ ပန်းချီ၊ ဂီတနှင့် အနုပညာဘာသာရပ်တွေကိုလည်း သင်ကြားပေးတာ တွေ့ရပါတယ်။ ကလေးတွေရဲ့ အသိပညာဖွံ့ဖြိုးတိုးတက်ဖို့အတွက် နှစ်စဉ်စာပေဟောပြောပွဲတွေ ကျင်းပနေတာတွေ့ပါတယ်။ ကလေးတွေဟာ ငွေကြေးမပြည့်စုံသော်လည်းပဲ ပညာရေးလိုလားတဲ့သူတွေဖြစ်ပါတယ်။ ဘုန်းတော်ကြီးကလည်းပဲ ကလေးတွေကို ပျော်ရွှင်အောင် စနစ်တကျပြုစုစောင့်ရှောက်ပြီးတော့မှ ပညာသင်ကြားပေးနေတာ ဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရကလည်း ပညာရေးကို အထူးအားပေး မြှင့်တင်နေတဲ့အချိန်ကာလဖြစ်ပါတယ်။ ဒါကြောင့် ပညာလိုလားတဲ့ကလေးတွေရဲ့ စိတ်ဓာတ် ခွန်အားကို ထောက်ထားသောအားဖြင့် အလယ်အတန်းအဆင့်တိုးမြှင့်ပေးဖို့ အစီအစဉ်ရှိ/မရှိကို လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးလေးစားစားမေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကြည်မင်း(ဒုတိယဝန်ကြီး၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန)**။ ။ လေးစား အပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါ လို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမဲဆန္ဒနယ် ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးငြိမ်းသစ်(ခ)ဦးသောင်းထွန်းရဲ့ ကြယ်ပွင့်ပြမေးခွန်းနှင့်စပ်လျဉ်း၍

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ကျွန်တော် ဦးကြည်မင်းက ဖြေကြား ရှင်းလင်းသွားမှာ ဖြစ်ပါတယ်။ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာတော်ထွန်းကား ပြန့်ပွားရေးဦးစီးဌာနအနေနဲ့ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း မူလတန်းအဆင့်အသစ်ခွင့်ပြု ခြင်းနှင့် မူလတန်းလွန်အဆင့် တိုးမြှင့်ခွင့်ပြုခြင်းတို့ကိုသာ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ အလယ်တန်းအဆင့်၊ အထက်တန်းအဆင့် ဖွင့်လှစ်ခွင့်ပြုခြင်းတို့ကို ပညာရေးဝန်ကြီးဌာနနှင့် ညှိနှိုင်း ဆောင်ရွက်လျက်ရှိပါတယ်။

၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့သော အခြေခံပညာရေးဥပဒေ ပုဒ်မ ၇ ပုဒ်မခွဲ(င)အရ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများကို အခြေခံပညာရေးအဆင့်နှင့် အတန်းများ ပါရှိသော ကျောင်းအမျိုးအစားများအဖြစ် သတ်မှတ်ပြဋ္ဌာန်းထားပါသဖြင့် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများသည်လည်း အခြေခံပညာရေးဥပဒေတွင် အကျုံးဝင်လျက်ရှိပါတယ်။ ယင်း ဥပဒေပုဒ်မ ၁၁ ပုဒ်မခွဲ(ခ)အရ အခြေခံပညာကျောင်းများဖွင့်လှစ်ခြင်း၊ ပိတ်သိမ်းခြင်း၊ အဆင့်တိုးမြှင့် ခြင်းနှင့် အဆင့်လျှော့ချခြင်းတို့ကို အမျိုးသားပညာရေးမူဝါဒကော်မရှင်၏မူဝါဒနှင့်အညီ အခြေခံ ပညာရေးကောင်စီက ကြပ်မတ်ဆောင်ရွက်ရမယ့်ကိစ္စဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ လက်ရှိအခြေအနေတွင် အဆိုပါမစိုးရိမ်ကံတက်ကုန်းဘုန်းတော်ကြီးသင်ပညာရေးကျောင်းကို ဤဝန်ကြီးဌာန၊ သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာနအနေဖြင့် မူလတန်းအဆင့်မှ အလယ်တန်းအဆင့်သို့ တိုးမြှင့်ပေး နိုင်သည့် အစီအစဉ်မရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ကနီမြို့နယ် အလောင်းတော်ကဿပဂေါပကဖွဲ့စည်းရာတွင် ကနီမြို့နယ် သံဃနာယကအဖွဲ့၏ သဘောထားထုတ်ပြန်ချက်ပါအတိုင်း ဖွဲ့စည်းပေးနိုင်ခြင်း ရှိ/မရှိနှင့် နယ်မြေခံ သံဃနာယကအဖွဲ့က လက်ခံနိုင်သော ဂေါပကဖွဲ့စည်းပုံ စည်းမျဉ်းစည်းကမ်းများအား တိုင်းဒေသကြီးအစိုးရမှ ကြီးကြပ် ရေးဆွဲ၍ အတည်ပြုထုတ်ပြန်နိုင်ရန် ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိ သိလိုခြင်းတို့နှင့် စပ်လျဉ်းသည့် မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ ကနီမဲဆန္ဒနယ်မှ ဦးထွန်းထွန်းနိုင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးထွန်းထွန်းနိုင်(ကနီမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါတဲ့ လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် တကွ အားလုံးပဲမင်္ဂလာပါ။ ကျွန်တော်ကတော့ ကနီမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းနိုင်ဖြစ်ပါတယ်။ ကျွန်တော်ျအနေနဲ့ ကနီမြို့နယ် အလောင်းတော်ကဿပဂေါပက ဖွဲ့စည်းပုံစည်းမျဉ်းများနဲ့စပ်လျဉ်းပြီး မေးခွန်းမေးမြန်းသွားမှာဖြစ်ပါတယ်။ ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။

ဗုဒ္ဓဘာသာဘုရားစေတီများရှိ ဂေါပကအဖွဲ့များနဲ့စပ်လျဉ်းပြီးတော့ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့က ညွှန်ကြားလွှာအမှတ်(၃၆)ကိုထုတ်ပြန်၍ ဂေါပကအဖွဲ့များစနစ်တကျဖွဲ့စည်းထားရှိရေး အဆင့်ဆင့်လမ်းညွှန်ထားပါတယ်။ ညွှန်ကြားလွှာအရ သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများက ကြီးကြပ်၍ ဂေါပကအဖွဲ့များဖွဲ့စည်းထားရှိပြီး ထိုဂေါပကအနေဖြင့် ဘုရားစေတီများတွင် ဆက်လက် ဆောင်ရွက်စေခြင်း၊ အစဉ်အလာအရဖွဲ့စည်းမှုရှိပြီးဖြစ်သော်လည်း စနစ်တကျရှိစေရေး ပြင်ဆင် ဆောင်ရွက်ခြင်းနှင့် ပုဂ္ဂိုလ်တစ်စုက အကျိုးစီးပွားနှင့်ဆက်စပ်ဆောင်ရွက်နေသော ဘုရားစေတီများ ရှိပါက ထိုအဖွဲ့အစည်းများကိုဖယ်ရှား၍ အများနှင့်ဆိုင်တဲ့ဂေါပကအဖွဲ့များ စနစ်တကျအစားထိုး ဖွဲ့စည်းထားရှိစေခြင်းတို့ ဖြစ်ပါတယ်။ အလောင်းတော်ကဿပ ဂေါပကအဖွဲ့နဲ့ပတ်သက်ပြီးတော့ ပြည်ထဲရေးနှင့်သာသနာရေးဝန်ကြီးဌာနကနေပြီးတော့ ၁၉၆၃ ခုနှစ်၊ အများနဲ့သက်ဆိုင်သောပစ္စည်း များကာကွယ်စောင့်ရှောက်ရေးဥပဒေပုဒ်မ ၂ ပုဒ်မခွဲ(ဃ)ဖြင့် အပ်နှင်းထားသောအာဏာကိုသုံးစွဲ လျက် အများနဲ့သက်ဆိုင်သောပစ္စည်းများတွင် အကျုံးဝင်သည့် ပုဒ်မခွဲ ၄ ပါ အခြားအဖွဲ့အစည်း တစ်ခုခုတွင်ပါဝင်ကြောင်း ၂၅-၂-၁၉၉၂ ရက်စွဲဖြင့်ကြော်ငြာစာအမှတ် ထုတ်ပြန်ထားရှိပြီးဖြစ် ကြောင်းလည်း သိရှိရပါတယ်။ ပြည်သူ့လွှတ်တော် (၁၄)ကြိမ်မြောက်အစည်းအဝေးကာလအတွင်း ယင်းမာပင်ကိုယ်စားလှယ် ဦးအောင်စိုးမှ အလောင်းတော်ကဿပဂေါပကအဖွဲ့၏ ရသုံးငွေကြေး ပြဿနာများနှင့် ဂေါပကအဖွဲ့သစ်စနစ်တကျဖွဲ့စည်းပေးရန်ကိစ္စတို့ကိုမေးမြန်းခဲ့ရာ သက်ဆိုင်ရာ ဝန်ကြီးက ပြန်လည်ဖြေကြားထားရာမှာ ဘုရားဘဏ္ဍာငွေများအလွဲသုံးစားပြုလုပ်ကြောင်းပေါ်ပေါက် ပါက အများနှင့်သက်ဆိုင်သောပစ္စည်းများကာကွယ်စောင့်ရှောက်ရေးဥပဒေပုဒ်မ ၃ ဖြင့်အရေးယူ နိုင်ရေး စစ်ကိုင်းတိုင်းဒေသကြီးအစိုးရက စီမံဆောင်ရွက်ရမည်ဖြစ်ကြောင်းနှင့် ငွေကြေးကိုင်တွယ် သုံးစွဲသူတာဝန်ရှိပုဂ္ဂိုလ်များအား ငွေကြေးကွာခြားချက်များအပေါ် ပြေလည်သည်အထိတာဝန်ခံ ဖြေရှင်းရန်နှင့် ဖြေရှင်းနိုင်ခြင်းမရှိပါက ဥပဒေနှင့်အညီအရေးယူရန်စီမံဆောင်ရွက်လျက်ရှိကြောင်း ကို သိရှိရပါကြောင်းဖြေကြားထားရာ တိုင်းဒေသကြီးအစိုးရအနေဖြင့် အလွဲသုံးစားမှုများ ပေါ်ပေါက် ခဲ့မှုအပေါ် အများနှင့်သက်ဆိုင်သောပစ္စည်းများကာကွယ်စောင့်ရှောက်ရေးဥပဒေပုဒ်မ ၃ ဖြင့် အရေးယူနိုင်ရေး မဆောင်ရွက်ဘဲ နာမည်ဆိုးဖြင့်ကျော်ကြားတဲ့ဂေါပကအဖွဲ့ပေါ်မှာ တိုင်ကြားသူ ပေါ်လာမှ စစ်ဆေးပေါ်ပေါက်သည့် ငွေကြေးကွာဟမှုကိုသာ ပြစ်မှုကျူးလွန်သူများကို ငွေကြေး ပြန်လည်ပေးသွင်းစေခဲ့ပါတယ်။

ကိစ္စများနဲ့ပတ်သက်ပြီးတော့ ကနီမြို့နယ်သံဃနာယကအဖွဲ့က ၇-၁-၂၀၁၉ ရက်စွဲဖြင့် သဘောထားထုတ်ပြန်ချက်တစ်ခုထုတ်ပြန်ခဲ့ရာမှာ ၂၀၁၉-၂၀၂၀ ရာသီ အလောင်းတော်ကဿပ ဂေါပကဖွဲ့စည်းရာတွင် မန္တလေးတိုင်းသံဃနာယကအဖွဲ့ အကျိုးတော်ဆောင်ဆရာတော်ကြီးတစ်ပါး က ရေးဆွဲသည့်ဂေါပကစည်းမျဉ်းဖြင့် သုံးမြို့နယ်ဂေါပကဖွဲ့စည်းခဲ့မှုအပေါ်ကန့်ကွက်ကြောင်း ကနီမြို့နယ်အတွင်း အထင်ရှားတည်ရှိသည့် အလောင်းတော်ကဿပဘုရားအား လေးမြို့နယ်ပိုင်ဟု သတ်မှတ်ကာ ရသမျှအလှူတော်ဘဏ္ဍာငွေများကို နယ်မြေခံအဖွဲ့အစည်းများအားအသိမပေးဘဲ သုံးစွဲနေကြကြောင်း ယခင် ၁၅ နှစ်ကျော်ကာလက ငွေစုဘဏ်မှာ လက်ကျန်ငွေ ကျပ်သိန်း ၃၀၀၀ ခန့်သာရှိခဲ့သော်လည်း ၂၀၁၆-၂၀၁၇ ရာသီတွင် နယ်မြေခံသံဃနာယကအဖွဲ့ကဦးစီး၍ ကနီမြို့နယ်ဂေါပကအဖွဲ့မှ ဥက္ကဋ္ဌတာဝန်ပေးဆောင်ရွက်ခဲ့ရာမှာ ကျပ်သိန်း ၆၅၀၀ ကျော်အထိ တစ်နှစ်ထဲမှာပင် ထည့်သွင်းနိုင်ခဲ့သည့်အပြင် လမ်းတံတားအဆောင်အဦတို့ကိုလည်း တည်ဆောက်နိုင်ခဲ့ကြောင်း ယခုဂေါပကဖွဲ့ရာတွင် နယ်မြေခံသံဃနာယကအဖွဲ့က သဘောမတူပါဝင်ခြင်းမရှိသော်လည်း ကျန်သုံးမြို့နယ်ဖြင့်ဖွဲ့စည်းခဲ့ကြောင်း၊ လေးမြို့နယ်ဂေါပကဖြင့် ဖွဲ့စည်းဆောင်ရွက်ခဲ့၍ ဘဏ္ဍာငွေများ စည်းကမ်းမဲ့သုံးစွဲခဲ့မှုများ၊ ဖွဲ့စည်းပုံအရလုပ်ပိုင်ခွင့်များအပေါ်လည်း ဂိုဏ်းကဏ္ဍဖွဲ့၍ မလေးစားမှုများကြောင့် သက်ဆိုင်ရာမြို့နယ်အဖွဲ့အစည်းဖြင့်သာ စီမံခန့်ခွဲပိုင်ခွင့်အပြည့်အဝရရှိရမည်ဖြစ်ကြောင်းတို့ကို ကနီမြို့နယ်သံဃနာယကကနေပြီးတော့ သဘောထားထုတ်ပြန်ကန့်ကွက်ခြင်း၊ သက်ဆိုင်ရာပုဂ္ဂိုလ်/အဖွဲ့အစည်းများအပေါ် လမ်းညွှန်ဩဝါဒများ ပေးခဲ့ပြီးဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ကျွန်တော်မေးမြန်းလိုတဲ့မေးခွန်းကတော့ ကနီမြို့နယ် အလောင်းတော်ကဿပဂေါပကဖွဲ့စည်းရာတွင် ကနီမြို့နယ်သံဃနာယကအဖွဲ့၏ သဘောထားထုတ်ပြန်ချက်ပါအတိုင်း ဖွဲ့စည်းပေးနိုင်ခြင်းရှိ/မရှိနှင့် နယ်မြေခံသံဃနာယကအဖွဲ့ကလက်ခံနိုင်သော ဂေါပကဖွဲ့စည်းပုံ စည်းမျဉ်းစည်းကမ်းများအား တိုင်းဒေသကြီးအစိုးရမှကြီးကြပ်ရေးဆွဲအတည်ပြုထုတ်ပြန်နိုင်ရေးတို့ကို ဆောင်ရွက်ပေးနိုင်ရေးရှိ/မရှိကို သိရှိလိုပါသဖြင့် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ။** ။ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကြည်မင်း(ဒုတိယဝန်ကြီး၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန)။** ။ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး၊

ကနီမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းနိုင်ရဲ့ ကြယ်ပွင့်ပြမေးခွန်းနဲ့ စပ်လျဉ်း၍ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ဖြေကြားချက်ကို ကျွန်တော် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကြည်မင်းက ကိုယ်စားရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းရှိ ဗုဒ္ဓဘာသာဝင်များ ယုံကြည်ကိုးကွယ်ရာဖြစ်သော အလောင်းတော်ကဿပရုပ်ပွားတော်မြတ်ကြီးသည် စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်ခရိုင်၊ ကနီမြို့နယ်၌တည်ရှိပြီး ယင်းမာပင်၊ ဆားလင်းကြီး၊ ပုလဲမြို့နယ်တို့ရှိ ကားလမ်းများမှသွားရောက် ဖူးမြော်ရသည့်အလောင်းတော်ကဿပရုပ်ပွားတော်မြတ်ကြီးဖြစ်ပါသည်။ တစ်နှစ်လျှင် ပွင့်လင်းရာသီ ဖြစ်သော နှစ်စဉ် ဒီဇင်ဘာလ(စတုတ္ထပတ်)မှ ဧပြီလ(စတုတ္ထပတ်)အထိ လေးလသာ ဂေါပကအဖွဲ့ များက ဆောင်ရွက်ကြရပါသည်။ အလောင်းတော်ကဿပရုပ်ပွားတော်မြတ်ကြီးနှင့် အလောင်းတော် ကဿပရင်ပြင်တော်ရှိစေတီတော်များ၊ သာသနိကအဆောက်အဦများ၊ စေတနာထက်သန်စွာ လှူဒါန်းထားကြသည့်ပစ္စည်းများ၊ ဘဏ္ဍာငွေများကို ယင်းမာပင်၊ ကနီ၊ ဆားလင်းကြီးမြို့နယ်နှင့် ပုလဲ မြို့နယ်သံဃနာယကအဖွဲ့လေးဖွဲ့တို့ရှိ ဆရာတော်ကြီးများ၏ဩဝါဒနှင့်အညီ အလောင်းတော် ကဿပဂေါပကအဖွဲ့က တာဝန်ယူထိန်းသိမ်းစောင့်ရှောက်ကြပါသည်။ အလောင်းတော်ကဿပ ထိန်းသိမ်းစောင့်ရှောက်မှုနှင့်စပ်လျဉ်း၍ ယခင်ကဖိုလ်ဝင်တောင်ပုပ္ပါးကျောင်းဆရာတော် ဘဒ္ဒန္တသုမန (အဂ္ဂမဟာသဓမ္မဇောတိကဓဇ)(ပျံလွန်)က ဦးစီးဦးဆောင်၍ လေးမြို့နယ်သံဃနာယကအဖွဲ့ ဆရာတော်များနှင့်တိုင်ပင်ကာ စေတနာရှင်များ၊ ဂေါပကများဖြင့်စတင်ကာ သာသနာပြုဆောင်ရွက် တော်မူခဲ့ပါသည်။ ဆရာတော်ကြီးပျံလွန်တော်မူပြီးနောက် ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် လေးမြို့နယ်သံဃနာယကအဖွဲ့ ဩဝါဒစရိယဆရာတော်ကြီးများနှင့် ခရိုင်/မြို့နယ်အုပ်ချုပ်ရေးမှူး များ၊ မြို့နယ်သာသနာရေးမှူး(လဝက)များ၏ကြီးကြပ်မှုဖြင့် ဂေါပကအဖွဲ့ကို ရွေးချယ်ဖွဲ့စည်းခဲ့ ပါသည်။ ဂေါပကအဖွဲ့စည်းမျဉ်းကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ ကမ္ဘာအေးကုန်းမြေ၊ ရန်ကုန်မြို့သို့လိပ်မူ၍ တင်ပြလျှောက်ထားခဲ့ပါသည်။ ဖွဲ့စည်းထားသော ဂေါပကအဖွဲ့၏သက်တမ်းမှာ ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၁၈ ရက်မှ ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၁၈ ရက်နေ့အထိ လေးနှစ်တာ ဖြစ်ကြောင်း သတ်မှတ်ခဲ့ပါသည်။

ကနီမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းနိုင်ရဲ့ ကနီမြို့နယ် သံဃနာယကအဖွဲ့၏ သဘောထားထုတ်ပြန်ချက်ပါအတိုင်း ဖွဲ့စည်းပေးနိုင်ခြင်းရှိ/မရှိကိစ္စနှင့်စပ်လျဉ်း၍ ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၁၈ ရက်နေ့က ရေးဆွဲထားသော အလောင်းတော်ကဿပဂေါပက အဖွဲ့အစည်း စည်းမျဉ်း အခန်း(၄) အပိုဒ် ၁၃ တွင် ဂေါပကအဖွဲ့ဝင် ၁၆ ဦးထံမှ တစ်မြို့နယ်လျှင်

ဥက္ကဋ္ဌ၊ ဒု-ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးတစ်ဦးစီပါဝင်ဖွဲ့စည်းရန်၊ ဘဏ္ဍာရေးမှူး တစ်ဦးသတ်မှတ်ရေးနှင့်စပ်လျဥ်း၍ ဂေါပကအဖွဲ့က အစည်းအဝေးကျင်းပကာ သင့်လျော်သူတစ်ဦးကို ခန့်ထားရန်၊ ဂေါပကဥက္ကဋ္ဌတာဝန်ကို နှစ်နှစ်တစ်ကြိမ်အလှည့်ကျ ယင်းမာပင်၊ ကနီ၊ ဆားလင်းကြီး၊ ပုလဲ အစီအစဉ်အတိုင်းတာဝန်ထမ်းဆောင်ရန် ရွေးချယ်ဆောင်ရွက်ရန်ဟု စည်းမျဉ်းပါရှိတဲ့အတိုင်း ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၇ရက်နေ့တွင် အလောင်းတော်ကဿပဂေါပကအဖွဲ့ကို ပြန်လည်ရွေးချယ် ဖွဲ့စည်းနိုင်ရန် ဖိုလ်ဝင်တောင်ပုပ္ပါးကျောင်းတိုက်၌ ကျင်းပပြုလုပ်ခဲ့ရာ ကနီမြို့နယ်သံဃနာယက အဖွဲ့က ကနီမြို့နယ်၌ ဂေါပကအဖွဲ့ဥက္ကဋ္ဌတာဝန်ပေးရန် တောင်းဆိုခဲ့ပါသည်။ ကနီမြို့နယ်မှတစ်ပါး ကျန်းသုံးမြို့နယ်ရှိ ဩဝါဒါစရိယဆရာတော်ကြီးများနှင့် မြို့နယ်သံဃနာယကဆရာတော်ကြီးများက ဂေါပကစည်းမျည်းပါအတိုင်း ဆောင်ရွက်ရမည်ဖြစ်၍ အလှည့်ကျသည့် ဆားလင်းကြီးမြို့နယ်အား ဥက္ကဋ္ဌနေရာပေးထားရသည့်အတွက် ကျန်ရှိသောအတွင်းရေးမှူး၊ ဘဏ္ဍာရေးမှူးနေရာတို့ကိုသာ တာဝန်ယူရန် လျှောက်ထားဆွေးနွေးသည့်အပြင် မန္တလေးတိုင်းဒေသကြီးသံဃနာယကအဖွဲ့ အကျိုးတော်ဆောင် ရတနာသိင်္ဂီဒိုက်ဦးကျောင်းတိုက်၊ ပဓာနနာယက ဆရာတော်ဘဒ္ဒန္တ ဇောတိကာဘိဝံသမှ ထိုကဲ့သို့မိန့်ကြားသော်လည်း ကနီမြို့နယ်သံဃနာယကအဖွဲ့သည် လက်ခံခြင်းမရှိဘဲ အစည်းအဝေးမှ ပြန်လည်ကြွသွားကြပါသည်။ ကျန်ရှိသော ဩဝါဒါစရိယဆရာတော်ကြီးများနှင့် မြို့နယ်သံဃနာယကဆရာတော်များ၊ ယင်းမာပင်ခရိုင်နှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌများ၊ ကနီမြို့နယ်မှအပ သုံးမြို့နယ်ရှိဂေါပကအဖွဲ့ဝင်များဖြင့် အစည်းအဝေးဆက်လက်ကျင်းပပြုလုပ်ဆောင်ရွက်ခဲ့ပြီး ဂေါပကအဖွဲ့အသစ်ကို အစားထိုးရွေးချယ်ခဲ့ပါသည်။

ယခုကဲ့သို့ အလောင်းတော်ကဿပဂေါပကအဖွဲ့ ဖွဲ့စည်းရေးနှင့်စပ်လျဉ်း၍ လေးမြို့နယ်သံဃနာယကအဖွဲ့ဆရာတော်များ အချင်းချင်းသဘောတူညီမှုမရရှိကြသည့် အခြေအနေနှင့် စပ်လျဉ်း၍ စစ်ကိုင်းတိုင်းဒေသကြီးသံဃနာယကအဖွဲ့နှင့် စစ်ကိုင်းတိုင်းဒေသကြီးသာသနာရေးမှူးတို့က နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သို့လျှောက်ထားပြီး ဩဝါဒခံယူခဲ့ပါသည်။ နိုင်ငံတော် သံဃမဟာနယကအဖွဲ့၏ ဆုံးဖြတ်ချက်နှင့်အညီသာ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ အလောင်းတော်ကဿပဂေါပကအဖွဲ့ အတည်ပြုဆောင်ရွက်ဖွဲ့စည်းပြီးမှသာ အလောင်းတော်ကဿပဂေါပကအဖွဲ့စည်းမျဉ်းကိုသတ်မှတ်ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ရှင်းလင်းဖြေကြားချက်ကို ဖြေကြားအပ်ပါသည်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ပြန်လည်ထွက်ခွာနိုင်ပါပြီ။

**တွံတေးတူးမြောင်းပိုင်မြေများအား ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက စီမံခန့်ခွဲဆောင်ရွက်နေမှုအခြေအနေများနှင့် တိကျရှင်းလင်းသောမူဝါဒများ ချမှတ်ပေးနိုင်ခြင်း ရှိ/မရှိတို့ကို သိရှိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ တွံတေးမဲဆန္ဒနယ်မှ ဦးမြင့်လွင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမြင့်လွင်(တွံတေးမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်လွင်ဖြစ်ပါတယ်။ ကျွန်တော်က တွံတေးတူးမြောင်းပိုင်မြေနဲ့ပတ်သက်ပြီးတော့ မေးခွန်းမေးမြန်းသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါတဲ့ ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တွံတေးတူးမြောင်းပိုင်မြေတွေကို The Land and Acquisition Act 1894 နဲ့ The Burma Canal Act 1905 တို့နှင့်အညီ တူးမြောင်းရေရှည်တည်တံ့ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းတွေဆောင်ရွက်ရန် ရည်ရွယ်ချက်နဲ့ သိမ်းယူခဲ့ပြီးတော့ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှာ တူးမြောင်းပိုင်မြေ(CAN)အဖြစ် မှတ်တမ်းတင်ထားခဲ့ရာ မှတ်တမ်းတင်စဉ်က မြေအကျယ်အဝန်းက ၁၃၈၂ ဧကဖြစ်ပါတယ်။ တူးမြောင်းရဲ့လုပ်ငန်းအဝဝနှင့် တူးမြောင်းပိုင်မြေများစီမံခန့်ခွဲရေးလုပ်ငန်းကို ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကနေပြီးတော့ ဆည်မြောင်းဦးစီးဌာနထံမှ ၃၁-၃-၁၉၉၅ ရက်နေ့မှာ လွှဲပြောင်းရယူခဲ့ပါတယ်။ ဒါပေမဲ့ လွှဲပြောင်းရယူခဲ့တဲ့ တူးမြောင်းပိုင်မြေ ၁၃၈၂ ဧကအနက် လက်ရှိမှာ ဦးစီးဌာနက လက်ဝယ် အမှန်တကယ် ထိန်းသိမ်းထားနိုင်တာကတော့ တွံတေးဝအကောက်စခန်းနယ်မြေ ၈.၆ ဧကနဲ့ လက်ပံကုန်းအကောက်စခန်းမြေ ၆.၈၉ ဧကသာရှိတယ်ဆိုတာကို သိရပါတယ်။

တူးမြောင်းလုပ်ငန်းများ လွှဲယူစဉ်ကပင် အကောက်စခန်းများပြင်ပမှာ တူးမြောင်းပိုင်မြေများပေါ်မှာ ကျေးရွာတွေ၊ လူနေရပ်ကွက်တွေ တည်ရှိနေခဲ့ပါတယ်။ အခုအချိန်မှာတော့ ဒလတံတားစီမံကိန်းကြောင့်မို့လို့ အနီးကပ်မြို့နယ်များမှ မြေဈေးများလှုပ်ခတ်လာခဲ့တယ်။ အဲဒီအချိန်မှာ တူးမြောင်းပိုင်မြေများလည်းပါဝင်လာပါတယ်။ အဲဒီမြေများပေါ်မှာ ခေတ်အဆက်ဆက် လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာကတည်းက နေထိုင်၊ စိုက်ပျိုးလုပ်ကိုင်လာခဲ့သူများက လွှဲပြောင်းရောင်းချခွင့် မရှိတဲ့ ယင်းမြေများကို လွှဲပြောင်းခြင်း၊ မြေယာပြုပြင်ခြင်း၊ လူနေအိမ်များတည်ဆောက်ခြင်း၊ ပြုပြင်ခြင်း၊ ခြံစည်းရိုးကာရံခြင်း၊ သာသနိကအဆောက်အဦများ ဆောက်လုပ်ခြင်းများ ဆောင်ရွက်

လာခဲ့ကြပါတယ်။ ဦးစီးဌာနကလည်း အဲဒီကိစ္စတွေအပေါ်မူတည်ပြီးတော့ ခွင့်ပြုခြင်း၊ တားမြစ်ခြင်း၊ တရားစွဲဆိုခြင်းတွေ ပြုလုပ်နေတယ်ဆိုတာကို ကျွန်တော်တို့သိရှိရပါတယ်။ တစ်ချိန်းတည်းမှာ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကနေပြီးတော့ တူးမြောင်းပိုင်မြေ အချို့အား ကုမ္ပဏီတွေကို အခကြေးငွေနဲ့ငှားရမ်းထားတာလည်း ရှိနေတယ်ဆိုတာကို သိရှိရပါတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီးတော့ တူးမြောင်းပိုင်မြေတွေပေါ်မှာ ရှေးလွန်ခဲ့တဲ့နှစ်ပေါင်းများစွာကတည်းက နေထိုင်ခဲ့ကြပြီးတော့ လက်ရှိမှာ တရားစွဲဆိုခြင်းခံနေကြရသူများက သူတို့နေထိုင်စိုက်ပျိုးလုပ်ကိုင်လျက်ရှိကြတဲ့မြေတွေကို သူတို့ပိုင်မြေများအဖြစ် နိုင်ငံတော်က တရားဝင်အသိအမှတ်ပြုပေးရန် လိုလားလျက်ရှိနေကြတယ်ဆိုတာကိုလည်း ကြားသိရပါတယ်။

ဒါကြောင့်မို့လို့ အထက်ဖော်ပြပါအခြေအနေတွေအားလုံးကို အကြောင်းပြုပြီးတော့ အောက်ပါမေးခွန်းတွေကို မေးမြန်းရခြင်းဖြစ်ပါတယ်။ (က) တူးမြောင်းပိုင်မြေကေ ၂၃၀၀ ကျော် အနက် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အမှန်တကယ် ပိုင်ပိုင်နိုင်နိုင် ထိန်းချုပ်ထားနိုင်တဲ့ မြေအကျယ်အဝန်းအတိအကျ မည်မျှရှိပါသနည်း။ (ခ) တူးမြောင်းပိုင်မြေများပေါ်မှာ စိုက်ပျိုးထားတဲ့သီးနှံများပေါ်မှ အခွန်များစည်းကြပ်နေပါတယ်။ အဲဒီသီးနှံခွန်ပြေစာများကို မြေပိုင်ဆိုင်မှုအထောက်အထားများအဖြစ် အသုံးပြုပြီးတော့ တူးမြောင်းပိုင်မြေများအား ရောင်းချနေမှုများအပေါ်မှာ မည်သို့မည်ပုံတားဆီးနေပါသလဲ။ (ဂ) ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အသုံးပြုခြင်းမရှိတဲ့ ရပ်ကွက်နဲ့ကျေးရွာများတည်ရှိရာ၊ သာသနိကအဆောက်အဦများတည်ရှိရာ၊ သင်္သာန်များတည်ရှိရာ၊ တူးမြောင်းပိုင်မြေများအား တရားဝင်စွန့်လွှတ်ပေးရန် အစီအစဉ်ရှိပါသလား။ မရှိဘူးဆိုပါက ဘာကြောင့်မစွန့်လွှတ်နိုင်ပါသလဲ။ ၎င်းမြေများအား တစ်ချိန်ချိန်တွင် ပြန်လည်သိမ်းယူဖို့ရော အစီအစဉ်ရှိပါသလား။ (ဃ) တူးမြောင်းပိုင်မြေများအား ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မဟုတ်ဘဲနဲ့ အခြားသူများကလွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ အဆောက်အဦသစ်ဆောက်လုပ်ခြင်း၊ အဟောင်းပြုပြင်ခြင်း၊ ခြံစည်းရိုးကာရံခြင်း၊ စီးပွားရေးလုပ်ငန်းလုပ်ဆောင်ခြင်းတို့အပေါ် မည်သို့မည်ပုံ အရေးယူဆောင်ရွက်ရမည်ဆိုတဲ့ကိစ္စနှင့်စပ်လျဉ်းပြီးတော့ တိကျရှင်းလင်းပြတ်သားတဲ့ မူဝါဒများချမှတ်ပေးနိုင်ခြင်းရှိပါသလားဆိုတဲ့ အချက်အလက်များကို သိရှိလိုသဖြင့် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးသန့်စင်မောင်(ပြည်ထောင်စုဝန်ကြီး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များနှင့် ဧည့်သည်တော်များအားလုံး၊ ကိုယ်စိတ်နှစ်ပါးကျန်းမာရွှင်လန်းကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်လွင်ရဲ့ တွံတေးတူးမြောင်းနဲ့ပတ်သက်ပြီးသိရှိလိုတဲ့ မေးခွန်းလေးခုစလုံးကို ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ကျွန်တော် ဦးသန့်စင်မောင်အနေနဲ့ ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ Power Point သုံးစွဲပြီးတော့ ရှင်းလင်းတင်ပြခွင့်ပြုပါ။ မေးခွန်းကရှည်လျားကျယ်ပြန့်တဲ့အတွက်ကြောင့် အချိန်အနည်းငယ် ပိုသွားခဲ့ရင်လည်း ခွင့်ပြုနိုင်ပါရန် ကြိုတင်တောင်းခံအပ်ပါတယ်။

မေးခွန်း(က)မှာ တွံတေးတူးမြောင်းပိုင်မြေ ဧက ၂၃၀၀ ကျော်ကျောက်အနက် ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အမှန်တကယ် ပိုင်ပိုင်နိုင်နိုင်ထိန်းချုပ်ထားနိုင်တဲ့မြေအကျယ်အဝန်း ဘယ်လောက်ရှိပါသလဲဆိုတာကို မေးမြန်းထားပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ရှင်းလင်းတင်ပြသွားတဲ့အတိုင်းပဲ ၃၁-၃-၁၉၉၅ ရက်နေ့မှာ ဆည်မြောင်းဦးစီးဌာနကနေပြီးတော့ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကို လွှဲပြောင်းပေးခဲ့ပါတယ်။ အဲဒီလွှဲပြောင်းရယူခဲ့စဉ်တုန်းက ၂၃၈၂.၁၃ ဧကရှိပါတယ်။ အဲဒီကတည်းကပဲ တူးမြောင်းပိုင်မြေ၊ နိုင်ငံပိုင်မြေပေါ်မှာ သာသနာရေးအဆောက်အဦတွေ၊ ဌာနဆိုင်ရာအဆောက်အဦတွေ၊ လယ်ယာ၊ ကန်၊ ချောင်းတွေ၊ ဥယျာဉ်ခြံမြေတွေ၊ ကျေးရွာ/ရပ်ကွက်တွေပါဝင်ပါတယ်။ လက်ရှိအခြေအနေအရ တူးမြောင်းပိုင်မြေကို ရေတိုက်စားပြီး ကမ်းပြိုတဲ့အတွက် တူးမြောင်းကကျယ်လာတာကြောင့်မို့လို့ ဦးစီးဌာနကနေ ပြန်လည်စိစစ်တဲ့အခါမှာ ၂၁၈၉.၉၈ ဧကပဲရှိပါတော့တယ်။ အားလုံးပေါင်း ၁၉၂.၁၅ ဧက လျော့နည်းသွားကြောင်း စိစစ်တွေ့ရှိရပါတယ်။ တူးမြောင်းအား စတင်လွှဲပြောင်းခဲ့တဲ့ ၁၉၉၅ ခုနှစ်ကစပြီး ၂၀၁၂ ခုနှစ်အတွင်းမှာ တူးမြောင်းအတွင်းမှာ လက်ပံကုန်းအကောက်စခန်း၊ တွံတေးဝအကောက်စခန်းနှစ်ခုရဲ့ အကောက်စခန်းနယ်မြေနှစ်ခုကိုသာ စီမံခန့်ခွဲနိုင်ခဲ့ပါတယ်။

၂၀၁၃ ခုနှစ်မှာပြဋ္ဌာန်းတဲ့ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများထိန်းသိမ်းရေးနည်းဥပဒေအရ အခွန်အခကောက်ခံဖို့ရာအတွက် တူးမြောင်းမြေပေါ်မှာရှိတဲ့ အဆောက်အဦ၊ နေအိမ်၊ စီးပွားရေး လုပ်ငန်းစာရင်းတွေကို ၂၀၁၃ ခုနှစ်မှာကောက်ခံတဲ့အခါမှာ တူးမြောင်းမြေအတွင်းမှာ အစိုးရဌာန ဆိုင်ရာအဆောက်အဦ ၂၆ လုံး၊ ဆန်စက် ၁၀ လုံး၊ လူနေအိမ် ၂၉၈၉ လုံး၊ ဥယျာဉ်ခြံ ၃၀၆ ခြံ၊ လယ် ၂၃၄ ကွက်၊ ငါးကန် ၄၁ ကန်၊ ဘုန်းကြီးကျောင်း ၁၄ ကျောင်း၊ ခရစ်ယာန်ဘုရားကျောင်းငါးကျောင်း၊ သုသာန်နှစ်ခု၊ ဆိပ်ကြီး/ခနောင်တိုမြို့နယ်မှ ကျေးရွာ/ရပ်ကွက်လေးခု၊ ဒလမြို့နယ်အတွင်းမှ ကျေးရွာ/ရပ်ကွက်နှစ်ခု၊ တွံတေးမြို့နယ်အတွင်းမှ ကျေးရွာ/ရပ်ကွက်ပေါင်း ၂၁ ခုပါဝင်နေကြောင်းကို တွေ့ရှိရပါတယ်။ ဒီလိုဆိုခဲ့ရင် မြေကေဘယ်လောက်ကိုပိုင်ပိုင်နိုင်နိုင်ထိန်းချုပ်ထားနိုင်ပါသလဲ ဆိုတော့ လက်ပံကုန်းအကောက်စခန်းက ၆.၈၉ ကေ၊ တွံတေးဝအကောက်စခန်းက ၈.၆ ကေ၊ ပုဂ္ဂလိကလုပ်ငန်းရှင်လေးဦးကို ငှားရမ်းထားတဲ့မြေဧရိယာက ၄၇.၉၁၆ စုစုပေါင်း ၆၃.၄၀၆ ကေကိုပဲ စီမံခန့်ခွဲထားနိုင်တယ်ဆိုတဲ့အကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ ပုဂ္ဂလိကကိုငှားရမ်းထားတဲ့ တူးမြောင်းမြေက ဥပဒေနဲ့အညီငှားရမ်းထားပြီးတော့ ရရှိငွေများကို ပြည်ထောင်စုရန်ပုံငွေသို့ ပေးသွင်းလျက်ရှိပါကြောင်း ဖြေကြားအပ်ပါတယ်။

မေးခွန်း(ခ)ဖြစ်တဲ့ တွံတေးတူးမြောင်းပိုင်မြေများပေါ်မှာ စိုက်ပျိုးထားတဲ့သီးနှံများပေါ်ကနေ ပြီးတော့ အခွန်တွေစည်းကြပ်လျက်ရှိတဲ့အခါမှာ ထိုသီးနှံခွန်ပြေစာတွေကို မြေပိုင်ဆိုင်မှုအထောက် အထားအဖြစ်အသုံးပြုပြီး တူးမြောင်းပိုင်မြေများ ရောင်းချနေမှုများအား မည်သို့မည်ပုံ တားဆီး နေပါသလဲဆိုတဲ့ မေးခွန်းဖြစ်ပါတယ်။ တွံတေးတူးမြောင်းပိုင်မြေတွေထဲမှာ စိုက်ပျိုးမြေတွေလည်း အများအပြားပါဝင်တယ်။ အဲဒီမြေတွေပေါ်မှာ စိုက်ပျိုးကြတဲ့တောင်သူတွေရဲ့ စိုက်ပျိုးထားတဲ့ သီးနှံတွေကနေပြီးတော့ သက်ဆိုင်ရာမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ကော်လိတ္တော်အရာရှိ ကနေပြီး အခွန်စည်းကြပ်လျက်ရှိပါတယ်။ သီးနှံခွန်ပြေစာများကိုလည်း အဲဒီ Slide မှာတင်ပြထားတဲ့ အတိုင်း ကောက်ခံတာကိုတွေ့ရပါတယ်။ အဲဒီ ပြေစာရဲ့နောက်ကျောမှာ ဒါသည် အခွန်ပြေစာ သာလျှင်ဖြစ်တယ်။ မြေပိုင်ရှင်ဖြစ်ကြောင်း သက်သေခံလက်မှတ်မဟုတ်ဘူးလို့ အတိအကျဖော်ပြ ထားပါတယ်။ အဲဒီပြေစာတွေကိုအသုံးပြုပြီးတော့ တူးမြောင်းပိုင်မြေတွေကို လက်လွှဲရောင်းချတဲ့ အခါမှာ ရောင်းချတဲ့မြေဧရိယာအလိုက် သက်ဆိုင်ရာမြို့နယ်လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနရဲ့ မြေပုံအရ တူးမြောင်းမြေအတွင်းကျရောက်ခြင်းရှိ/မရှိ စိစစ်ပြီးတော့ သီးနှံခွန်ပြေစာတွေ အမည်ပြောင်းလဲခြင်းမပြုနိုင်ရေး စနစ်တကျပူးပေါင်းဆောင်ရွက်မှသာလျှင် ပိုမိုထိရောက်မှာဖြစ်ပါတယ်။ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေနဲ့

တူးမြောင်းပိုင် နယ်နိမိတ်တစ်လျှောက်မှာ နယ်နိမိတ်မှတ်တိုင်ပေါင်း ၂၁၀ ခုစိုက်ထူထားပါတယ်။ အလျားမိုင် ၂၁ မိုင်မှာ နယ်နိမိတ်မှတ်တိုင်ပေါင်း ၂၁၀ ခုစိုက်ထူထားပါတယ်။ နယ်နိမိတ်သတ်မှတ်ပေးပြီးတော့ တူးမြောင်းပိုင်မြေများအား ကျူးကျော်ခြင်း၊ ရောင်းဝယ်ခြင်းမပြုရဆိုတဲ့ ဆိုင်းဘုတ်တွေကိုလည်း စိုက်ထူပြီးတော့ အသိပေးထားပါတယ်။ တူးမြောင်းပိုင်မြေတွေကို ရောင်းချခြင်းတွေကို တားဆီးနိုင်ဖို့ဆိုတဲ့ကိစ္စကတော့ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတစ်ခုတည်းမရဘဲနဲ့ ဆက်စပ်ဌာနတွေဖြစ်တဲ့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနတွေ ပူးပေါင်းပါဝင်ဆောင်ရွက်ပြီးတော့ ကာကွယ်တားဆီးသွားရမှာ ဖြစ်ပါတယ်။

မေးခွန်း(ဂ)ဖြစ်တဲ့ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အသုံးပြုခြင်းမရှိတဲ့ ရပ်ကွက်နှင့်ကျေးရွာများတည်ရှိရာ၊ သာသနိကအဆောက်အဦများတည်ရှိရာ၊ သုသာန်များတည်ရှိရာ တူးမြောင်းပိုင်မြေများအား တရားဝင်စွန့်လွှတ်ပေးရန် အစီအစဉ်ရှိပါသလား၊ မရှိဘူးဆိုပါက အဘယ့်ကြောင့်ပါနည်း။ ၎င်းမြေများအား တစ်ချိန်ချိန်တွင် ပြန်လည်သိမ်းယူရန် အစီအစဉ်ရှိပါသလားဆိုတဲ့မေးခွန်းကို ကျွန်တော်ဖြေကြားချင်ပါတယ်။ ကျွန်တော်တို့ဟာ ဆည်မြောင်းဦးစီးဌာနကနေပြီးတော့ လွှဲပြောင်းယူကတည်းက လူနေရပ်ကွက်တွေ၊ ကျေးရွာတွေ၊ သာသနိကအဆောက်အဦတွေ၊ သုသာန်တွေပါရှိတဲ့အကြောင်းကို ခုနတုန်းက ရှင်းလင်းဖြေကြားပြီးဖြစ်ပါတယ်။ အဓိကက ဒီတူးမြောင်းသည် ကုန်သွယ်ရေကြောင်းတူးမြောင်း ဖြစ်ပါတယ်။ ရေကြောင်းပို့ဆောင်ရေး၊ သွားလာရေးအတွက် ဖောက်လုပ်ထားတဲ့တူးမြောင်း ဖြစ်ပါတယ်။ ဧရာဝတီတိုင်းဒေသကြီးနဲ့ ရန်ကုန်တိုင်းဒေသကြီးကို အဓိကဖြတ်လမ်းရေကြောင်းပို့ဆောင်ရေးဆိုင်ရာ သဘော်လမ်းဖြစ်ပါတယ်။ ဒါကြောင့် ဒီဟာကို ထိန်းသိမ်းထားဖို့အရေးကြီးပါတယ်။ ဒီတူးမြောင်းကြီးရဲ့သမိုင်း အကျဉ်းချုပ်ပြောရင် ၁၈၇၃ ခုနှစ် အင်္ဂလိပ်မင်းများလက်ထက်ကတည်းက တည်ဆောက်ခဲ့တယ်။ တည်ဆောက်တဲ့အခါမှာ နှစ်အဆက်ဆက်ကြိုးစားခဲ့တယ်။ ၁၉၀၈ ခုနှစ်မှာ စီမံကိန်းရေးဆွဲတယ်။ ၁၉၁၃ ခုနှစ်မှ ၁၉၁၇ ခုနှစ်အထိ လေးနှစ်တိတိဖောက်လုပ်ခဲ့တယ်။ အဲဒီမှာလည်းပဲ ခဏခဏကမ်းပါးပြိုတယ်၊ စားတယ်၊ ရေကြီးတယ်။ ၁၉၂၀ ခုနှစ်၊ ၁၉၂၅ ခုနှစ်ကျတော့ နှစ်ဆကျယ်လာတဲ့နေရာတွေ အရင်တုန်းက ရေအနက်ကိုးပေနဲ့ ပေ ၁၈၀ အကျယ်ပဲ ဖောက်ရာကနေပြီးတော့ နောက်ပိုင်း အခုဆိုရင် ပေ ၅၀၀ ကျော်တဲ့နေရာတွေဖြစ်လာတယ်။ တချို့ကမ်းပါးတွေစားလာတယ်။ ကျွန်တော်တို့လွှဲပြီးတဲ့နောက် ၁၉၉၅ ခုနှစ်မှာ သုံးမိုင်ခွဲခနောင်တိုချောင်းနဲ့ တွံတေးတူးမြောင်းအဆုံမှာ ဝဲကြီးဖြစ်ပြီးတော့ အဲဒီနေရာမှာလည်းပဲ

အင်္ဂလိပ်တွေတည်ဆောက်ခဲ့စဉ်တုန်းက ရေကာတန်းတွေဆောက်ခဲ့ပြီးတော့ ဟိုဘက်ဒီဘက် ရေမျှပြီးစီးအောင်လုပ်ခဲ့တဲ့နေရာရှိပါတယ်။ အဲဒီနေရာမှာ ဝဲကြီးဖြစ်ပြီးတော့ ပိတ်သွားတဲ့အတွက် ကြောင့် ဧရာဝတီတိုင်းဒေသကြီးလာတဲ့ သင်္ဘောတွေသည် တစ်ရက်အတွင်းမှာ နှစ်ကြိမ်ပိတ်သွား ပါတယ်။ တစ်ကြိမ်မှာလေးနာရီလောက်ကြာပြီးတော့ တစ်နေ့ကို ရှစ်နာရီလောက်ဟာ သင်္ဘောတွေ သွားလို့လာလို့မရအောင်ဖြစ်ပါတယ်။ အဲဒါကို ၂၀၀၉ ခုနှစ်မှာ ဒီဟာကို ချဲ့လိုက်ပြီးတဲ့နောက် အခု ၂၄ နာရီသင်္ဘောတွေသွားလာနိုင်တာ ဖြစ်ပါတယ်။ သို့သော်လည်းပဲ အခုဆိုရင် ခနောင်တိုချောင်းနှင့် ရန်ကုန်မြစ်ဘက်နီးလာတဲ့နေရာ သုညမိုင်နေရာမှာ အောက်ကကမ်းခြေ တွံတေးတူးမြောင်း ကြမ်းပြင်ကို ရေစားနေတာတွေ့ရပါတယ်။ ဒါကြောင့်မို့ ဒီကြမ်းပြင်ကို ထိန်းသိမ်းနိုင်ဖို့အတွက် လိုအပ်လာပါတယ်။ ဒီရေကြမ်းတဲ့နေရာတွေမှာ ရေတက်တယ်။ နှစ်ပေကနေ တစ်မီတာထိ ရေကြီးရေလျှံတွေဖြစ်တယ်။ ကမ်းပါးပြိုတယ်။ ခုနတုန်းက ဝဲရှိနေတယ်။ အဲဒီနားမှာ ရေနက်အိုးဖြစ် နေတယ်။ ဒါကြောင့် ဒါတွေကို နှစ်စဉ် အင်္ဂလိပ်မင်းများလက်ထက်ကတော့ တောက်လျှောက်လုပ်ခဲ့ သလို ကျွန်တော်တို့ကလည်း ဒါကြီးကို ရေရှည်ထိန်းသိမ်းဖို့လိုပါတယ်။

ဒါကြောင့် ခုနတုန်းကပြောတဲ့ ဒီပြည်ထောင်စုလွှတ်တော်ကပဲခွင့်ပြုလိုက်တဲ့ ကိုရီးယားနိုင်ငံ ရဲ့ EDCF Loan နဲ့ ဒီဟာကို ကျွန်တော်တို့ ဘယ်လိုထိန်းသိမ်းကြမလဲဆိုတာ အခုဆိုရင် အသေးစိတ် Detail Design ဆွဲနေတာ ဖြစ်ပါတယ်။ ကမ်းပါးပြိုကာကွယ်မှုကို ထိန်းသိမ်းရမယ်။ ရေကြီးရေလျှံမှု ကိုကာကွယ်ရမယ်။ တစ်ခါဒီလမ်းတစ်လျှောက်မှာ သွားနေတဲ့သင်္ဘောတွေရဲ့ ဘေးအန္တရာယ် ကင်းရှင်းရေးကို ဆောင်ရွက်ရမယ်ဆိုပြီးတော့ ဒီကိစ္စအတွက်လုပ်တာဖြစ်ပါတယ်။ ဒါကြီးကို ပိုင်ဆိုင် ချင်လို့ ဒီဌာနကပိုင်ထားဖို့မဟုတ်ပါဘူး။ ခုနတုန်းက ဘယ်လောက်ထိန်းချုပ်နိုင်သလဲ။ သိမ်းယူနိုင် သလဲဆိုတာ ကျွန်တော်တို့က သိမ်းယူဖို့မဟုတ်ဘဲနဲ့ တကယ်လို့သာ ခုနတုန်းကပြောတဲ့ Design ရှိပါတယ်။ ကိုရီးယားပညာရှင်တွေဆွဲထားတဲ့ Design ပါ။ အဝါရောင်လေးရဲ့အောက်ကပုံမှာဆိုခဲ့ရင် မြစ်ကြမ်းပြင်ကိုထိန်းသိမ်းဖို့ရာအတွက် ကျောက်တွေထည့်ပြီးတော့ ကြမ်းပြင်မှာ ရေနောက်ထပ် ထပ်ပြီးတော့မစားအောင် ရန်ကုန်မြစ်နဲ့နီးလာတဲ့နေရာမှာ ပိုပြီးတော့အရေးကြီးလာတဲ့အတွက် ကြောင့် အဲဒီနေရာတွေကို ကျွန်တော်တို့လုပ်မှသာလျှင် ရေနက်အိုးက ပပျောက်ပြီးတော့ မြစ်ကြောင်းကို ထိန်းသိမ်းနိုင်မှာဖြစ်ပါတယ်။ ခုနတုန်းက တမံတွေလည်းလုပ်ရမှာဖြစ်ပါတယ်။ နောက်တစ်ခါ ရေချိုရရှိဖို့ရာအတွက် ဒလမြို့နယ်ကိုရေချိုပေးနိုင်ဖို့ရာအတွက်လည်းပဲ ရေဖြူတွင်း ထဲမှာ Water Lock တွေ Brush တွေ ဒါတွေတည်ဆောက်ရမှာဖြစ်ပါတယ်။ အဲဒါတွေကို တည်ဆောက်ဖို့လိုအပ်လာရင်တော့ လိုအပ်တဲ့နေရာတွေမှာ ကျွန်တော်တို့ဟာ သိမ်းယူရမှာ

ဖြစ်ပါတယ်။ သိမ်းယူဆိုတဲ့စကားနဲ့စာရင် စီမံခန့်ခွဲတော့မှာ ဖြစ်ပါတယ်။ ခုနတုန်းကလုပ်နေတဲ့ လက်ရှိလုပ်ကိုင်စားသောက်နေကြတဲ့ ပြည်သူလူထုကို အနှောင့်အယှက်ပေးဖို့ထက် ကျွန်တော်တို့က ဘယ်လိုကောင်းအောင် ပူးပေါင်းဆောင်ရွက်ကြမလဲဆိုတဲ့စိတ်နဲ့ စီမံခန့်ခွဲရမှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

မေးခွန်း(ဃ)ဖြစ်တဲ့ တွံတေးတူးမြောင်းပိုင်မြေများဟာ ရေမြေထုဦးစီးဌာနက မဟုတ်ဘဲ အခြားသူများကလွှဲပြောင်းပေးခြင်း၊ အဆောက်အဦအသစ်တည်ဆောက်ခြင်း၊ အဟောင်း ပြုပြင်ခြင်း၊ ခြံစည်းရိုးကာရံခြင်း၊ စီးပွားရေးလုပ်ငန်းလုပ်ဆောင်ခြင်းတို့အပေါ် မည်သို့မည်ပုံ အရေးယူဆောင်ရွက်ရမည်ဆိုတဲ့ကိစ္စရပ်နှင့်ပတ်သက်ပြီးတော့ တိကျရှင်းလင်းပြတ်သားတဲ့ မူဝါဒ ချမှတ်ပေးနိုင်ပါသလားဆိုတာ အဲဒီကိစ္စအတွက်လည်း ကျွန်တော်တို့က ပြင်နေပါတယ်။ မူလတုန်း ကတော့ ကျွန်တော်တို့က ၁၉၀၅ ခုနှစ်၊ မြန်မာနိုင်ငံတော်တူးမြောင်းအက်ဥပဒေရှိတယ်။ ၁၉၃၅ ခုနှစ် ဇူလိုင်လမှာပြဋ္ဌာန်းတဲ့ တွံတေးတူးမြောင်းအတွင်း လှေ၊ သမ္ဗန်များသွားလာမှု၊ ဝင်/ထွက် သွားလာခြင်းဆိုင်ရာနည်းဥပဒေတွေ၊ ခနောင်တိုချောင်းရေကြောင်းသွားလာရေးထိန်းကွပ်ရန် နည်းဥပဒေတွေ ဒါတွေနဲ့ပဲ ဆောင်ရွက်ခဲ့ရပါတယ်။ အခုကျတော့ ကျွန်တော်တို့ ကုန်သွယ် ရေကြောင်းသွားလာရေးဆိုင်ရာ တူးမြောင်းဥပဒေဆိုတာကို ရေးဆွဲပြီးပါပြီ။ ပြည်ထောင်စုအစိုးရ အဖွဲ့ကိုတင်ပြပြီးတော့ ပြည်ထောင်စုအစိုးရအဖွဲ့ကလည်း ပြည်သူ့လွှတ်တော်ရုံးကို ၅-၃-၂၀၂၀ ရက်နေ့မှာ ပေးပို့ခဲ့ပါတယ်။ ၈-၃-၂၀၂၀ ရက်နေ့မှာ ကျွန်တော်တို့ နိုင်ငံပိုင်သတင်းစာတွေမှာလည်းပဲ ဖော်ပြပြီးဖြစ်ပါ တယ်။ အဲဒီမှာလည်းပဲ ပုဒ်မ ၈ နဲ့ ပုဒ်မ ၁၀ မှာ လယ်ယာ၊ ဥယျာဉ်ခြံမြေစိုက်ပျိုးခြင်း၊ ငါးကန်တူးဖော်ခြင်း၊ အဆောက်အဦဆောက်လုပ်ခြင်းတွေကို ဝန်ကြီးဌာနရဲ့ခွင့်ပြုချက်ရမှသာလျှင် ဆောင်ရွက်ရန်ဆိုတဲ့အချက်ပါပါတယ်။ ပုဒ်မ ၁၆ နဲ့ ပုဒ်မ ၁၇ မှာလည်းပဲ တားမြစ်တဲ့ဥပဒေတွေကို ထည့်သွင်းထားတာဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ဟာ ဒီတွံတေးတူးမြောင်းကို ရေအရင်း အမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေနဲ့ ဆောင်ရွက်ရတာသည် တူးမြောင်းကို ထိန်းသိမ်းနိုင်အောင် ရေရှည်ထိန်းသိမ်းနိုင်ဖို့ရာအတွက် တူးမြောင်းထဲမှာသွားလာတဲ့ လှေတွေ၊ သမ္ဗန်တွေ၊ သင်္ဘောတွေ စနစ်တကျသွားလာဖို့ရာအတွက်၊ ဘေးအန္တရာယ်ကင်းရှင်းဖို့အတွက် ဒီရေကိုပိုပြီးတော့ ကောင်းတဲ့ရေချိုကို ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်အတွက် ရေချိုးသုံး နိုင်ဖို့ရာအတွက် အခြားသောဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းတွေကို ဆောင်ရွက်ဖို့ရာအတွက် စီမံခန့်ခွဲ ဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။

**ပေါတောမြို့၊ ဈေးတံတားဆိပ်ကမ်းတွင် ခရီးသွားပြည်သူများနှင့် ရေယာဉ်များဘေးအန္တရာယ်ကင်းရှင်းစွာဆိုက်ကပ်နိုင်ရန်နှင့် ကုန်စည်စီးဆင်းမှုလျင်မြန်သွက်လက်စေရန်အတွက် ဆိပ်ခံဘောတစ်စင်းကို နိုင်ငံသားများအတွက် မည်သို့ဖြည့်ဆည်းဆောင်ရွက်ပေးမည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ ပေါတောမဲဆန္ဒနယ်မှ ဦးသန်းအောင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသန်းအောင်(ပေါတောမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် အားလုံးပဲမင်္ဂလာပါ။ ကျွန်တော်ကတော့ ပေါတောမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းအောင် ဖြစ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးရဲ့ခွင့်ပြုချက်အရ ကျွန်တော်မေးမယ့်မေးခွန်းကတော့ ပေါတောမြို့၊ ဈေးတံတားဆိပ်ကမ်းမှာ ခရီးသွားပြည်သူတွေနဲ့ ရေယာဉ်တွေ ဘေးအန္တရာယ်ကင်းရှင်းစွာ ဆိုက်ကပ်နိုင်ဖို့အတွက်၊ ကုန်စည်စီးဆင်းမှု လျင်မြန်သွက်လက်စေဖို့အတွက် ဆိပ်ခံဘောတစ်စင်းကို နိုင်ငံသားများအတွက် မည်သို့ဖြည့်ဆည်းဆောင်ရွက်ပေးမည်ကိုသိရှိလိုပြီးတော့ မေးတဲ့မေးခွန်းဖြစ်ပါတယ်။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ပေါတောမြို့နယ်ဟာ ဧရာဝတီတိုင်းဒေသကြီးရဲ့ အနောက်တောင်ဘက်အစွန်းမှာတည်ရှိပြီးတော့ ဘင်္ဂလားပင်လယ်အော်၊ ကပ္ပလီပင်လယ်တို့နဲ့ ထိစပ်လျက်ရှိပြီး ဧရိယာအကျယ်အဝန်းကတော့ ၁၄၀၄.၁၈၃၄ စတုရန်းမိုင် ကျယ်ဝန်းပါတယ်။ ကျေးရွာပေါင်း ၄၁၁ ရွာ၊ လူဦးရေ ၃၁၆၇၅၅ ဦးနေထိုင်လျက်ရှိပါတယ်။ လမ်းပန်း ဆက်သွယ်ရေးနဲ့ ကုန်စည်စီးဆင်းမှုကဏ္ဍမှာ အဓိကအားထားရတာတော့ ရေကြောင်းလမ်းများပဲ ဖြစ်ပါတယ်။ ပင်လယ်တွေ၊ မြစ်တွေ၊ ချောင်းတွေရဲ့ လမ်းများဖြစ်တဲ့အတွက်ကြောင့် ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍဟာ အထူးပဲဖွံ့ဖြိုးမှုနောက်ကျနေတယ်လို့ သုံးသပ်ရမှာဖြစ်ပါတယ်။

ရေယာဉ်လိုင်းများကတော့ ကမ်းရိုးတန်းအမြန်ရေယာဉ် ၂၂ လိုင်း၊ ရိုးရိုးအနှေးရေယာဉ် ၃၁ လိုင်းနဲ့ မြင်းကောင်ရေ ၂၀ အောက် ရေယာဉ်လိုင်း ၂၅ လိုင်းတို့ဟာ ပေါတောမြို့ရဲ့ ဈေးတံတားဆိပ်ကမ်းကို နေ့ညမပြတ်ဝင်/ထွက်ဆိုက်ကပ်ပြီး ပို့ဆောင်ဆက်သွယ်ရေးနဲ့ကုန်စည်စီးဆင်းမှုကို အားကုန်ကြိုးပမ်းဖြည့်ဆည်းပေးနေကြပါတယ်။ သို့ပါသော်လည်း ပင်လယ်ဒီရေအတက်/အကျရှိတဲ့ ဒေသဖြစ်လို့ ရေယာဉ်၊ သင်္ဘောများ ကမ်းကိုဆိုက်ကပ်တဲ့အခါမှာ အခက်အခဲအတားအဆီးတွေနဲ့ နေ့စဉ်ကြုံတွေ့နေရပါတယ်။ ယခုလိုမိုးရာသီမှာဆိုရင် အနောက်တောင်မုတ်သုံလေရဲ့ ကြမ်းတမ်းတဲ့ တိုက်ခတ်မှုတွေကြောင့် ရေယာဉ်တွေဟာ ဆိပ်ကမ်းကိုကပ်တဲ့နေရာမှာ တံတားကိုအရှိန်ပြင်းစွာ

ဝင်ရောက်တိုးတိုက်နေမှုကြောင့် ကွန်ကရစ်တံတားတိုင်တွေ မကြာခဏကျိုးပဲ့ပျက်စီးနေရပါတယ်။ အမြဲတမ်းလည်း ပြန်လည်ပြင်ဆင်နေရတဲ့အတွက် ဘဏ္ဍာရန်ပုံငွေတွေ နှစ်စဉ်ဆုံးရှုံးနေရပါတယ်။ ပုသိမ်မြို့က နံနက်(၅)နာရီနဲ့ နံနက်(၁၀)နာရီမှာထွက်တဲ့ သင်္ဘောများဟာ ငပုတောဆိပ်ကမ်းကို အလုအယက်ဝင်ရောက်ဆိုက်ကပ်တဲ့အခါမှာ သင်္ဘောတွေအထပ်ထပ်ဖြစ်ပြီးတော့ လူအတင်/အချတွေ၊ ကုန်စည်အတင်/အချတွေက အင်မတန်မှအန္တရာယ်များပါတယ်။

ထို့အတူ ကမ်းရိုးတန်းအခေါ် အမြန်ရေယာဉ်တွေကလည်း ပုသိမ်ဆိပ်ကမ်းကနေပြီးတော့ တစ်ပြိုင်တည်းထွက်တဲ့အတွက် ငပုတောဆိပ်ကမ်းကို တစ်ပြိုင်တည်းပဲ ဝင်/ထွက်ဆိုက်ကပ်ကြပါတယ်။ အဲဒီအတွက်ကြောင့်မို့လို့ ဘေးအန္တရာယ်တွေဟာ အချိန်မရွေးကျရောက်လာနိုင်ပါတယ်။ လက်ရှိဆိပ်ကမ်းတံတားဟာ ရေယာဉ်တစ်စီးသာဆိုက်ကပ်နိုင်တဲ့အကျယ်အဝန်းဖြစ်တဲ့ (၃၆ x ၂၇ ပေ) ရှိ၍ ရေယာဉ်တစ်စင်းမက တစ်ပြိုင်တည်းဆိုက်ကပ်နိုင်တဲ့ ဆိပ်ခံဘောတစ်စင်းကို နိုင်ငံတော်မှ ပံ့ပိုးကူညီဖြေရှင်းဆောင်ရွက်ပေးမယ်ဆိုရင် ငပုတောမြို့အတွက် သယ်ယူပို့ဆောင်ရေးကဏ္ဍဟာ ပိုမိုပွင့်လင်းပြီးတော့ သွက်လက်မြန်ဆန်လာမှာဖြစ်တဲ့အတွက် ငပုတောမြို့နယ်ရဲ့ အထူးလိုအပ်ချက် မေးခွန်းအဖြစ် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေလေးစားစွာ မေးမြန်းရခြင်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးသန့်စင်မောင်(ပြည်ထောင်စုဝန်ကြီး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းအောင်ရဲ့ ငပုတောမြို့နယ်၊ ဈေးတံတားဆိပ်ကမ်းမှာ ခရီးသွားပြည်သူများနဲ့ ရေယာဉ်များ ဘေးအန္တရာယ်ကင်းရှင်းစွာ ဆိုက်ကပ်နိုင်ရန်အတွက်လည်းကောင်း၊ ကုန်စည်စီးဆင်းမှုလျင်မြန်သွက်လက်စေရန်အတွက်လည်းကောင်း၊ ဆိပ်ခံဘောတံတားတစ်စင်းကို နိုင်ငံသားများအတွက် မည်သို့ဖြည့်ဆည်း ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းနှင့်ပတ်သက်ပြီးတော့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအနေနဲ့ ပြန်လည်ဖြေကြားသွားမှာဖြစ်ပါတယ်။

Power Point သုံးစွဲခွင့်ပြုပါခင်ဗျား။ ဧရာဝတီတိုင်းဒေသကြီး၊ ပေုတောမြို့နယ်မှာ ဆိပ်ခံတံတားနှစ်ခုရှိပါတယ်။ အောက်ဘက်မှာ မြို့မဆိပ်ခံတံတားနဲ့ အပေါ်ဘက်မှာ ဈေးတံတား ဆိပ်ခံတံတားဖြစ်ပါတယ်။ ဈေးတံတားဆိပ်ခံတံတားကို ၂၀၀၆-၂၀၀၇ ခုနှစ်က ပေုတောမြို့နယ် စည်ပင်သာယာရေးကော်မတီရဲ့အစီအစဉ်နဲ့ မြန်မာကျပ်ငွေ ၁၄၅ သိန်း အကုန်အကျခံပြီးတော့ သံကူကွန်ကရစ်ဆိပ်ခံတံတားဖြစ်ပါတယ်။ အဲဒီမှာ မျက်နှာစာအကျယ်က (၂၇ x ၃၆ ပေ)ရှိပါတယ်။ ဆိပ်ခံတံတားရဲ့ဘေးအစွန်မှာ လေှကားထစ်ပုံစံရေဆင်းတံတားလည်းပါရှိတာတွေ့ရပါတယ်။ တစ်ခါ မြို့မဆိပ်ခံတံတားကိုတော့ ၂၀၁၄-၂၀၁၅ ခုနှစ်မှာတည်ဆောက်ပြီးတော့ သံကူကွန်ကရစ်တံတားဖြစ်ပါတယ်။ မျက်နှာစာအကျယ်က (၂၁ x ၁၂၇ ပေ)ရှိပြီး အဲဒီမှာလည်းပဲ လေှကားထစ်ပုံစံရေဆင်းတံတားပါပါတယ်။ မြို့မတံတားကို မြို့နယ်စည်ပင်သာယာရေးရန်ပုံငွေနဲ့ အများပြည်သူထည့်ဝင်ငွေတွေ စုပေါင်းပြီးတော့ ကျပ်ငွေသိန်း ၁၄၀ ကျော်ကုန်ကျခဲ့တယ်လို့ သိရပါတယ်။ ဒီတံတားနှစ်စင်းကို ပေုတောမြို့နယ် စည်ပင်သာယာရေးကော်မတီရဲ့ စီမံခန့်ခွဲမှုအောက်မှာထားရှိပြီးတော့ အခွန်အခတွေ ကောက်ခံလျက်ရှိရာမှာ ဘဏ္ဍာရေးနှစ်တစ်နှစ်မှာ ဈေးတံတားဝင်ကြေးကောက်ခံလိုင်စင်လေလံကြေးအနေနဲ့ ကျပ်ငွေ ၉၈၆၅၀၀၀ ရရှိတာတွေ့ရပါတယ်။ နောက်ဆိပ်ကမ်းရောက်ရေယာဉ်ပေါ်မှာကောက်ခံတဲ့ လိုင်စင်လေလံကြေးကတော့ ကျပ်ငွေ ၆၀၅၀၀၀၀ သိန်းရရှိကြောင်းတွေ့ရပါတယ်။

အဲဒီတော့ ကိုယ်စားလှယ်တော်ကြီးတင်ပြတဲ့ဈေးတံတားဟာ သက်တမ်း ၁၀ နှစ်ကျော်အတွင်းမှာ ယိုယွင်းပျက်စီးလာတဲ့အတွက် မြို့နယ်စည်ပင်သာယာရေးကော်မတီက ၂၀၁၇ ခုနှစ်မှာ ကျပ် ၁၂ သိန်း၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှာ ကျပ် ၂၅ သိန်း အကုန်အကျခံပြီးတော့ ပြုပြင်ပေးခဲ့တယ်လို့ သိရှိရပါတယ်။ ဒါပေမဲ့ ကိုယ်စားလှယ်တော်ကြီးပြောတဲ့အတိုင်းပဲ ဈေးတံတားမှာဆိုက်ကပ်တဲ့ ရေယာဉ်အရေအတွက်က များပြားလှတဲ့အတွက် လက်ရှိတံတားအရွယ်အစား၊ ခိုင်ခံ့မှုနဲ့ကတော့ အဆင်မပြေဘူးဆိုတာတော့ တွေ့ရှိရပါတယ်။ ဒါကြောင့်လည်းပဲ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က အင်ဂျင်နီယာတွေဆင်းပြီးတော့ ဘယ်လိုလုပ်လို့ရနိုင်သလဲဆိုတာကို ဆင်းကြည့်ပါတယ်။ အဲဒီကျွမ်းကျင်သူအဖွဲ့ကနေ မြေပြင်ကွင်းဆင်းတိုင်းတာတဲ့အခါမှာ နည်းလမ်းနှစ်ခုရှိပါတယ်။ ပထမနည်းလမ်းကတော့ (အလျား ၁၂၀ ပေ x အနံ ၂၀ ပေ x ၆ ပေ ၆ လက်မ)ရှိတဲ့ ဆိပ်ခံဘောတံတား။ အဲဒီမှာ ဆိပ်ခံဘောတံတားတစ်စင်းကို ကျောက်ကြိုး၊ ကျောက်ဆူးတွေ အသုံးပြုပြီးတော့ သံမဏိဘောနှင့် ကွန်ကရစ်ဆိပ်ခံတံတားများကို ဒီရေအတက်/အကျအလိုက် ဘာဖြစ်လို့လဲဆိုတော့ ဒီရေအတက်/အကျက ခုနစ်ပေ၊

ရှစ်ပေကွာပါတယ်။ ဒီရေအတက်/အကျက ခုနစ်ပေ၊ ရှစ်ပေကွာတော့ ဆိပ်ခံဘောတံတားနဲ့မှ အနိမ့်/အမြင့်အဆင်ပြေမှာဖြစ်ပါတယ်။ အဲဒီမှာတော့ ဘယ်လောက်ကုန်ကျမလဲဆိုတော့ ကျပ်ငွေ သိန်း ၂၀၀ ကနေပြီးတော့ သိန်း ၂၅၀ ကုန်ကျနိုင်တယ်လို့ ခန့်မှန်းထားပါတယ်။ ဒီနည်းလမ်းရဲ့ အားနည်းချက်ကတော့ ငဝန်မြစ်ရေဟာ ဆားငန်ရေပါတဲ့အတွက်ကြောင့် သံမဏိဘောတွေက သံချေးစားမှုဖြစ်ခဲ့ရင် ပြုပြင်ထိန်းသိမ်းမှု(Maintenance Charges)ဟာ နှစ်စဉ်ကုန်ကျမှာ ဖြစ်ပါတယ်။ ရေယာဉ်များနဲ့ မတော်တဆထိခိုက်မှုကြောင့်သော်လည်းကောင်း ထိခိုက်ပျက်စီးမှု ဖြစ်ခဲ့ရင်လည်းပဲ ရေယာဉ်၊ ယန္တရားတွေသုံးပြီးတော့ ဘောတံတားကလည်း Floating ဖြစ်တဲ့ အတွက်ကြောင့် ဒါကို ကျွန်တော်တို့ ထိန်းသိမ်းဖို့လိုအပ်ပါတယ်။

တစ်ခါ ဒုတိယနည်းလမ်းရှိပါတယ်။ မြို့မဆိပ်ခံတံတားနဲ့ ဈေးတံတားရဲ့ကြားထဲမှာ အလွတ်အလပ်က ပေ ၃၅၀ လောက်ရှိပါတယ်။ အဲဒီနေရာမှာ ဈေးတံတားဆိပ်ခံတံတားဟာ တိုးချဲ့တည်ဆောက်မယ်ဆိုရင် လုံလောက်တဲ့မြေပြင်၊ ရေပြင်နေရာရှိတယ်လို့ တွေ့ရပါတယ်။ ဒါကြောင့် ဈေးတံတားဆိပ်ခံတံတားရဲ့ မျက်နှာစာအကျယ်က ၂၇ ပေသာရှိတဲ့အတွက်ကြောင့်မို့လို့ ပေ ၁၀၀ ခန့် တိုးချဲ့တည်ဆောက်မယ်ဆိုခဲ့ရင် အလျား ၁၂၇ ပေရှိတဲ့ သံကူကွန်ကရစ်ဆိပ်ခံတံတား ပေါ်ပေါက်လာမယ်ဖြစ်ပြီးတော့ ရေယာဉ်များဆိုက်ကပ်မှုအတွက် ပိုမိုပြီးတော့အဆင်ပြေစေမှာ ဖြစ်ပါတယ်။ ဒေသအနေနဲ့လည်း အလွယ်တကူပြင်ဆင်ပြီး တည်ဆောက်နိုင်တယ်လို့ ပြောပါတယ်။ ဒီဇိုင်းပုံစံကိုတော့ အသေးစိတ်မြေပြင်ကွင်းဆင်းမှုများပြုလုပ်ပြီး ရွေးချယ်ပြီးတော့ တည်ဆောက်ဖို့ လိုအပ်မှာဖြစ်ပါတယ်။ ဒီလိုဆိုရင် ဘဏ္ဍာငွေကို ဘယ်သူက အကုန်အကျခံမှာလဲ။ ဒီနေရာမှာ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၈ ဇယား(၂) အပိုဒ် ၆ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲ(ဂ)အရ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးကဏ္ဍမှာ ဖော်ပြထားတာကတော့ တိုင်းဒေသကြီးအစိုးရ၏ အစီအမံဖြင့်သာ ဆောင်ရွက်ရမယ်လို့ တိုင်းဒေသကြီးအစိုးရမှာစီမံခန့်ခွဲပိုင်ခွင့်ရှိသည့် သင်္ဘောဆိပ် များ၊ ဆိပ်ခံများတွင် ပါဝင်နေတဲ့အတွက်ကြောင့် တိုင်းဒေသကြီးအစိုးရရဲ့ အစီအမံဖြင့်သာ ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့က နည်းလမ်းနှစ်သွယ်နဲ့ဆောက်တဲ့အခါမှာ ဘယ်လိုပဲဆောက်ဆောက် ကျွန်တော်တို့အနေနဲ့ နည်းပညာအရ ဆိပ်ကမ်းအာဏာပိုင်တွေနဲ့ အင်ဂျင်နီယာများအနေနဲ့ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်တဲ့အကြောင်း လေးစားစွာ ရှင်းလင်း တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးသန်းအောင်(ငပုတောမဲဆန္ဒနယ်)**။ ။ ဆက်စပ်မေးခွန်းမေးခွင့်ပြုပါခင်ဗျား။ လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ဝန်ကြီးဌာနရဲ့ဖြေကြားချက်က ကျွန်တော်တို့မြို့နယ်ရဲ့ လက်တွေ့အခက်အခဲတွေကို အမှန်တကယ်ပြေလည်နိုင်၊ ဖြေရှင်းနိုင်တဲ့အဖြေမျိုးတော့ မဟုတ်ခဲ့ပါဘူး။ ကျွန်တော်တို့မြို့နယ်ဟာ မြို့နယ်ရဲ့ဝင်ငွေက အင်မတန်မှနည်းပါးတဲ့ မြို့နယ်အငယ်လေးတစ်ခုဖြစ်ပါတယ်။ မြို့နယ်ပေါ်မှာ လုပ်စရာရှိတဲ့လမ်းတွေ၊ Box Culvert တွေ၊ အခြားပြည်သူလူထုနားခိုမယ့် ပန်းခြံတွေကိုလုပ်နေရတဲ့အတွက် ဒီ သိန်း ၄၀၀၊ သိန်း ၅၀၀ ဟာ ဘာမှအရာမထင်ပါဘူး။ အဲဒီတံတားကို ကျွန်တော်တို့ ဒီငွေထဲကစိုက်ပြီးတော့ သုံးလိုက်မယ်ဆိုလို့ရှိရင် ကျွန်တော်တို့မြို့နယ်ရဲ့ဖွံ့ဖြိုးမှုတွေက အင်မတန်နောက်ကျသွားမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အကျိုးရှိပြီးတော့ လွယ်ကူတဲ့ နောက်နည်းလမ်းနှစ်လမ်းနဲ့ မေးခွန်းမေးချင်ပါတယ်။ ဝန်ကြီးဌာနအနေနဲ့ (၁) ငပုတောမြို့နယ် စည်ပင်သာယာအဖွဲ့ရဲ့ စီမံခန့်ခွဲမှုတွေနဲ့အခွန်အခတွေကို ဦးစီးဌာနတစ်ခုခု သို့မဟုတ် အဖွဲ့အစည်းတစ်ခုခုက သဘောတူညီလွှဲပြောင်းရယူပြီး ဆိပ်ခံဘောကိုဖြည့်ဆည်းပေးနိုင်ခြင်းရှိ/မရှိနှင့် (၂) ဝန်ကြီးဌာနက သင့်တင့်တဲ့နှုန်းထားနဲ့ ပြည်တွင်းရေကြောင်းပိုင် ဆိပ်ခံဘောတစ်စင်းကို ငှားရမ်းကူညီနိုင်ခြင်းရှိ/မရှိကို တစ်ဆက်တစ်စပ်တည်းမေးခွန်းအဖြစ်နဲ့ မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ ဝန်ကြီးဖြေကြားပေးနိုင်တယ်ဆိုရင် ဖြေကြားပေးပါ။

**ဦးသန့်စင်မောင်(ပြည်ထောင်စုဝန်ကြီး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန)**။ ။ ဖြေကြားပေးနိုင်ပါတယ်ခင်ဗျား။ ကျွန်တော်တို့ ဒီဘတ်ဂျက်တောင်းခံတဲ့အခါမှာ အခြေခံဥပဒေရဲ့ ဇယား(၁)၊ ဇယား(၂)နဲ့အညီပဲ တောင်းခံရပါတယ်။ ဒါက တိုင်းဒေသကြီးအစိုးရရဲ့ စီမံခန့်ခွဲခွင့်ရှိတဲ့ ဆိပ်ခံဘောတံတားတွေဖြစ်တဲ့အတွက်ကြောင့် ကျွန်တော်တို့အနေနဲ့ ပြည်ထောင်စုဘတ်ဂျက်ကနေ သုံးခွင့်၊ တောင်းခံခွင့်မရှိပါဘူး။ တစ်ခါ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်အနေနဲ့ကလည်း တကယ်တမ်းကျတော့ အစိုးရဘတ်ဂျက်သုံးတဲ့ဌာနမဟုတ်ပါဘူးခင်ဗျား။ ဘတ်ဂျက်ရဲ့ပြင်ပကနေပြီးတော့ မိမိဘာသာရပ်တည်ရတဲ့ ဆိပ်ကမ်းအဖွဲ့အစည်းဖြစ်ပါတယ်။ အဲဒါကြောင့်မို့လို့ ပြည်ထောင်စုဘတ်ဂျက်ရရှိဖို့ကတော့ ခက်ခဲပါတယ်ခင်ဗျား။ အဲဒီမှာ တိုင်းဒေသကြီးအစိုးရက ဒီဟာအတွက် သယ်ယူပို့ဆောင်ရေးဝန်ကြီးနဲ့ နှုတ်အားဖြင့် ဒီဟာက ကတိကဝတ်တော့လည်းမဟုတ်ဘူး။ ဒီဟာကို မေးမြန်းတဲ့အခါမှာ သူတို့ GRF Fund တွေရအောင် ကြိုးစားနေပါတယ်။ ခုနတုန်းက ဒေးဒရဲမှာလုပ်သလို သံမဏိဘောတံတားလောက်ကိုတော့ သူတို့လုပ်နိုင်ပါတယ်လို့ ပြောပါတယ်ခင်ဗျား။ အဲဒီအခါမှာ ကျွန်တော်တို့ ဘယ်လိုပဲဖြစ်ဖြစ် တစ်ခုခုအဖြေရအောင် တိုင်းဒေသကြီးအစိုးရအနေနဲ့

ဆက်သွယ်ပြီးတော့ လုပ်ပါမယ်။ သို့ပေမဲ့ ကျွန်တော်တို့ တိတိကျကျ ကျွန်တော်တို့မှာ ဘတ်ဂျက် မပေးနိုင်တဲ့အတွက်ကြောင့် တိုင်းဒေသကြီးအစိုးရကသာ ဘတ်ဂျက်ရှိပြီးတော့ အားလုံးပူးပေါင်း ပြီးတော့ ဆောင်ရွက်မယ်ဆိုရင်တော့ ဖြစ်နိုင်ပါတယ်။ တိုင်းဒေသကြီးအစိုးရအဖွဲ့မှာ ခုနတုန်းက GRF Fund ကနေပြီးတော့ ရအောင်ကြိုးစားမယ်လို့တော့ ဝန်ကြီးကနေပြီးတော့ နှုတ်အားဖြင့် ပြောဆိုထားတာရှိပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ ဟုတ်ကဲ့ပါခင်ဗျား။ ဝန်ကြီးကိုကျေးဇူးတင်ပါတယ်။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးက ပြန်လည်ထွက်ခွာမယ်ဆိုရင် ထွက်ခွာနိုင်ပါပြီ။

**မက်မန်းမြို့နယ်တွင် မြို့နယ်သစ်တောဦးစီးဌာန၌ ဖွဲ့စည်းပုံပါဝန်ထမ်းဖွဲ့စည်းပုံအနက်မှ လစ်လပ် လျက်ရှိသည့် ဝန်ထမ်းဦးရေမည်မျှအား ထပ်မံဖြည့်ဆည်းခန့်အပ်ပေးရန်နှင့် မြို့နယ်သစ်တော ဦးစီးဌာနရုံးအဆောက်အဦဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိတို့နှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ မက်မန်းမဲဆန္ဒနယ်မှ ဦးတင်အေး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးတင်အေး(မက်မန်းမဲဆန္ဒနယ်)**။ ။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မက်မန်းမဲဆန္ဒနယ်မှ ဦးတင်အေး ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ မက်မန်းမြို့နယ်ဟာ ရှမ်းပြည်နယ်(အရှေ့ပိုင်း)မှာပါဝင်ပြီးတော့ အစွန်အဖျားမှာတည်ရှိတဲ့မြို့ ဖြစ်ပါတယ်။ အကျယ်အဝန်းအနေနဲ့စတုရန်းမိုင်ပေါင်း ၁၁၆၈.၂၃ မိုင်ရှိပြီးတော့ ဧရိယာဧကအနေနဲ့ ဆိုရင် ၇၄၇၆၆၆ ဧက ကျယ်ဝန်းပါတယ်။ မြေပြန့်လွင်ပြင်နည်းပါးပြီးတော့ တောတောင်ထူထပ်တဲ့ မြို့နယ်ဖြစ်ပြီး ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၅၁၈၀ မှာတည်ရှိတဲ့မြို့လည်း ဖြစ်ပါတယ်။ မြို့နယ်အနေနဲ့ ယခင်ကအမြဲစိမ်းတောများဖုံးလွှမ်းလျက်ရှိသော်လည်း ယခုအခါ ဒေသခံပြည်သူများ ရဲ့ ရွှေ့ပြောင်းတောင်ယာခုတ်ထွင်မှု၊ သစ်၊ ဝါး၊ ထင်းအဖြစ်ခုတ်ယူအသုံးပြုမှုတို့ကြောင့် သဘာဝ ပတ်ဝန်းကျင်ဂေဟစနစ်တို့ တဖြည်းဖြည်းပျက်စီးယိုယွင်းလာတာကိုလည်း တွေ့ရှိရပါတယ်။ မြို့နယ်သစ်တောဦးစီးဌာနရုံးကို ၂၀၀၄ ခုနှစ်မှာ မိုင်းပျဉ်းမြို့နယ် သစ်တောဦးစီးဌာနအဖြစ် တည်ရှိခဲ့ပြီးတော့ ၂၀၀၆ ခုနှစ်မှာတော့ မက်မန်းမြို့နယ်သစ်တောဦးစီးဌာနရုံးအဖြစ် ဖွင့်လှစ်ခဲ့ပါ တယ်။ ရုံးအဆောက်အအုံနဲ့တွဲလျက်ဝန်ထမ်းအိမ်ရာဖြစ်တဲ့ သွပ်မိုး၊ ပျဉ်ကာ (၂၀ x ၂၆ ပေ)ကိုလည်း ၂၀၀၆ ခုနှစ်ကပဲဆောက်လုပ်ခဲ့တာ ဖြစ်ပါတယ်။ မြို့နယ်သစ်တောဦးစီးဌာနရုံး ဝန်ထမ်းအင်အား ဖွဲ့စည်းပုံအနေနဲ့ ၂၁ ဦးဖြစ်ပေမဲ့ လက်ရှိအခြေအနေမှာတော့ ဟိုပန်ခရိုင်မှတာဝန်ချထားပေးတဲ့ တောအုပ်တစ်ဦးတည်းသာ ရှိတာကိုလည်းတင်ပြလိုပါတယ်။ မက်မန်းမြို့နယ်အတွင်းမှာဆိုရင်

လွယ်ဟိုလာကြိုးဝိုင်းတော ဖွဲ့စည်းဆောင်ရွက်နိုင်ရေးကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှစတင်ပြီး တော့ဆောင်ရွက်လျက်ရှိပါတယ်။ လက်ရှိအခြေအနေမှာ သစ်တောဧရိယာ ၃၇၇၈၀ ဧကကို ကြိုးဝိုင်းတောဖွဲ့စည်းနိုင်ရေး ကြေးတိုင်သတ်မှတ်ခြင်းလုပ်ငန်းကို ဆောင်ရွက်နေပြီဖြစ်ပါတယ်။

ဒီလွယ်ဟိုလာဒေသဟာဆိုရင် လွယ်ဟိုလာဟာပေ ၇၀၀၀ ကျော်မြင့်တဲ့တောင် ဖြစ်ပါတယ်။ ကြိုးဝိုင်းတောဖွဲ့စည်းခြင်းလုပ်ငန်းဆောင်ရွက်ရာမှာ လက်ရှိခန့်အပ်ထားတဲ့ဝန်ထမ်းတစ်ဦးတည်းနဲ့ လုပ်ငန်းတာဝန်တွေများပြားတဲ့အတွက် အခက်အခဲရှိသလိုလို လုပ်ငန်းတွင်ကျယ်မှုနည်းပါးတာကို လည်းတင်ပြလိုပါတယ်။ ဒီနေရာမှာကျွန်တော့်အနေနဲ့တင်ပြလိုတာကတော့ ဖွဲ့စည်းပုံအပြည့် ထပ်မံခန့်အပ်ပေးဖို့ တင်ပြနေတာမဟုတ်ဘဲ ဝန်ကြီးဌာနအနေနဲ့ထပ်မံခန့်အပ်ပေးနိုင်တဲ့ ဝန်ထမ်း အင်အားများတတ်နိုင်သလောက်ခန့်အပ်ပေးဖို့ပဲ ဖြစ်ပါတယ်။ သစ်တော၊ သစ်ပင်တွေနဲ့ သဘာဝ ပတ်ဝန်းကျင်ပျက်စီးဆုံးရှုံးမှုတွေကို ခရိုင်၊ မြို့နယ်တာဝန်ရှိသူတွေနဲ့ အသိပညာပေးဟောပြောပွဲ တော့်၊ ဆွေးနွေးပွဲတွေ၊ သစ်တော၊ သစ်ပင်များအား တန်ဖိုးထားတတ်တဲ့အသိအမြင်များ ပိုမိုကြွယ်ဝ လာစေဖို့နဲ့ နယ်မြေကွင်းဆင်းဆောင်ရွက်နိုင်ဖို့ကို ယခုထက်ပိုမိုပြီးထိထိရောက်ရောက်ဆောင်ရွက် နိုင်မှာဖြစ်တာကိုလည်း တင်ပြလိုပါတယ်။ မက်မန်းမြို့နယ်အတွင်း သဘာဝပတ်ဝန်းကျင်ဂေဟစနစ် ပျက်စီးယိုယွင်းမှုများနည်းပါးလာစေရန် သစ်တောပြုန်းတီးပျက်စီးမှုများအား ယခုထက်ပိုမို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်နိုင်ရန် သဘာဝဘေးအန္တရာယ်ဖြစ်ပွားမှုများလျော့ပါးစေရန်နှင့် နိုင်ငံ့ဝန်ထမ်းများအတွက် ရုံးအဆောက်အဦဝန်ထမ်းအိမ်ရာများဟာလည်း မရှိမဖြစ်လိုအပ်တဲ့ အရေးကြီးတဲ့ အခန်းကဏ္ဍမှာပါဝင်နေတာဖြစ်တဲ့အတွက် မက်မန်းမြို့နယ်အတွက် မြို့နယ် သစ်တောဦးစီးဌာန၌ ဖွဲ့စည်းပုံပါဝန်ထမ်းများနှင့် လစ်လပ်လျက်ရှိတဲ့ဝန်ထမ်းများအရေအတွက် မည်မျှထပ်မံဖြည့်စည်းခန့်အပ်ပေးရန် အစီအစဉ်ရှိ/မရှိနဲ့ မြို့နယ်သစ်တောဦးစီးဌာနရုံး အဆောက်အဦဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုတဲ့မေးခွန်းအား ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးခွန်း အဖြစ်မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာရဲမြင့်ဆွေ(ဒုတိယဝန်ကြီး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်

ကိုယ်စားလှယ်တော်ကြီးများ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ရှမ်းပြည်နယ်၊ မက်မန်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်အေး မေးမြန်းတဲ့ဒီကြယ်ပွင့်ပြမေးခွန်းနဲ့ပတ်သက်ပြီး ကျွန်တော် ဒေါက်တာရဲမြင့်ဆွေ ဒုတိယဝန်ကြီး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနအနေနဲ့ ၂၀၂၀ ပြည့်နှစ်၊ ဧပြီလမှာရှိတဲ့ ဝန်ထမ်းအင်အားစာရင်းအရ ခွင့်ပြုဖွဲ့စည်းပုံကတော့ ၁၅၄၄၉ ဦးရှိတဲ့နေရာမှာ လောလောဆယ် ၇၇၅၁ ဦး ခွင့်ပြုအင်အားရဲ့ ၅၀.၁၇ ရာခိုင်နှုန်းပဲခန့်ထားရခြင်း ဖြစ်ပါတယ်။

မက်မန်းမြို့နယ်ဟာ သစ်တောဦးစီးဌာနရဲ့ ဖွဲ့စည်းပုံအရ (ခ) အဆင့်မြို့နယ်ဖြစ်တဲ့အတွက် ဟိုပန်မြို့နယ်သစ်တောဦးစီးဌာနရဲ့ အုပ်ချုပ်မှုအောက်မှာရှိပါတယ်။ (ခ) အဆင့် မြို့နယ်ရဲ့ဖွဲ့စည်းပုံအရ မြို့နယ်ဦးစီးဌာနမှူး တောအုပ်ကြီးတစ်ဦးအပါအဝင် အမှုထမ်း ၂၁ ဦးဖြစ်ပြီးတော့မှ ဟိုပန်မြို့နယ် သစ်တောဦးစီးဌာနအနေနဲ့ မိုင်းမောမြို့နယ်၊ ပန်ဝိုင်မြို့နယ်၊ ပန်ဆန်းမြို့နယ်၊ ပန်ယန်းမြို့နယ်၊ နားဖန့်မြို့နယ်၊ မန်ဖန့်မြို့နယ်နှင့် မက်မန်းမြို့နယ်စတဲ့ ဒီမြို့နယ်တာဝန်တွေကိုပါ ပူးတွဲတာဝန်ထမ်းဆောင်ရတဲ့အတွက်ကြောင့်မို့လို့ ဖွဲ့စည်းပုံကို အမှုထမ်း ၃၆ ဦးဖြင့် ဖွဲ့စည်းပုံတိုးချဲ့ထားပါတယ်။ သို့ရာတွင် ယခုလက်ရှိအချိန်မှာတော့ ၁၃ ဦးအထိသာ ခန့်ထားနိုင်သေးပါတယ်။ စီမံအုပ်ချုပ်ရတဲ့မြို့နယ် အရေအတွက်တွေများတဲ့အတွက် မက်မန်းမြို့နယ်မှာ ဟိုပန်မြို့နယ်က တောခေါင်းတစ်ဦးအပြင် နယ်မြေဆက်စပ်နေတဲ့ကျိုင်းတုံမြို့နယ်က တောအုပ်တစ်ဦးကိုပါ လက်ရှိအင်အားဖြည့်တင်းထားပါတယ်။ သစ်တောဦးစီးဌာနရဲ့ ဖွဲ့စည်းပုံကို မျက်မှောက်အခြေအနေနဲ့ လိုက်လျောညီထွေမှုရှိစေဖို့အတွက် လက်ရှိခရိုင်နှင့်မြို့နယ်များအနက်တချို့ကို အဆင့်တိုးမြှင့်ဖို့ ဆောင်ရွက်လျက်ရှိရာမှာ စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာနရဲ့ သဘောထားမှတ်ချက်နဲ့အညီ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်များ၏ သဘောတူညီချက်နဲ့အတူ သစ်တောဦးစီးဌာနတစ်ခုလုံးရဲ့ဖွဲ့စည်းပုံက တိုးချဲ့ပြင်ဆင်ဖို့ လုပ်ထုံးလုပ်နည်း၊ အမိန့်၊ ညွှန်ကြားချက်တွေနဲ့အညီ ခွင့်ပြုချက်ရရှိရေးဆောင်ရွက်လျက်ရှိပါတယ်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ကျွန်တော်တို့သဘောတူညီချက်ရရှိပြီးဖြစ်တဲ့အတွက်လည်း မက်မန်းမြို့နယ်ကို (ခ) အဆင့်မြို့နယ်အဖြစ် တိုးမြှင့်ဖွဲ့စည်းခွင့်ရရှိဖို့ ဆောင်ရွက်လျက်ရှိပါ၍ သစ်တောဦးစီးဌာန ဝန်းထမ်းအင်အားအပြည့်နဲ့ သစ်တောပြုစုထိန်းသိမ်းရေးလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်လာနိုင်မှာဖြစ်ပါတယ်။ လတ်တလောအခြေအနေမှာတော့ လက်ရှိတာဝန်ချထားပြီး

တောအုပ်တစ်ဦး၊ တောခေါင်းတစ်ဦးအပြင် နောက်ထပ်တောအုပ်တစ်ဦး သို့မဟုတ် တောခေါင်းတစ်ဦး အင်အားတိုးမြှင့်တာဝန်ပေးအပ်သွားမည်ဖြစ်ပါကြောင်းနှင့် (ခ) အဆင့်မြို့နယ်အဖြစ် တိုးမြှင့်ဖွဲ့စည်းခွင့်ရရှိပါက ရုံးနှင့်ဝန်ထမ်းနေအိမ်များ လိုအပ်ချက်တွေအတွက်ကိုလည်း ဘဏ္ဍာရန်ပုံငွေတောင်းခံပြီးတော့မှ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ရှိပါတယ်။

**မင်းဘူး(စကု)မြို့နယ်၊ လေးပင်ကျေးရွာအုပ်စုရှိ (၁၂၇၉)ကွင်းမှ နှစ်ပေါင်း ၆၅ နှစ်ခန့် ဓားမဦးချလုပ်ကိုင်စားသောက်နေသော စိုက်ပျိုးဧရိယာအား ကွင်းဆင်းစိစစ်ပြီး ကြိုးဝိုင်းဧရိယာအတွင်းမှ ပယ်ဖျက်ပေးနိုင်ခြင်းရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ မင်းဘူးမဲဆန္ဒနယ်မှ ဦးဝင်းဝင်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဝင်းဝင်း(မင်းဘူးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဒုတိယဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံကြပါစေလို့ ရှေးဦးပဏာမ မေတ္တာများပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ မင်းဘူးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဝင်းဖြစ်ပါတယ်။ ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မင်းဘူး(စကု)မြို့နယ်၊ လေးပင်ကျေးရွာအုပ်စုမှာရှိတဲ့ ကွင်းအမှတ်(၁၂၇၉)ကွင်းမှာ နှစ်ပေါင်း ၆၅ နှစ်ခန့် ဓားမဦးချလုပ်ကိုင်စားသောက်ခဲ့တဲ့ဧရိယာကို ကြိုးဝိုင်းအတွင်းမှပယ်ဖျက်ပေးပါရန် မေးမြန်းသွားမှာ ဖြစ်ပါတယ်။ ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မကွေးတိုင်းဒေသကြီး၊ မင်းဘူး(စကု)မြို့နယ်၊ လေးပင်ကျေးရွာကို လွန်ခဲ့တဲ့ ၁၉၅၄ ခုနှစ်ကတည်းက ကျေးရွာအဖြစ် စတင်တည်ထောင်ခဲ့တာဖြစ်ပါတယ်။ အဲဒီကျေးရွာစတင်တည်ထောင်ခဲ့တဲ့ ၁၉၅၄ ခုနှစ်ကတည်းက အဲဒီကျေးရွာပတ်ဝန်းကျင်မှာရှိတဲ့ ယခုကွင်းအမှတ်(၁၂၇၉)ကွင်းမှာ ဓားမဦးချစိုက်ပျိုးရေးလုပ်ကိုင်ခဲ့တာပဲ ဖြစ်ပါတယ်။ အဲဒီဧရိယာကွင်းမှာပဲ စိုက်ပျိုးရေးလုပ်ကိုင်ပြီးတော့ အသက်မွေးဝမ်းကျောင်းပြုခဲ့ကြတာ အခုဆိုရင်နှစ်ပေါင်း ၆၅ နှစ်ခန့် ကြာမြင့်ခဲ့ပြီဖြစ်ပါတယ်။ သို့သော် အဲဒီလိုစိုက်ပျိုးရေးလုပ်ခဲ့သော်လည်းပဲစိုက်ပျိုးရေးလုပ်တဲ့အချိန်မှာ ကြိုးဝိုင်းဧရိယာအတွင်းမှာ ပယ်ဖျက်ပေးခြင်းမရှိသေးတဲ့အတွက်စိုက်ပျိုးရေးလုပ်တဲ့ရာသီချိန်မှာ ဒေသခံတောင်သူတွေနှင့် ဒေသခံစိုက်ပျိုးရေးဝန်ထမ်းတွေနဲ့အဆင်မပြေမှုတွေ မကြာခဏကြုံတွေ့ခဲ့ရပါတယ်။ အဲဒီစိုက်ပျိုးရေးလုပ်တဲ့မြေတွေမှာဆိုလို့ရှိရင်ကျွန်တော်တို့က ကွင်းအမှတ်နှင့် ဦးပိုင်အမည်ပေါက် ပြေစာများကိုလည်း လက်ရှိ တောင်သူတွေ

လက်ထဲမှာ ကိုင်နေမြဲရှိနေတာကို တွေ့ရှိရပါတယ်။ ဒါကြောင့်မို့လို့ ဒေသခံတောင်သူတွေရဲ့ အခက်အခဲတွေကို ပြေလျော့စေဖို့အတွက် နှစ်ပေါင်း ၆၅ နှစ်ခန့် ခါမဦးချလုပ်ကိုင်ခဲ့တဲ့ ကွင်းအမှတ် (၁၂၇၉)ကွင်းအား တောင်သူတွေစိုက်ပျိုးတဲ့မြေတွေကို ကြိုးဝိုင်းအတွင်းမှ ပယ်ဖျက်ပေးပါရန် အစီအစဉ်ရှိ/မရှိ ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာရဲမြင့်ဆွေ(ဒုတိယဝန်ကြီး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မကွေးတိုင်းဒေသကြီး၊ မင်းဘူးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဝင်းရဲ့မေးခွန်း နှင့်စပ်လျဉ်းပြီး ဖြေကြားသွားမှာဖြစ်ပါတယ်။ ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့် ပေးပါရန် တင်ပြအပ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းချက်ပါ မင်းဘူး(စကု)မြို့နယ်၊ ပုဂံကြိုးဝိုင်းကို ၁၉-၂-၁၉၀၈ ရက်နေ့ ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ်(၂၃)ဖြင့် ဧရိယာ ၃၂၁၇၂.၈၀ ဧက နဲ့ စတင်ဖွဲ့စည်းခဲ့ပါတယ်။ ကျွန်တော်တို့ Power Point မှာတင်ပြထားတဲ့အတိုင်း ၁၉၃၅ ခုနှစ်မှာ အမှတ်(၂)ကာကွယ်ရေးပစ္စည်းစက်ရုံ မြေနေရာအတွက် ၂၇၈၃ ဧက၊ ၂၀၁၀ ပြည့်နှစ်မှာ တပ်မတော် တာဝေးစက်ပစ်ကွင်းမြေနေရာအတွက် ၁၂၈၈၁ ဧက ကျွန်တော်တို့ ပယ်ဖျက်ပေးခဲ့ပါတယ်။ ပြည်သူလူထုရဲ့စားဝတ်နေရေးနဲ့ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် သစ်တောနယ်မြေများ အတွင်း နှစ်ကာလအတိုင်းအတာတစ်ခုအထိ အခြေချနေထိုင်တဲ့ရွာစုနဲ့ အိမ်ထောင်စုတွေကို သစ်တောမြေအဖြစ်ကနေ ပယ်ဖျက်နိုင်ဖို့အတွက်လည်း ကော်မတီအဆင့်ဆင့်ကြီးကြပ်မှုနဲ့ ဌာန အသီးသီးပါဝင်တဲ့ ပူးပေါင်းအဖွဲ့တွေက ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီလကနေ မတ်လအထိ မြေပြင်မှာ စာရင်းကောက်ယူခဲ့ပါတယ်။ ကောက်ယူတဲ့စာရင်းအရ ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောမြေအဖြစ်မှ ပယ်ဖျက်ခြင်းလုပ်ငန်းစဉ်တွေကို စီမံဆောင်ရွက်ပေးလျက်ရှိပါတယ်။ ၂၀၁၃ ခုနှစ် သစ်တောမြေ ကျူးကျော်စာရင်းအရ လေးပင်ကျေးရွာမြေ ၃၉.၁၃ ဧက၊ ခရကန်ကျေးရွာမြေ ၇၄.၂၁ ဧကတို့ကို သစ်တောမြေအဖြစ်မှ ပယ်ဖျက်ပေးခဲ့ပါတယ်။ ဥယျာဉ်ခြံမြေ ၁၀ ဧကကိုလည်း နှစ်ရှည်မြေငှားရမ်း

ခွင့်ပြုခဲ့ပြီးတော့ ယာမြေ ၂၄၇၆ ကေကိုလည်း ကနဦးနှစ် ၃၀ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တော တည်ထောင်ဆောင်ရွက်ခွင့်ကိုပြုထားပြီး ဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းတဲ့မေးခွန်းပါဧရိယာရှိ ဒေသခံပြည်သူများဟာ ၂၀၁၃ ခုနှစ် စာရင်းကောက်ယူစဉ်က မပါဝင်ခဲ့တဲ့အတွက် ကျူးကျော်လုပ်ကိုင်လျက်ရှိတဲ့ စိုက်ပျိုးမြေ ဧရိယာတွေကို ကြိုးဝိုင်းမြေအဖြစ်မှ ပယ်ဖျက်ပေးရန် လတ်တလောအစီအစဉ်မရှိသေးသော်လည်း ၂၀၁၈ ခုနှစ် သစ်တောဥပဒေအခန်း(၃)၊ ပုဒ်မ ၇ ပုဒ်မခွဲ(က)အရ ဝန်ကြီးဌာနသည် နေပြည်တော် ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ၏ သဘောထားမှတ်ချက်၊ ပြည်ထောင်စုအစိုးရ အဖွဲ့၏ သဘောတူညီချက်ဖြင့် ကြိုးဝိုင်းတောတစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ ကြိုးဝိုင်းတောအမျိုးအစား ပြင်ဆင်ဖွဲ့စည်းခြင်း၊ ကြိုးဝိုင်းတောအဖြစ်မှပယ်ဖျက်ခြင်း သို့မဟုတ် ကြိုးပြင်ကာကွယ်တောအဖြစ် ပြောင်းလဲသတ်မှတ်ခြင်းပြုနိုင်သည်ဟု ဖော်ပြပါရှိသဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ကြီးကြပ်ဆောင်ရွက်မှုနှင့် မြေပြင်အခြေအနေမှန်တွေကို ဆက်စပ်ဌာန များ၊ အဖွဲ့စုံနှင့် ကွင်းဆင်းစိစစ်ပြီး အမှန်တကယ်ပယ်ဖျက်ဆောင်ရွက်ပေးသင့်ပါက တိုင်းဒေသကြီး အစိုးရအဖွဲ့မှ သဘောထားမှတ်ချက်နှင့်အတူ ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ရှိပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးဝင်းဝင်း(မင်းဘူးမဲဆန္ဒနယ်)**။ ။ ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်စပ်မေးခွန်း မေးမြန်းခွင့်ပြုပါရန် ခွင့်တောင်းခံအပ်ပါတယ်။ ခုနကဝန်ကြီးဖြေသွားတဲ့အထဲမှာ ကျွန်တော် နားလည်တာက ၂၀၁၃ ခုနှစ်တုန်းက ကွင်းဆင်းစိစစ်ပြီးတော့ ပယ်ဖျက်ဖို့လိုအပ်တဲ့နေရာတွေကို ပယ်ဖျက်ခဲ့ပြီးပြီလို့ နားလည်ပါတယ်။ နောက်တစ်ခုက အခု ၂၀၁၈ ခုနှစ်မှာ ထုတ်ပြန်ခဲ့တဲ့ဥပဒေအရ ဒီတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ကွင်းဆင်းစိစစ်ပြီးတော့ ပယ်ဖျက်သင့်တဲ့နေရာတွေကို ပယ်ဖျက်ဖို့ ဆောင်ရွက်ရမှာလို့လည်း သိလိုက်ပါတယ်။ ယခုလက်ရှိအခြေအနေမှာ ကွင်းဆင်းကြည့်တဲ့အခါမှာ ဒေသခံတောင်သူတွေ တကယ်စိုက်ပျိုးလုပ်ကိုင်ခဲ့တဲ့ မြေတွေကိုလည်း တွေ့ခဲ့ရပါတယ်။ နောက်တစ်ခုက အဲဒီ ၂၀၁၃ ခုနှစ်ကတည်းကပဲ ဒေသခံတောင်သူတွေကိုယ်တိုင်ကလည်း ကျေးရွာရဲ့ လူနေမှုအခြေအနေအရ ကျေးရွာတိုးချဲ့ဖို့လိုအပ်လို့ဆိုပြီးတော့ ကိုယ်တကယ်စိုက်ပျိုးခဲ့တဲ့ ဦးပိုင် အမည်ပေါက်ပြေစာတွေရှိနေလို့ဆိုပြီးတော့ ကျေးရွာနှင့် တစ်ဆက်တစ်စပ်တည်းနေရာတွေမှာ ကျွန်တော်တို့ အိမ်တွေဆောက်ပြီးတော့နေလို့ တရားစွဲခံရတာ ၂၆ ဦးရှိပါတယ်။ ဒါကြောင့်မို့လို့

ကျွန်တော်တို့ တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့်ပြည်ထောင်စုအစိုးရအဖွဲ့တို့ ပေါင်းစပ်ညှိနှိုင်းပြီးတော့ အမှန်တကယ်စွန့်လွှတ်သင့်တဲ့မြေနေရာတွေကိုရှိ/မရှိ ပြန်လည်ကွင်းဆင်းစိစစ်ပြီးတော့ ဆက်လက်ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိ ဒေသခံပြည်သူများ၏ကိုယ်စား လေးစားစွာ မေးမြန်းအပ်ပါတယ် ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ။** ။ ကိုယ်စားလှယ်ကြီး ဒုတိယဝန်ကြီးဖြေထားတာ အဲဒါပါနေပြီးသား။ ဘာဖြစ်လို့လဲဆိုတော့ ၂၀၁၈ ခုနှစ်၊ ဥပဒေအရ မြေပြင်မှာတကယ်ရှိတဲ့ ဥစ္စာကိုဆက်ပြီးကြည့်ပြီးတော့ ဆောင်ရွက်မယ်လို့ပြောနေပြီးသား။ ဟုတ်ပြီလား။

**ဒုတိယဥက္ကဋ္ဌ။** ။ မိုက်ပေးပါ။ ပြောပါ။

**ဦးဝင်းဝင်း(မင်းဘူးမဲဆန္ဒနယ်)။** ။ Power Point မှာဖြေထားတဲ့အဖြေမှာ ကျွန်တော်တို့ သိရတာကတော့ ကွင်းဆင်းဆောင်ရွက်ရမယ်လို့ပါပြီး။ ကွင်းဆင်းပါမယ်လို့ ကျွန်တော်တို့ ပြန်လည်ကွင်းဆင်းစိစစ်ပြီးတော့ ဆောင်ရွက်ပါမယ်ဆိုတဲ့ တိကျတဲ့အဖြေမပါလို့ ဆက်စပ်မေးခွန်း မေးမြန်းရခြင်းဖြစ်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ။** ။ ဒုတိယဝန်ကြီးဖြေကြားနိုင်ရင် ပြန်လည်ဖြေကြားပေးပါ။

**ဒေါက်တာရဲမြင့်ဆွေ(ဒုတိယဝန်ကြီး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန)။** ။ ကျွန်တော်တို့ ကိုယ်စားလှယ်တော်ကြီးမေးမြန်းတဲ့ကိစ္စနှင့်ပတ်သက်ပြီးတော့မှ ဒီသစ်တောမြေရေိယာက ပယ်ဖျက်ဖို့ဆိုလို့ရှိရင် ဒီသက်ဆိုင်ရာတိုင်းဒေသကြီးအဖွဲ့က ဦးဆောင်ကြီးကြပ်ပြီးတော့ မြေပြင်မှာအမှန်တကယ် တိုင်းဒေသကြီးမှာရှိတဲ့ ဌာနတွေနှင့် ကွင်းဆင်းစိစစ်ပြီးတော့မှ ပြည်ထောင်စုအစိုးရအဖွဲ့ကို တင်ပြရမှာဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ လုပ်ထုံးလုပ်နည်းဖြစ်ပါတယ်။ ဒီလုပ်ထုံးလုပ်နည်းအတိုင်းဆောင်ရွက်မယ်ဆိုရင်တော့ ကျွန်တော်တို့ ဝန်ကြီးဌာနကလည်း ဆက်လက်ပြီးတော့မှ ပူးပေါင်းဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ပေါင်မြို့နယ်ရှိ ကုလားမတောင်တန်းကြီးမှ လမ်းခင်းကျောက်ထုတ်လုပ်ခြင်း၊ ဓာတ်သတ္တုတူးဖော်ခြင်း၊ မြေကွက်ဖော်မြေတူးရောင်းချခြင်း စသည့်လုပ်ငန်းများကို တရားဝင်နှစ်ရှည်လုပ်ကိုင်ခွင့်ပြုထားခြင်းနှင့် တရားမဝင် ဝင်ရောက်လုပ်ကိုင်နေခြင်းကို ပိတ်သိမ်းပေးရန်နှင့် သဘာဝထိန်းသိမ်းစောင့်ရှောက်သည့် ဇီဝတောင်အဖြစ် သတ်မှတ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ ပေါင်မဲဆန္ဒနယ်မှ ဒေါ်မိကွန်ချမ်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်မိကွန်ချမ်း(ပေါင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဝန်ကြီးများအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်မကတော့ ပေါင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဒေါ်မိကွန်ချမ်းဖြစ်ပါတယ်။ ကျွန်မမေးမြန်းမယ့်မေးခွန်းကတော့ ပေါင်မြို့နယ်ရှိ ကုလားမတောင်တန်းကြီးပေါ်မှာ လမ်းခင်းကျောက်ထုတ်လုပ်ခြင်း၊ ဓာတ်သတ္တုတူးဖော်ခြင်း၊ မြေကွက်ဖော်မြေတူးရောင်းချခြင်းစတဲ့လုပ်ငန်းများကို တရားဝင်နှစ်ရှည်လုပ်ကိုင်ခွင့်ပြုထားခြင်းနှင့် တရားမဝင်ဝင်ရောက်လုပ်ကိုင်နေခြင်းတို့ကို ပိတ်သိမ်းပေးပါရန်နှင့် ကုလားမတောင်တန်းကြီးကို သဘာဝထိန်းသိမ်းစောင့်ရှောက်သည့် ဇီဝတောင်အဖြစ်သတ်မှတ်ပေးနိုင်ခြင်းရှိ/မရှိမေးခွန်း မေးမြန်းရခြင်းဖြစ်ပါတယ်။ ဒုတိယဥက္ကဋ္ဌကြီးရှင်။ ပေါင်မြို့နယ်မှာရှိတဲ့ပြည်သူများဟာ ကုလားမတောင်တန်းကြီးကို အားထားမှီတင်းနေထိုင်ကြတဲ့ ဒီတောင်တန်းမှာရေအရင်းအမြစ် စိမ့်စမ်းရေတွေ အစဉ်မပြတ်ထုတ်ပေးနေတဲ့အတွက်ကြောင့် ပြည်သူများအတွက် သောက်သုံးရေအဆင်ပြေနေရခြင်းဖြစ်ပါတယ်။ ကုလားမတောင်တန်းကြီးကြောင့် ကားတိုက်ဆည်ကြီးကိုတည်ဆောက်နိုင်ခဲ့ပြီး လယ်ယာမြေဥယျာဉ်ခြံလုပ်ငန်းတွင်လည်း အောင်မြင်ဖြစ်ထွန်းခဲ့ရတာဖြစ်ပါတယ်။ ဆန်စပါးထွက်နှုန်းကောင်းတဲ့မြို့နယ်တစ်ခုဖြစ်ပါတယ်။ ကမ္ဘာ့ရာသီဥတုပြောင်းလဲလာသည်နှင့်အမျှ မိုးခေါင်းရေရှားတဲ့ဒဏ်ကိုတစ်နှစ်ထက်တစ်နှစ်ပိုမိုကြုံတွေ့နေရပါတယ်။ ယခင်က တောတောင်တွေမပျက်စီးခဲ့စဉ်ကစိမ့်စမ်းရေ၊ ရေတွင်းများမှ ရေမပြတ်တည်ရှိနေပါသော်လည်း ယခုအခါမှာ သစ်ပင်ခုတ်၊ တောင်ပြို၊ မြေတူး၊ လမ်းဖောက်၊ ခြံကွက်ဖော်ရောင်းစားခဲ့တဲ့အတွက်ကြောင့် ဂေဟစနစ်တွေလည်း ပျက်စီးခဲ့ရပါတယ်။ တောတောင်ကိုမှီပြီး နေထိုင်စားသောက်နေရတဲ့ တိုင်းရင်းသားပြည်သူတွေများရဲ့ဥယျာဉ်ခြံလုပ်ငန်းတွင်လည်း ပျောက်ပျက်ခဲ့ရတယ်။ ရှားပါးတိရစ္ဆာန်များ၊ ပရေဆေးများ မျိုးရိုးဗီဇပျောက်ကွယ်ခဲ့ရပါတယ်။

ဒါကို အစိုးရအနေနဲ့ နှစ်ရှည်ခွင့်ပြုထားတဲ့ ကျောက်ထုတ်တဲ့လုပ်ငန်းတွေ၊ တရားမဝင်လုပ်ကိုင်နေတဲ့ မြေကွက်ဖော်၊ ခြံကွက်ဖော်လုပ်ငန်းတွေကို အပြီးအပိုင်ရပ်တန့်ပြီး ကြပ်မတ်ရန်ဆောင်ရွက်ဖို့အချိန်ဖြစ်ပါတယ်။ ပျောက်ကွယ်နေတဲ့ စိမ့်စမ်းရေတွေ၊ ရေတံခွန်တွေကိုလည်းပြန်လည်ထိန်းသိမ်းပြီး မြေသားတမံအသေးစားတွေတည်ဆောက်ပေးခြင်း၊ သစ်ပင်၊ ဝါးပင်တွေကိုအစားထိုးစိုက်ပျိုးပေးခြင်းဖြင့် နောင်လာနောက်သားများအတွက် ထည့်စဉ်းစားပေးရမှာဖြစ်ပါ တယ်။ Power Point အသုံးပြုခွင့်ပြုပါရှင်။ ဒါက ဆင်ရွာကျေးရွာမှာရှိတဲ့ ရေတံခွန်နားက ကျောက်မိုင်းပါ။

မူကြမ်း

ဒါရေတံခွန်နှင့်ထိစပ်နေပါပြီ။ ဒါက အုတ်တံတားစီမှာရှိတဲ့ ကျောက်မိုင်းပါ။ ဒါက တဂူဝီရေတံခွန်ရှိပါတယ်။ အဲဒီမှာ ပျောက်နေပါပြီ။ ဒါက ကျွန်မတို့ ပတ်ဝန်းကျင်တွေအားလုံးအဲဒီမှာ ပေါင်ရဲ့အခြေမှာ နေထိုင်စားသောက်နေကြပါတယ်။ ကျေးဇူးတင်ပါတယ်။

ဒုတိယဥက္ကဋ္ဌကြီးရှင်။ ၂၀၁၈ ခုနှစ်၊ ဇီဝမျိုးစုံကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာဥပဒေအခန်း(၁)မှာ ဖော်ပြထားတဲ့ ဇီဝမျိုးစုံကွဲဆိုတဲ့အဓိပ္ပာယ်မှာ ကုန်းမြေပင်လယ်နှင့် အခြားဂေဟစနစ်များ ၎င်းတို့မှာပါဝင်နေတဲ့ ဂေဟဗေဒအရဆက်စပ်မှုရှိတယ်။ အရင်းအမြစ်အားလုံးရဲ့ သက်ရှိများကြား ကွဲပြားမှုကိုဆိုလိုပါတယ်။ ကုလားမတောင်တန်းသည် လည်း ဤဇီဝမျိုးဇုံကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ရမယ့်ဒေသ တစ်ခုအဖြစ်လည်းအသုံးဝင်နေပါတယ်။ ပေါင်မြို့နယ်သည် ဆောင်းရာသီရောက်လို့ရှိရင် ကမ္ဘာ့ ဆောင်းခိုငှက်များ လာရောက်ခိုအောင်းနားနေတဲ့ဒေသတစ်ခုဖြစ်ပါတယ်။ ပင်လယ်ကမ်းခြေ ကျေးရွာတစ်ခုဖြစ်တဲ့ အလုပ်ကျေးရွာသည် ဆောင်းခိုငှက်များပျော်မွေ့ရာနေရာဖြစ်တယ်။ ငှက်ကြည့်ဝါသနာရှင်များလာရောက်ပြီး လေ့လာခဲ့ရတယ်။ ကုလားမတောင်တန်းတစ်လျှောက်မှာ ငှက်များနားခိုပြီး နေထိုင်စားသောက်ကြတယ်။ ဒေသခံများရဲ့ ဖမ်းဆီးစားသောက်မှုကိုလည်း ကြုံတွေ့နေရတယ်။ တောင်တန်းတစ်လျှောက် တန်ဖိုးရှိတဲ့ ပရဆေးတွေများစွာပေါက်ရောက်နေတဲ့ အတွက်ကြောင့် ဒေသခံများများစွာအကျိုးကျေးဇူးရှိခဲ့ပါတယ်။ ထင်ရှားတဲ့ရေတံခွန်များစွာ ပေါ်ထွန်းခဲ့တယ်။ တဂူဝီရေတံခွန်တို့၊ ဇင်းကျိုက်မြို့မှာရှိတဲ့ ဇင်းကျိုက်ရေတံခွန်၊ ကျုံကရေတံခွန်၊ ဆင်ရွာရေတံခွန်တို့သည် ဒေသခံများအတွက်အားထားရတဲ့အပြင် နွေရာသီမှာအပန်းဖြေစရာဖြစ်ခဲ့ပါ တယ်။ သို့သော်လည်း ယခုအခါမှာ လူတို့ရဲ့ပယောဂကြောင့် ရေတံခွန်သည်လည်း ပျောက်ပျက်သွား ရတဲ့ဘေးကို ကြုံတွေ့နေရတယ်။ ရေရှည်မျှော်ကိုးပြီး ဤကုလားမတောင်တန်းကို ထိန်းသိမ်း စောင့်ရှောက်ရန်အချိန် ရောက်နေပြီဖြစ်တဲ့အတွက် သဘာဝထိန်းသိမ်းစောင့်ရှောက်သည့် ဇီဝ တောင်တန်းအဖြစ် သတ်မှတ်ပေးနိုင်ခြင်းရှိ/မရှိ ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလာပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာရဲမြင့်ဆွေ(ဒုတိယဝန်ကြီး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မွန်ပြည်နယ်၊ ပေါင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မိကွန်ချမ်းရဲ့ မေးခွန်းနဲ့ပတ်သက်ပြီးတော့မှ ကျွန်တော်တို့ မွန်ပြည်နယ်အစိုးရရဲ့ ပေါင်းစပ်ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပေးပါရန် တင်ပြအပ်ပါတယ်။ လမ်းခင်းကျောက်ထုတ်လုပ်ခွင့်လိုင်စင်တွေကို ကျွန်တော်တို့ မြေနှင့်အခွန်အက်ဥပဒေအရ လုပ်ထုံးလုပ်နည်းနဲ့အညီ သက်ဆိုင်ရာအထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ စိစစ်ခွင့်ပြုခြင်းဖြစ်ပါတယ်။ လမ်းခင်းကျောက်ထုတ်လုပ်မယ့်နေရာဟာ သစ်တောမြေအတွင်းမှာကျရောက်မယ်ဆိုရင်တော့ သစ်တောဦးစီးဌာနအနေနဲ့ သက်ဆိုင်ရာမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ သဘောထားမှတ်ချက်၊ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့၏ သဘောတူထောက်ခံချက်များနှင့်အညီ စိစစ်ပြီးတော့မှ လုပ်ငန်းများကိုလုပ်ကိုင်ခွင့်ချပေးလျက်ရှိပါတယ်။ သစ်တောနယ်မြေအတွင်း လမ်းခင်းကျောက်ထုတ်လုပ်ခွင့်ပြုရာမှာ Power Point မှာ တင်ပြပါအချက်အလက်များ ကွင်းဆင်းစစ်ဆေးစိစစ်ဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာလုပ်ထုံးနဲ့အညီ လမ်းခင်းကျောက်ထုတ်လုပ်ခြင်းလုပ်ငန်းလုပ်ကိုင်ရာမှာ ထုတ်လုပ်မှုဧရိယာဧက ၂၀၀ အောက်နှင့် တစ်နှစ်လျှင် ထုတ်လုပ်မှုတန်ချိန် ၁၀၀၀၀၀ အောက်ဖြစ်ပါက ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း(Initial Environmental Examination-IEE)အစီရင်ခံစာထုတ်လုပ်မှုဧရိယာဧက ၂၀၀ နှင့်အထက် သို့မဟုတ် တစ်နှစ်လျှင်တန်ချိန် ၁၀၀၀၀၀ နှင့်အထက်ဖြစ်ပါက ပတ်ဝန်းကျင်ထိခိုက်မှုစစ်ဆေးခြင်း (Environmental Impact Assessment-EIA)အစီရင်ခံစာရေးဆွဲတင်ပြရမှာဖြစ်ပြီးတော့မှ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်(Environmental Management Plan-EMP)ရေးဆွဲရန် လိုအပ်သည့် စီမံကိန်းများအတွက်လည်း EMP ရေးဆွဲတင်ပြရမှာဖြစ်ပါတယ်။

ကျောက်ထုတ်လုပ်ခွင့်စာချုပ်ချုပ်တဲ့အခါမှာလည်း Power Point တွင်တင်ပြပါအတိုင်း လုပ်ငန်းအာမခံငွေ၊ အခွန်ငွေ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆောင်ရွက်ချက်များစတဲ့ စည်းကမ်းသတ်မှတ်ချက်တွေကို ထုတ်လုပ်ခွင့်ရရှိသူက လိုက်နာဆောင်ရွက်ရမှာဖြစ်ပါတယ်။ လမ်းခင်းကျောက်ထုတ်လုပ်သူဟာ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်(Environmental Management Plan-EMP)ပါ ဇယားအတိုင်းစောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာကိုလည်း ဝန်ကြီးဌာနသို့ခြောက်လတစ်ကြိမ် သို့မဟုတ် ဝန်ကြီးဌာနကသတ်မှတ်တဲ့အတိုင်း တင်ပြရမှာဖြစ်ပါတယ်။ မွန်ပြည်နယ်၊ ကုလားမတောင်ကြီးဝိုင်းကို သထုံမြို့နယ်မှာ ၈၅၈၆.၇၀ ဧက၊ ပေါင်မြို့နယ်မှာ ၂၅၁၃၆.၀၉ ဧက စုစုပေါင်း

၃၃၇၂၂.၇၉ ဧကအား ၁၉၀၉ ခုနှစ် ဖေဖော်ဝါရီလမှာကတည်းက သတ်မှတ်ဖွဲ့စည်းခဲ့ပြီးဖြစ်ပါတယ်။ မွန်ပြည်နယ်အစိုးရအဖွဲ့ရဲ့ဖြေကြားချက်အရ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ ပေါင်မြို့နယ် ကျောက်ထုတ်လုပ်ခွင့်လိုင်စင်ရရှိတဲ့ ကျောက်မိုင်း ၂၄ ခုရှိပြီး ကျောက်ကျင်းပေါင်း ၁၆၂၁၅၀ ကျင်း ထုတ်လုပ်ခဲ့ပြီး မွန်ပြည်နယ်အစိုးရအနေဖြင့် လိုင်စင်ခွန် ၄၀၅.၃၇၅ သန်းကောက်ခံရရှိခဲ့ပါတယ်။ သစ်တောမြေငှားရမ်းခွင့် ခွင့်ပြုပြီးနောက်မှာလည်း သတ်မှတ်စည်းကမ်းချက်များ မလိုက်နာပါက အရေးယူဆောင်ရွက်လျက်ရှိပြီး တရားမဝင်ဆောင်ရွက်မှုများမရှိစေဖို့ သက်ဆိုင်ရာနယ်မြေဝန်ထမ်း များအား ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စေလျက်ရှိပါတယ်။

မွန်ပြည်နယ်အစိုးရမှလည်း ပေါင်မြို့နယ်အတွင်း အခြားဓာတ်သတ္တုတူးဖော်မှု၊ မြေကြီး တူးဖော်မှုတို့အား တရားဝင်ခွင့်ပြုထားမှုမရှိကြောင်းနှင့် တရာမဝင်တူးဖော်မှုမရှိစေဖို့ စစ်ဆေး ကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ကျောက်ထုတ်လုပ်ခြင်းအား ထုတ်လုပ်မှုပမာဏအလိုက် ပတ်ဝန်းကျင်ဆန်းစစ်ခြင်းဆိုင်ရာ အစီရင်ခံစာများရေးဆွဲစေခြင်း၊ စိစစ်အတည်ပြုပြီးသော အစီအမံ အတိုင်းလိုက်နာဆောင်ရွက်မှုရှိ/မရှိကြီးကြပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီးလိုက်နာမှုမရှိ ပါက လုပ်ငန်းပိတ်သိမ်းသည်အထိ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြား ထားပါတယ်။ လက်ရှိအခြေအနေမှာတော့ ကုလားမတောင်ကြိုးဝိုင်းတောအဖြစ် ဖွဲ့စည်းထားရှိပြီး ဖြစ်ပါသဖြင့် သဘာဝဝန်းကျင်နှင့် ဇီဝမျိုးများထိန်းသိမ်းရေးကြိုးဝိုင်းတောအဖြစ် ပြောင်းလဲဖွဲ့စည်း ရန် လတ်တလောတွင် အစီအစဉ်မရှိသေးပါကြောင်းနဲ့ ၂၀၁၈ ခုနှစ်၊ သစ်တောဥပဒေပုဒ်မ ၄ အရ ဝန်ကြီးဌာနဟာ သဘာဝတောတောင်၊ ရေ၊ မြေတို့ကိုထိန်းသိမ်းကာကွယ်ရန် သစ်တောထွက်ပစ္စည်း များစဉ်ဆက်မပြတ်ထုတ်လုပ်နိုင်ရန်အလို့ငှာ အစိုးရကစီမံခန့်ခွဲခွင့်ရှိသောမြေတွင် နေပြည်တော် ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ သဘောထားမှတ်ချက်၊ ပြည်ထောင်စု အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် နယ်နိမိတ်သတ်မှတ်၍ စီးပွားရေးသစ်ထုတ်ကြိုးဝိုင်းတော၊ ဒေသန္တရထောက်ပံ့ရေးကြိုးဝိုင်းတော၊ ရေဝေရေလဲထိန်းသိမ်းရေးကြိုးဝိုင်းတော၊ သဘာဝပတ်ဝန်း ကျင်နှင့် ဇီဝမျိုးများ ထိန်းသိမ်းရေးကြိုးဝိုင်းတောနှင့် အခြားကြိုးဝိုင်းတောများကို ဖွဲ့စည်းနိုင်သည် ဟုဖော်ပြပါရှိချက်နှင့်အညီ ရေ၊ မြေနှင့် ဇီဝအနေအထားများအရ လုံးဝကာကွယထိန်းသိမ်းရန် လိုအပ်မည်ဆိုပါက သက်ဆိုင်ရာပြည်နယ်အစိုးရ၏ သဘောထားမှတ်ချက်ကိုရယူ၍ ပြည်ထောင်စု အစိုးရထံတင်ပြဆောင်ရွက်သွားရမှာဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**မော်ချီးဒေသတွင် သတ္တုအကြီးစားလုပ်ကွက် တူးဖော်လုပ်ကိုင်ခွင့်ရရှိသော ကယားပြည်နယ် သတ္တုတူးဖော်ထုတ်လုပ်ရေးကုမ္ပဏီ(KMPC)အနေဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးရန်ပုံငွေနှင့် သတ္တုတွင်းပိတ်သိမ်းမှုနှင့် ပြန်လည်ထူထောင်မှု ရန်ပုံငွေထားရှိရန် စသောကိစ္စရပ်များနှင့် စပ်လျဉ်း၍ မည်ကဲ့သို့စီမံဆောင်ရွက်ထားရှိသည်ကို သိရှိလိုခြင်းနှင့် ညွှန်ကြားချက်နှင့်အညီ လိုက်နာဆောင်ရွက်ထားခြင်းမရှိပါက မြန်မာ့သတ္တုတွင်း ဥပဒေ၊ နည်းဥပဒေနှင့်အညီ အရေးယူရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ။** ။ ဖားဆောင်းမဲဆန္ဒနယ်မှ ဒေါ်နန်းထွေးသူ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်နန်းထွေးသူ(ဖားဆောင်းမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဒုတိယဝန်ကြီးများနှင့် လွှတ်တော်ကိုယ်စားလှယ်များ အားလုံးကို လေးစားစွာဂါရဝပြုအပ်ပါတယ်။ ကျွန်မကတော့ ကယားပြည်နယ်၊ ဖားဆောင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းထွေးသူဖြစ်ပါတယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၆)ကြိမ်မြောက်ပုံမှန်အစည်းအဝေးမှာ ကျွန်မမဲဆန္ဒနယ်မှ မဲဆန္ဒရှင်ပြည်သူများနှင့်အတူ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်မှ သိရှိလိုသော မေးခွန်းတစ်ခုကို လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာနကို မေးမြန်းသွားမှာဖြစ်ပါတယ်။ မေးခွန်းမေးမြန်းရခြင်းရဲ့ ရည်ရွယ်ချက်ကတော့ ကျွန်မမဲဆန္ဒနယ် ဖားဆောင်းမြို့နယ်၊ မော်ချီးဒေသတွင် အကြီးစားသတ္တုတူးဖော်ထုတ်လုပ်ခွင့်ရရှိသော ကယားပြည်နယ်၊ သတ္တုတူးဖော်ထုတ်လုပ်ရေးကုမ္ပဏီ(KMPC) နှင့် အခြားလုပ်ကိုင်ခွင့်ရရှိထားသော ကုမ္ပဏီများမှ လုပ်ငန်းတွေကို လုပ်ကိုင်ရာမှာ မဖြစ်မနေလိုက်နာဆောင်ရွက်ရန်သတ်မှတ်ထားတဲ့ သက်ဆိုင်ရာဌာနရဲ့ညွှန်ကြားချက်တွေ၊ လုပ်ငန်းလုပ်ဆောင်ကြတဲ့ အခါမှာ တစ်သွေမတိမ်းဖောက်ဖျက်ခွင့်မရှိတဲ့ လုပ်ငန်းဆိုင်ရာဥပဒေ၊ နည်းဥပဒေတို့နှင့်အညီ ဆောင်ရွက်နိုင်ဖို့ရည်ရွယ်ပြီး ယခုလိုမေးခွန်းမေးမြန်းရခြင်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးရှင်။ ကျွန်မကို Power Point အသုံးပြုခွင့်ပေးပါရှင်။ ဒုတိယဥက္ကဌကြီးရှင်။ Power Point မှာတင်ပြထားတဲ့အတိုင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးကနေ ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၅ ရက်နေ့ ရက်စွဲပါစာအမှတ်၊ ၄၇ ခွဲ(၂)၁၉/သတ္တု(၇၉၀၈) အရ သတ္တုတွင်းပိတ်သိမ်းမှုနှင့် ပြန်လည်ထူထောင်မှုရန်ပုံငွေရရှိရန်ကိစ္စနှင့်ပတ်သက်ပြီး Power Point မှာပြထားတဲ့အတိုင်း (က)မှ (ဇ)အထိ အပိုဒ် ၈ ပိုဒ်ပါတဲ့ ညွှန်ကြားချက်ကို တွေ့ရှိရမှာ

ဖြစ်ပါတယ်။ ထို့အတူပဲ ၎င်းဝန်ကြီးဌာနကပဲ ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၅ ရက်နေ့ စာအမှတ်၊ ၄၈ ခွဲ(၂)၁၉/သတ္တု(၇၉၀၇)အရ ပတ်ဝန်းကျင်ထိန်းသိမ်းရေးရန်ပုံငွေထားရှိရန်ကိစ္စဆိုပြီး Power Point မှာတင်ပြထားတဲ့အတိုင်း အပိုဒ်(က)မှ(ဆ)အထိ အပိုဒ် ၇ ပိုဒ်ပါတဲ့ ညွှန်ကြားချက် နှစ်စောင်ကို အသီးသီးထုတ်ပြန်၍ အသေးစိတ်ညွှန်ကြားထားပါတယ်။ ၎င်းညွှန်ကြားချက်များကိုလည်း ခေတ်သတ္တုခွင့်ပြုမိန့်ရရှိသူအများအားလည်းကောင်း၊ မိမိတို့ဦးစီးဌာနလုပ်ငန်းရှိ ဤကိစ္စအတွက် တာဝန်ပေးအပ်ထားသူများအားလည်းကောင်း၊ လိုက်နာဆောင်ရွက်ရန် ရှင်းရှင်းလင်းလင်းအသိပေး သွားရန်နှင့် ကြပ်မတ်ဆောင်ရွက်သွားရန် ညွှန်ကြားထားပြီးသားဖြစ်ပါတယ်။

ဒုတိယဥက္ကဋ္ဌကြီးရှင်။ ဒီလိုညွှန်ကြားချက်တွေ အတိအကျ ညွှန်ကြားထားပါလျက်နဲ့ ကျွန်မ မဲဆန္ဒနယ်မြေမှ သတ္တုတူးဖော်ထုတ်လုပ်ခွင့်ရပြီး လုပ်ငန်းများလုပ်ကိုင်နေတဲ့ ကုမ္ပဏီများအနေဖြင့် သက်ဆိုင်ရာဌာနနှင့် ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ထားခြင်းမရှိဘဲ သတ္တုတွင်း ပိတ်သိမ်းမှုနှင့် ပြန်လည်ထူထောင်မှုရန်ပုံငွေ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးရန်ပုံငွေများကိုလည်း မိမိ မဲဆန္ဒနယ်၏ ဘဏ်တွင်ဖွင့်လှစ်ထားရှိရမည်ကို ယခုအချိန်အထိ ဖွင့်လှစ်ထားရှိခြင်းမရှိသည်ကို လည်းသိရှိရပါတယ်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးရန်ပုံငွေထားရှိရန်ကိစ္စမှာဆိုရင် လုပ်ငန်း သဘောတူစာချုပ်ချုပ်ဆိုပြီး တစ်လအတွင်းငွေစာရင်းဖွင့်လှစ်၍ နှစ်စဉ်ထည့်ဝင်ရန်ဆိုပြီး အတိအကျညွှန်ကြားထားပြီးသားဖြစ်ပါတယ်။ ပတ်ဝန်းကျင်ထိန်းသိမ်းမှုပျက်စီးမှုမရှိစေရန်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းစီမံခန့်ခွဲမှုကော်မတီဖွဲ့စည်းရမှာကိုလည်း ယခုအချိန်ထိ ဖွဲ့စည်းထားခြင်းမရှိသည်ကိုလည်း သိရှိရပါတယ်။ ပြည်ထောင်စုရဲ့ညွှန်ကြားချက်များကို လိုက်နာ ကျင့်သုံးမှုအလွန်အားနည်းပြီး စည်းကမ်းချက်နဲ့ ညွှန်ကြားချက်အပေါ်မှာ လိုက်နာဆောင်ရွက်မှု မရှိတာကို တွေ့ရပါတယ်။ ဒါကြောင့် ဒေသတစ်ခုလုံးအတွက် အနာဂတ်ပတ်ဝန်းကျင်ထိခိုက် ပျက်စီးမှုများ၊ ဘေးထွက်ဆိုးကျိုးများ၊ မလိုလားအပ်သောအခြားပြဿနာများ၊ ပေါ်ပေါက်လာနိုင် စရာ အခြေအနေမှာ အတိုင်းအတာတစ်ခုအထိ စိုးရိမ်စရာဖြစ်မယ်လို့ ယူဆရတဲ့အတွက် မိမိတို့ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မည်သည့်ကုမ္ပဏီကိုမဆို မိမိတို့ရဲ့မဲဆန္ဒနယ်အတွင်းမှာ ရှိတဲ့ သတ္တုသယံဇာတများကို မည်မျှထုတ်ယူသုံးစွဲစေကာမူ နိုင်ငံတော်ရဲ့အခွန်ဘဏ္ဍာငွေရရှိစေပြီး ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ထားခြင်း မရှိခြင်းကြောင့် ဥပဒေအရထောက်ပြ၍ ယခုမေးခွန်းကို ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးမှ တစ်ဆင့် မဲဆန္ဒရှင်ပြည်သူများကိုယ်စား ရိုသေလေးစားစွာဖြင့် မေးမြန်းအပ်ပါသည်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

မူကြမ်း

**ဒုတိယဥက္ကဋ္ဌ။** ။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာရဲမြင့်ဆွေ(ဒုတိယဝန်ကြီး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်တို့ ကယားပြည်နယ်၊ ဖားဆောင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းထွေးသူရဲ့ မေးခွန်းနှင့်ပတ်သက်ပြီးတော့မှ ကျွန်တော်ဒုတိယဝန်ကြီးက ဖြေကြားသွားမှာဖြစ်ပါတယ်။ ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပေးပါရန် တင်ပြအပ်ပါတယ်။ ကယားပြည်နယ်သတ္တုထုတ်လုပ်ရေး ကုမ္ပဏီလီမိတက်(KMPC)ဟာ ကယားပြည်နယ်၊ ဖားဆောင်းမြို့နယ်၊ မော်ချီးသတ္တုတွင်းဒေသ၊ မြေဧရိယာ ၆၉၃၃.၂၈၂ ဧကမှာ ခဲမဖြူ၊ အဖြိုက်နက်နဲ့ ရောရာသတ္တုအကြီးစားတူးဖော်မှု ထုတ်လုပ်ခွင့်ကို ၂၀၀၂ ခုနှစ်ကတည်းကစတင်ပြီး ရရှိထားတာဖြစ်ပါတယ်။ ယခုအချိန်မှာတော့ စတုတ္ထအကြိမ်သက်တမ်းတိုးငါးနှစ်ကို ၂၈-၂-၂၀၁၉ ရက်နေ့ကနေပြီးတော့မှ ၂၇-၂-၂၀၂၄ ရက်နေ့အထိ ခွင့်ပြုချက်နဲ့လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါတယ်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ ပတ်ဝန်းကျင်ထိန်းသိမ်းရေးရန်ပုံငွေ၊ သတ္တုတွင်းပိတ်သိမ်းမှုနဲ့ပြန်လည်ထူထောင်ရေးရန်ပုံငွေထားရှိရန်ကိစ္စတို့ကို သက်ဆိုင်ရာလုပ်ငန်းဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ် အသီးသီးမှာရှိတဲ့ လုပ်ကွက်စိစစ်ချထားရေးအဖွဲ့တို့ကို လမ်းညွှန်ကြားချက်များပေးပို့ပြီးတော့မှ လုပ်ကွက်တစ်ခုချင်းအလိုက် လုပ်ကွက်တည်ရှိရာမြို့နယ်များရှိ နိုင်ငံတော်ပိုင်ဘဏ်တစ်ခုခုတွင် ဘဏ်စာရင်းဖွင့်လှစ်ထားရှိရန်၊ ဘဏ်စာရင်းကိုမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကတစ်ဦး၊ သက်ဆိုင်ရာသတ္တုတွင်းလုပ်ငန်းဌာနကတစ်ဦးနဲ့ကုမ္ပဏီကတစ်ဦး ပါဝင်တဲ့အဖွဲ့ဖြင့် ဖွင့်လှစ်ထားရှိရန် ဖော်ပြထားရှိပါတယ်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးရန်ပုံငွေထားရှိရန်အတွက် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ၅-၇-၂၀၁၉ ရက်စွဲပါစာအမှတ်ဖြင့်လည်းကောင်း၊ သတ္တုတွင်းပိတ်သိမ်းမှုနဲ့ ပြန်လည်ထူထောင်မှု ရန်ပုံငွေထားရှိရန်အတွက် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ၅-၇-၂၀၁၉ ရက်စွဲပါစာအမှတ်၊ ၄၇ ခွဲ(၂)၁၉/သတ္တု(၇၉၀၈)နဲ့လည်းကောင်း ဦးစီးဌာနနှင့်လုပ်ငန်းများကို လိပ်မူပြီးတော့မှ တိုင်းဒေသကြီး/ပြည်နယ် လုပ်ကွက်စိစစ်ချထားရေးအဖွဲ့တွေ

ကိုလည်း မိတ္တူပေးပို့အကြောင်းကြားပြီးဖြစ်ပါတယ်။ ကယားပြည်နယ်အစိုးရအဖွဲ့က ပတ်ဝန်းကျင်ထိန်းသိမ်းရေးရန်ပုံငွေ၊ သတ္တုတွင်းပိတ်သိမ်းမှုနဲ့ပြန်လည်ထူထောင်ရေးရန်ပုံငွေတွေအတွက် အခြားစာရင်းရှင် (Other Account)ကို ဖွင့်လှစ်နိုင်ရေးနဲ့ ပတ်သက်ပြီးတော့မှ ပြည်နယ်ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနက စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန၊ ငွေတိုက်ဦးစီးဌာနနေပြည်တော်ကို တင်ပြခဲ့ရာမှာ မြန်မာ့သတ္တုတွင်းဥပဒေ၊ နည်းဥပဒေများမှာလည်း ပြဋ္ဌာန်းထားရှိပြီးဖြစ်တဲ့အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးရန်ပုံငွေကို ကယားပြည်နယ်အစိုးရအဖွဲ့ရုံးနှင့် သတ္တုပိတ်သိမ်းမှုနှင့်ပြန်လည်ထူထောင်ရေးရန်ပုံငွေ၊ ကယားပြည်နယ်အစိုးရအဖွဲ့ရုံး အမည်စသည်တို့ဖြင့် မြန်မာစီးပွားရေးဘဏ်(လွိုင်ကော်မြို့)တွင် (OA)စာရင်းနဲ့ထားရှိရန် ဆောင်ရွက်ခွင့်ရရှိပါတယ်။

ကယားပြည်နယ်အစိုးရအဖွဲ့ရုံးဟာ အခြားစာရင်းရှင်(OA)နှစ်ခုဖွင့်လှစ်နိုင်ရေးအတွက် ဖော်ပြပါပါဝင်တဲ့ပုဂ္ဂိုလ်သုံးဦးနှင့်ဖွဲ့စည်းပြီးတော့မှ OA Account ဖွင့်လှစ်ခဲ့ပါတယ်။ ကယားပြည်နယ်လုပ်ကွက်စိစစ်ချထားရေးအဖွဲ့ရဲ့ ၃၁-၁-၂၀၂၀ ရက်စွဲပါစာအမှတ်နှင့်လည်း ကယားပြည်နယ် အစိုးရအဖွဲ့၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးရန်ပုံငွေကို OA-021563 နဲ့လည်းကောင်း၊ သတ္တုတွင်းပိတ်သိမ်းမှုနဲ့ပြန်လည်ထူထောင်ရေးရန်ပုံငွေကို OA-021574 တို့ဖြင့်လည်းကောင်း ဖွဲ့စည်းထားရှိပြီးဖြစ်ပါတယ်။ ပြည်နယ်အတွင်း သတ္တုတူးဖော်ထုတ်လုပ်တဲ့ ကုမ္ပဏီများအနေနဲ့ အဆိုပါငွေစာရင်းအမှတ်များအတွင်းဥပဒေနဲ့အညီ ထည့်ဝင်သွားရန်သက်ဆိုင်ရာ သတ္တုတွင်းဦးစီးဌာန ပြည်နယ်လုပ်ကွက်စိစစ်ချထားရေးအဖွဲ့မှ ကြီးကြပ်ဆောင်ရွက်လျက်ရှိပြီး KMPC ကုမ္ပဏီမှလည်းထည့်ဝင်ရန် ဆောင်ရွက်လျက်ရှိပါတယ်။ KMPC ကုမ္ပဏီဟာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးရန်ပုံငွေအတွက် မော်ချီးသတ္တုတွင်းရင်းနှီးမြှုပ်နှံမှုငွေရဲ့ နှစ်ရာခိုင်နှုန်းဖြစ်တဲ့ ကျပ်သန်း ၄၀၀ မှ ၂၅ ရာခိုင်နှုန်းဖြစ်တဲ့ ကျပ်သန်း ၁၀၀ နဲ့ သတ္တုတွင်းပိတ်သိမ်းမှုနှင့် ပြန်လည်တည်ထောင်ရေးရန်ပုံငွေအတွက် နှစ်ရာခိုင်နှုန်းဖြစ်တဲ့ ကျပ်သန်း ၄၀၀ ရဲ့ ၂၅ ရာခိုင်နှုန်းဖြစ်တဲ့ ကျပ်သန်း ၁၀၀ စီတို့ကို ၂၀၂၀ ပြည့်နှစ် မတ်လနှင့် စက်တင်ဘာလမှာလည်းကောင်း၊ ကျန် ၅၀ ရာခိုင်နှုန်းကို ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ်မှာလည်းကောင်း ထည့်သွင်းဆောင်ရွက်သွားမှာဖြစ်ကြောင်း ကယားပြည်နယ်အစိုးရအဖွဲ့တို့ အဆိုပြုတင်ပြထားတာရှိပါတယ်။

သို့သော်လည်း COVID-19 ကူးစက်ရောဂါထိန်းချုပ်ရေးအတွက် ညွှန်ကြားချက်နှင့်အညီ လုပ်ငန်းတွေ ခေတ္တဆိုင်းငံ့ရခြင်းနဲ့ သတ္တုဈေးနှုန်းတွေ ကျဆင်းခြင်းအတွက် သတ္တုရောင်းချနိုင်မှုမရှိသေးခြင်းတို့ကြောင့် အဆိုပါရန်ပုံငွေအား ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလအတွင်း ၅၀ ရာခိုင်နှုန်းအားလည်းကောင်း၊ ကျန် ၅၀ ရာခိုင်နှုန်းကို ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ်မှာ ထည့်ဝင်ခွင့်ပြုပါရန် ကယားပြည်နယ် လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့သို့ တင်ပြထားပါတယ်။ သို့ဖြစ်ပါ၍ ကုမ္ပဏီ

သည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးရန်ပုံငွေနဲ့ သတ္တုတွင်းပိတ်သိမ်းမှုနှင့်ပြန်လည်ထူထောင်မှုရန်ပုံငွေ ထားရှိရန်အတွက် ပြည်နယ်အစိုးရနှင့် ပေါင်းစပ်ဆောင်ရွက်နေပါကြောင်းနှင့် ကုမ္ပဏီကပေးထားသော ကတိကဝတ်အတိုင်း လိုက်နာဆောင်ရွက်နိုင်ရေး သတိပေးအကြောင်းကြားသွားမည်ဖြစ်ပါကြောင်း နှင့် အကယ်၍ ဆောင်ရွက်ခြင်းမရှိပါက သက်ဆိုင်ရာလုပ်ငန်းဌာနမှ မြန်မာ့သတ္တုတွင်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဒေါ်နန်းထွေးသူ(ဖားဆောင်းမဲဆန္ဒနယ်)**။ ။ ဒုတိယဥက္ကဋ္ဌကြီးရှင်။ တစ်ဆက်တစ်စပ်တည်း မေးခွန်းမေးခွင့်ပြုပါရှင်။ ဒုတိယဝန်ကြီးက ဖြေကြားသွားတဲ့အထဲမှာ ကျွန်မတို့ ကယားပြည်နယ် အစိုးရအဖွဲ့ကနေပဲ ငွေစာရင်းဖွင့်လှစ်ထားပါတယ်။ အခုမှ ဆောင်ရွက်ထားပါတယ်လို့ ဖြေကြားထား တာကိုတွေ့ရပါတယ်။ ဒါပေမဲ့ ဒီဘဏ္ဍာငွေတွေဟာ တကယ်တမ်းကျရင် ပြည်ထောင်စုရဲ့ ညွှန်ကြားချက်အရဆိုရင် လုပ်ကွက်တည်ရှိရာ မြို့နယ်မှာရှိတဲ့ နိုင်ငံတော်ဘဏ်တွင် ဘဏ်စာရင်းကို ဖွင့်လှစ်ရမှာဖြစ်ပါတယ်။ ပြည်ထောင်စုရဲ့ညွှန်ကြားချက်အတိုင်းပဲ ဓာတ်သတ္တုလုပ်ကွက်တစ်ခု ချင်းအလိုက် သက်ဆိုင်ရာမြို့နယ်မှာရှိတဲ့ နိုင်ငံတော်ဘဏ်မှာပဲ ဖွင့်လှစ်ရမယ်ဆိုတာ ညွှန်ကြားထား တဲ့အပေါ်မှာကို ၂၅-၆-၂၀၁၉ ရက်နေ့ ကျင်းပတဲ့အစည်းအဝေး ဆုံးဖြတ်ချက်အရရော၊ ရန်ပုံငွေ နှစ်ခုလုံးကို မိမိတို့လုပ်ကွက်တည်ရှိရာ မြို့နယ်ဘဏ်မှာပဲ ပြန်လည်ဖွင့်လှစ်ရမယ်ဆိုတော့ တစ်ဆက် တစ်စပ်တည်းအနေနဲ့ ရန်ပုံငွေတွေကို ကျွန်မရဲ့ ဖားဆောင်းမဲဆန္ဒနယ်မှာပဲ ပြန်လည်ဖွင့်လှစ်ဖို့ အစီအစဉ်ရှိ/မရှိကို တစ်ဆက်တစ်စပ်တည်း မေးခွင့်ပြုပါရှင်။

**ဒုတိယဥက္ကဋ္ဌ**။ ။ ဝန်ကြီးဖြေကြားပေးနိုင်က ဖြေကြားပေးပါ။

**ဒေါက်တာရဲမြင့်ဆွေ(ဒုတိယဝန်ကြီး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကိုယ်စားလှယ်တော်ကြီးမေးမြန်းတဲ့အတိုင်း မေးခွန်းကိုဖြေရမယ်ဆိုရင် သတ္တုတွင်းပိတ်သိမ်းမှု ရန်ပုံငွေနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးရန်ပုံငွေထားရှိရေးအတွက် လုပ်ထုံးလုပ်နည်းနှင့် SOP တွေကို ရေးဆွဲပြီးတော့မှ သက်ဆိုင်ရာဌာနများ ပြည်နယ်နှင့်တိုင်းဒေသကြီး လုပ်ကွက်စိစစ်ချထားရေးအဖွဲ့ တို့ကိုလည်း မိတ္တူပေးပို့ပြီးဖြစ်ပါတယ်။ အဓိကကတော့ ဘယ်ဘဏ်မှာ ငွေထားမယ်ဆိုတာထက် ဒီငွေကိုဘယ်သူကစီမံခန့်ခွဲပြီး ဘယ်လိုနေရာမှာ သုံးစွဲမယ်ဆိုတာက ပိုပြီးအရေးကြီးပါတယ်။

ဒီကိစ္စနှင့်ပတ်သက်လို့လည်း ကျွန်တော်တို့ လုပ်ထုံးလုပ်နည်းနှင့်အညီ ငွေစာရင်းအကောက်ဖွင့်လှစ်နိုင်ဖို့၊ အာမခံငွေတွေကို ကောက်ခံနိုင်ဖို့နှင့် ကတိကဝတ်အတိုင်း သတ်မှတ်ထားတဲ့အချိန်အတွင်း ပေးသွင်းနိုင်ရန်နှင့် ပျက်ကွက်မှုရှိပါက သတ္တုတွင်းဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားနိုင်ဖို့ကို ကျွန်တော်တို့ ကယားပြည်နယ်အစိုးရအဖွဲ့၊ နောက်ကယားပြည်နယ် လုပ်ကွက်စိစစ်ချထားရေးကော်မတီတို့နှင့်ညှိနှိုင်းပြီးတော့ အမြန်ဆုံးဆောင်ရွက်သွားပေးပါ့မယ်။ ဆောင်ရွက်ပြီးစီးမှုအဆင့်ဆင့်ကိုလည်း လွှတ်တော်ကိုယ်စားလှယ်တော်ကြီး သိရှိနိုင်ရန်အတွက် သက်ဆိုင်ရာလုပ်ငန်းဌာနတို့မှာ ပြန်လည်ရှင်းလင်းပြီးတော့မှ သတင်းပို့ပေးပါ့မယ်။ ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ပြန်လည်ထွက်ခွာနိုင်ပါပြီ။

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ်ပြီးပါပြီ။

## အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော ကျန်းမာရေးမှုးကောင်စီဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်ဖြင့် အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်မှာ စတင်တင်သွင်းပြီး ပြင်ဆင်ချက်ဖြင့်အတည်ပြု၍ ပေးပို့လာသော ကျန်းမာရေးမှုးကောင်စီဥပဒေကြမ်းကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၆)ကြိမ်မြောက်ပုံမှန်အစည်းအဝေး တတိယနေ့(၂၀-၅-၂၀၂၀ ရက်နေ့)တွင် လွှတ်တော်သို့လက်ခံရရှိကြောင်း အသိပေးခြင်းနှင့် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်းတို့ကို ပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ ဒီဥပဒေကြမ်းနဲ့စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိပြင်ဆင်လိုတဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ၊ အချက်အလက်များကို တိကျစွာရေးသားဖော်ပြ၍ ၂၂-၅-၂၀၂၀ ရက်နေ့တွင်နောက်ဆုံးထားပြီး အမည်စာရင်းတင်သွင်းရန် တောင်းခံခဲ့သော်လည်း ပြင်ဆင်ချက်အဆိုတင်သွင်းလာတဲ့ကိုယ်စားလှယ် တစ်ဦးမျှမရှိပါ။ ထို့ကြောင့် ကျန်းမာရေးမှုးကောင်စီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာတင်ပြချက်အတိုင်း ပြင်ဆင်ချက်ဖြင့်အတည်ပြုရန် လွှတ်တော်ကသဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

မူကြမ်း

**ဒုတိယဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ကျန်းမာရေးမှုုကောင်စီဥပဒေကြမ်းကို ပြင်ဆင်ချက်ဖြင့်သဘောတူကြောင်း ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၂၀၀ အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။

## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက တင်သွင်းသည့် ကူးစက်ရောဂါကာကွယ် နှိမ်နင်းရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုအား ဆွေးနွေးခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ အစီအစဉ်(၇) ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနကတင်သွင်းသော ကူးစက်ရောဂါကာကွယ်နှိမ်နင်းရေး ဥပဒေကြမ်းကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၆)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပထမနေ့ (၁၈-၅-၂၀၂၀ ရက်နေ့)တွင် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာဖတ်ကြားရှင်းလင်းခဲ့ခြင်း ပြုလုပ်ခဲ့ပြီး ဖြစ်ပါတယ်။ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိပြင်ဆင်လိုသည့်အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ၊ အချက်အလက်များကို တိကျစွာရေးသားဖော်ပြ၍ ၂၀-၅-၂၀၂၀ ရက်နေ့နောက်ဆုံးထားပြီး အမည်စာရင်းတင်သွင်းရန်တောင်းခံခဲ့ရာ ကိုယ်စားလှယ်ခြောက်ဦးတို့က အမည်စာရင်းတင်သွင်းလာပါတယ်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၊ နိုင်ငံသားများ၏မူလအခွင့်အရေးဆိုင်ရာကော်မတီ၊ ကျန်းမာရေးနှင့်အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ ပြင်ဆင်ချက်အဆိုတင်သွင်းတဲ့လွှတ်တော်ကိုယ်စားလှယ်များနှင့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်တို့က ပြန်လည်စိစစ်ခဲ့ကြပါတယ်။ ယင်းဥပဒေနှင့်စပ်လျဉ်းပြီး ဆွေးနွေးအတည်ပြုခြင်းများ ဆောင်ရွက်ပါမယ်။ ဒီလိုဆွေးနွေးရာမှာ ဥပဒေကြမ်း၏ခေါင်းစဉ်၊ နိဒါန်းမှအစ အပိုဒ်၊ အပိုဒ်ခွဲများနှင့် ဥပဒေကြမ်းတစ်ခုလုံးပါဝင်မှာ ဖြစ်ပါတယ်။ အပိုဒ်၊ အပိုဒ်ခွဲအစဉ်လိုက် အတည်ပြုနိုင်ရေးဆောင်ရွက်ရာမှာ ပြင်ဆင်ချက်မရှိပါက မူလအဆိုပြုပြဋ္ဌာန်းချက်အတိုင်း အတည်ပြုနိုင်ရေးတင်ပြဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ပြင်ဆင်ချက်ရှိသောအပိုဒ်၊ အပိုဒ်ခွဲများအတွက် ဥပဒေကြမ်းကော်မတီက သက်ဆိုင်ရာအပိုဒ်၊ အပိုဒ်ခွဲအလိုက် ဆွေးနွေးခြင်းများပြုလုပ်ပြီး လွှတ်တော်ရဲ့ဆန္ဒသဘောထားရယူဆုံးဖြတ်အတည်ပြုသွားမှာ ဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၀ နည်းဥပဒေခွဲ(ဃ)အရ ကူးစက်ရောဂါကာကွယ်နှိမ်နင်းရေးဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီ၏ပြင်ဆင်ချက်(၇၃)ချက်ကို တင်သွင်းဖို့ ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီ ကို ဖိတ်ခေါ်ပါတယ်။

**ဦးကျော်စိုးလင်း(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ ဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန် မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ဥပဒေကြမ်းကော်မတီ အတွင်းရေးမှူး ဦးကျော်စိုးလင်း ဖြစ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ ပေးပို့ခဲ့တဲ့ ကူးစက်ရောဂါကာကွယ်နှိမ်နင်းရေးဥပဒေကြမ်းကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၆)ကြိမ်မြောက်ပုံမှန်အစည်းအဝေးရဲ့ပထမနေ့မှာ လွှတ်တော် သို့ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏စိစစ်လေ့လာတွေ့ရှိချက်အစီရင်ခံစာကို တင်ပြခဲ့ ပြီးတော့ ပြင်ဆင်ချက်အဆိုများကိုလည်း ၂၀-၅-၂၀၂၀ ရက်(ဗုဒ္ဓဟူးနေ့)မှာ နောက်ဆုံးထား၍ တင်သွင်း နိုင်ကြောင်း ကြေညာခဲ့တဲ့အတွက် ဆွေးနွေးရန်နှင့် ပြင်ဆင်ချက်အဆိုတင်သွင်းတဲ့ လွှတ်တော် ကိုယ်စားလှယ်ခြောက်ဦးရှိပါတယ်ခင်ဗျား။ ထိုလွှတ်တော်ကိုယ်စားလှယ်ခြောက်ဦးကတော့ ဒေါက်တာသန်းအောင်စိုး(မင်းလှမဲဆန္ဒနယ်)၊ ဒေါက်တာဒေါ်ပြုံး(အင်းတော်မဲဆန္ဒနယ်)၊ ဒေါက်တာစိန်မြအေး(ဒလမဲဆန္ဒနယ်)၊ ဒေါက်တာဒေါ်ရွှေပုံ(ပဲခူးမဲဆန္ဒနယ်)၊ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များဖြစ်တဲ့ ဒုတိယဗိုလ်မှူးကြီးထိန်လင်းဦးနှင့် ဒုတိယဗိုလ်မှူးကြီး မိုးမြင့်အောင်တို့က ပြင်ဆင်ဆွေးနွေးရန်နှင့် ပြင်ဆင်ချက်အဆိုများကို တင်သွင်းလာခဲ့ခြင်း ဖြစ်ပါ တယ်ခင်ဗျား။ ၂၃-၅-၂၀၂၀ ရက်(စနေနေ့)မှာ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဟာ ဆွေးနွေးရန်နှင့် ပြင်ဆင်ချက်အဆိုတင်သွင်းတဲ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်သူ့လွှတ်တော် နိုင်ငံသားများ၏မူလအခွင့်အရေးဆိုင်ရာကော်မတီ၊ ကျန်းမာရေးနှင့်အားကစားဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာကော်မတီ၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ Video Conferencing စနစ်ဖြင့် ညှိနှိုင်းအစည်းအဝေးကို ကျင်းပပြုလုပ် ခဲ့ခြင်းဖြစ်ပါတယ်ခင်ဗျား။ အဲဒီညှိနှိုင်းအစည်းအဝေးရဲ့သဘောတူဆုံးဖြတ်ချက်အရ ပြည်သူ့

လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ပြင်ဆင်ရန်တင်ပြချက်(၇၃)ချက် ဖြစ်ပါတယ်။ ပြင်ဆင်ရန်တင်ပြချက်ဇယားကို ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီးလည်း ဖြစ်ပါတယ်။

[ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ရန်တင်ပြချက်(၇၃)ချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။]

| စဉ် | စာမျက်နှာ | အမှတ်စဉ် | အပိုဒ်နှင့်အပိုဒ်ခွဲ |
|---|---|---|---|
| (က) | ၁ | ၁ | ဥပဒေခေါင်းစီး |
| (ခ) | ၂ မှ ၈ | ၅၊ ၆၊ ၇၊ ၈၊ ၉၊ ၁၁၊ ၁၂၊ ၁၄၊ ၁၆၊ ၁၈၊ ၂၀၊ ၂၂ | အပိုဒ် ၂ အပိုဒ်ခွဲ(ခ)၊ အပိုဒ်ခွဲ(ဂ)၊ အပိုဒ်ခွဲ(ဃ)၊ အပိုဒ်ခွဲ(င)၊ အပိုဒ်ခွဲ(စ)၊ အပိုဒ်ခွဲ(ဇ)၊ အပိုဒ်ခွဲ(ဈ)၊ အပိုဒ်ခွဲ(ဋ)၊ အပိုဒ်ခွဲ(ဍ)၊ အပိုဒ်ခွဲ(ဓ)၊ အပိုဒ်ခွဲ(ပ)၊ အပိုဒ်ခွဲ(ဗ) |
| (ဂ) | ၉ မှ ၁၄ | ၂၈၊ ၃၀၊ ၃၁၊ ၃၃၊ ၃၅၊ ၃၆၊ ၃၇၊ ၃၉၊ ၄၁၊ ၄၂ | အပိုဒ် ၄ အပိုဒ်ခွဲ(က)ခြေဆင်း၊ အသစ်ဖြည့်စွက်ချက် အပိုဒ် ၄ အပိုဒ်ခြွ(က) အပိုဒ်ခွဲငယ်(၂)၊ အပိုဒ်ခွဲငယ်(၃)၊ အသစ်ဖြည့်စွက်ချက် အပိုဒ် ၄ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၁၂)၊ အသစ်ဖြည့်စွက်ချက် အပိုဒ် ၄ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၁၆)(၁၇)နှင့်(၁၈)၊ အပိုဒ်ခွဲငယ်(၁၉)၊ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၅ အပိုဒ်ခွဲ(ဂ)၊ အသစ်ဖြည့်စွက်ချက် အပိုဒ်ခွဲ(စ)၊ အသစ်ဖြည့်စွက်ချက်အပိုဒ်ခွဲ(ဆ) |
| **စဉ်** | **စာမျက်နှာ** | **အမှတ်စဉ်** | **အပိုဒ်နှင့်အပိုဒ်ခွဲ** |
| (ဃ) | ၁၅ မှ ၁၇ | ၄၄၊ ၄၆၊ ၄၈၊ ၄၉ | အပိုဒ် ၆ ခြေဆင်း၊ အပိုဒ်ခွဲ(ဆ)၊ အပိုဒ်ခွဲ(ဋ)နှင့်(ဌ)၊ အပိုဒ် ၇ |
| (င) | ၁၉ မှ ၂၂ | ၅၂၊ ၅၄၊ ၆၀၊ ၆၂ | အပိုဒ် ၈ အပိုဒ်ခွဲ(ဇ)၊ အပိုဒ်ခွဲ(ဋ)၊ အပိုဒ် ၁၃၊ အပိုဒ် ၁၄ ခြေဆင်းနှင့် အပိုဒ်ခွဲ(က) |
| (စ) | ၂၂ မှ ၂၄ | ၆၅၊ ၆၆၊ ၆၈၊ | အပိုဒ် ၁၅ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲ(ခ) ခြေဆင်း၊ |

| | | | |
|---|---|---|---|
| | | ၆၉၊ ၇၀၊ ၇၁ | အပိုဒ်ခွဲ(ဂ)၊ အပိုဒ် ၁၆၊ အပိုဒ် ၁၇၊ အပိုဒ် ၁၈ |
| (ဆ) | ၂၄ မှ ၂၆ | ၇၃၊ ၇၅၊ ၇၆ | အပိုဒ် ၁၉ ခြေဆင်း၊ အပိုဒ်ခွဲ(ဃ)၊ အပိုဒ်ခွဲ(င) |
| (ဇ) | ၂၇ မှ ၃၀ | ၈၂၊ ၈၄၊ ၈၅၊ ၈၆၊ ၈၈၊ ၉၀၊ ၉၃ | အပိုဒ် ၂၂ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၂)၊ အပိုဒ်ခွဲငယ်(၄)၊ အပိုဒ်ခွဲငယ်(၅)၊ အဆိုပြုပြင်ဆင်ချက်အပိုဒ် ၂၂ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၆)ကို ပယ်ဖျက်ခြင်း၊ အပိုဒ်ခွဲ(ခ)နှင့် (ဂ)၊ အပိုဒ် ၂၃ အပိုဒ်ခွဲ(က)၊ အပိုဒ် ၂၅ |
| (ဈ) | ၃၁ မှ ၃၆ | ၉၆၊ ၉၇၊ ၉၈၊ ၉၉၊ ၁၀၀၊ ၁၀၁၊ ၁၀၂ ၁၀၃၊ ၁၀၄၊ ၁၀၅၊ ၁၀၆၊ ၁၀၇၊ ၁၀၈၊ ၁၀၉၊ ၁၁၀၊ ၁၁၁၊ ၁၁၂၊ ၁၁၃ | အပိုဒ် ၂၇၊ အပိုဒ် ၂၈၊ အပိုဒ် ၂၉၊ အပိုဒ် ၃၀၊ အပိုဒ် ၃၁၊ အပိုဒ် ၃၂၊ အပိုဒ် ၃၃၊ အပိုဒ် ၃၄၊ အပိုဒ် ၃၅၊ အပိုဒ် ၃၆၊ အပိုဒ် ၃၇၊ အသစ်ဖြည့်စွက်ချက်အပိုဒ် ၃၈၊ အပိုဒ် ၃၉၊ အပိုဒ် ၄၀၊ အပိုဒ် ၄၁၊ အပိုဒ် ၄၂၊ အပိုဒ် ၄၃၊ အပိုဒ် ၄၄၊ |
| (ည) | ၃၆ မှ ၃၈ | ၁၁၅၊ ၁၁၆၊ ၁၁၇၊ ၁၁၈၊ ၁၁၉၊ ၁၂၁၊ ၁၂၃၊ ၁၂၅ | အပိုဒ် ၄၅၊ အပိုဒ် ၄၆၊ အပိုဒ် ၄၇၊ အပိုဒ် ၄၈၊ အဆိုပြုပြင်ဆင်ချက် အပိုဒ် ၄၇ အပိုဒ်ခွဲ(ခ)ကို ပယ်ဖျက်ခြင်း၊ အဆိုပြုပြင်ဆင်ချက်အပိုဒ် ၄၉ ကို ပယ်ဖျက်ခြင်း၊ အပိုဒ် ၅၀ အပိုဒ်ခွဲ(က)၊ အပိုဒ် ၅၁ |

သို့ဖြစ်ပါသောကြောင့် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ပြင်ဆင်ရန်တင်ပြချက် (၇၃)ချက်ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ။** ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနရဲ့သဘောထားပြောပါ။

**ဒေါက်တာဒေါ်မြလေးစိန်(ဒုတိယဝန်ကြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ မူကြမ်း

အားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဦးစွာပထမနှုတ်ခွန်း ဆက်သအပ်ပါတယ်ရှင်။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ကူးစက်ရောဂါကာကွယ် နှိမ်နင်းရေးဥပဒေကြမ်းနှင့်ပတ်သက်ပြီး ပြင်ဆင်ရန်တင်ပြချက်များအား ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာနမှ သဘောတူညီပါကြောင်း တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ရှင်။

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကူးစက်ရောဂါကာကွယ် နှိမ်နင်းရေးဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်(၇၃)ချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဒုတိယဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ကူးစက်ရောဂါကာကွယ်နှိမ်နင်းရေးဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်(၇၃)ချက်ကို ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်များအတိုင်း ဤဥပဒေကြမ်း၏အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာအပ်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာနက တင်သွင်းသော ကူးစက်ရောဂါကာကွယ်နှိမ်နင်းရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုတင်သွင်းခြင်း၊ ဆွေးနွေးဆုံးဖြတ်ခြင်းများ ပြုလုပ်ခဲ့ပြီး ဖြစ်ပါတယ်။ ဒီလို ဆောင်ရွက်ရာတွင် လွှတ်တော်၏ပြင်ဆင်အတည်ပြုချက်များကြောင့် ပြောင်းလဲသွားတဲ့အပိုဒ်၊ အပိုဒ်ခွဲ၊ အမှတ်စဉ်များကို တစ်ပါတည်းအတည်ပြုချက်ရယူမှာ ဖြစ်ပါတယ်။ ဒါကြောင့် ကူးစက် ရောဂါကာကွယ်နှိမ်နင်းရေးဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားသည့်အပိုဒ်၊ အပိုဒ်ခွဲများအတိုင်း အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဒုတိယဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက တင်သွင်းသော ကူးစက်ရောဂါကာကွယ်နှိမ်နင်းရေး ဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲများအတိုင်း အတည်ပြုကြောင်းနှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၁ အရ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ကြေညာအပ်ပါတယ်။

## ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေ ပုဒ်မ ၂၁ နှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၁၅ အရ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအား တာဝန်မှရုပ်သိမ်းရန်အဆို တင်သွင်းခြင်းနှင့် ဆွေးနွေးမည့် ကိုယ်စားလှယ် အမည်စာရင်းတောင်းခံခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ အစီအစဉ်(၈)ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေ ပုဒ်မ ၂၁ နှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၁၅ နည်းဥပဒေခွဲ(က)အရ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအား တာဝန်မှရုပ်သိမ်းရန်အဆိုကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းစိန်(မိုင်းပျဉ်းမဲဆန္ဒနယ်)အပါအဝင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၁၁၀ ဦးတို့က လက်မှတ်ရေးထိုး၍ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌထံ ၂၇-၅-၂၀၂၀ ရက်နေ့တွင် တင်သွင်းလာပါတယ်။ နည်းဥပဒေ ၁၁၇ နည်းဥပဒေခွဲ(ခ)အရ အဆိုလွှာတွင် လက်မှတ်ရေးထိုးသော လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဦးက ယင်းအဆိုကို တင်သွင်းရန်ဖြစ်ပါတယ်။ အဆိုတင်သွင်းဖို့ ကိုယ်စားလှယ်တစ်ဦးကို ဖိတ်ခေါ်ပါတယ်။

**ဦးစိုင်းထွန်းစိန်(မိုင်းပျဉ်းမဲဆန္ဒနယ်)**။ ။ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံးမင်္ဂလာပါလို့ ကျွန်တော့်အနေနဲ့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းပျဉ်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းစိန် ဖြစ်ပါတယ်။ ဒီနေ့ကျင်းပတဲ့ ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေးမှာ ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂၁ အရ ဥက္ကဋ္ဌကို တာဝန်မှရုပ်သိမ်းပေးရန်အဆိုကို တင်သွင်းသွားမှာ ဖြစ်ပါတယ်။

(၁) ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂၁ တွင် ဥက္ကဋ္ဌကိုဖြစ်စေ၊ ဒုတိယဥက္ကဋ္ဌကိုဖြစ်စေ၊ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ နှစ်ဦးစလုံးကိုဖြစ်စေ တာဝန်က အောက်ပါအကြောင်းတစ်ရပ်ရပ်နှင့် သတ်မှတ်နည်းလမ်းနှင့်အညီ တာဝန်မှရုပ်သိမ်းနိုင်ကြောင်း ပြဋ္ဌာန်းထားပါတယ်။ (က) နိုင်ငံတော်၏ ကျေးဇူးသစ္စာကို ဖောက်ဖျက်ခြင်း၊ (ခ) ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို ဖောက်ဖျက်ကျူးလွန်ခြင်း၊ (ဂ) အကျင့်သိက္ခာပျက်ပြားခြင်း၊ (ဃ) ဥပဒေအရ ပေးအပ်သော တာဝန်များကို ကျေပွန်စွာမဆောင်ရွက်နိုင်ခြင်းတို့ဖြစ်ပါတယ်။

(၂) ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂၁ နှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၁၅ တို့အရ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်းဦးရေအနက် လေးပုံတစ်ပုံဖြစ်တဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၁၁၀ ဦးတို့က ပြည်သူ့လွှတ်တော်

ဥက္ကဋ္ဌဖြစ်ပြီး လက်ရှိပြည်ထောင်စုလွှတ်တော်နာယကတာဝန်ကိုပါ ထမ်းဆောင်လျက်ရှိတဲ့ ဦးတီခွန်မြတ်အား အောက်ပါအကြောင်းပြချက်များအရ တာဝန်မှရုပ်သိမ်းပေးပါရန် အဆိုလွှာ တင်သွင်းအပ်ပါတယ်။ (က) ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌဖြစ်သူ ဦးတီခွန်မြတ်သည် ပြည်ထောင်စု လွှတ်တော်နာယကတာဝန်ထမ်းဆောင်ရာတွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကြည်ညွန့် က ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးလုပ်ငန်းများကို ဦးစွာဆောင်ရွက်နိုင်ရေးအတွက် ဥပဒေပြင်ဆင်ရေးပူးပေါင်းကော်မတီတစ်ရပ်ကို သင့်လျော်တဲ့ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် များဖြင့် ဖွဲ့စည်းရန် ပြည်ထောင်စုလွှတ်တော်သို့တိုက်တွန်းကြောင်းအဆိုအား ပြည်ထောင်စု လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၆ နည်းဥပဒေခွဲ(က)ပါ အရေးကြီးအဆိုစည်းကမ်းချက်နှင့်မကိုက်ညီ ဘဲ အရေးကြီးအဆိုအဖြစ် တင်သွင်းခွင့်ပြုခဲ့ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)ပြင်ဆင်ရေး ပူးပေါင်းကော်မတီကို အဖွဲ့ဝင် ၄၅ ဦးဖြင့်ဖွဲ့စည်းကာ ဖွဲ့စည်းပုံအခြေခံဥပဒေအခန်း(၁၂) ပုဒ်မ ၄၃၃ ပါ ပြဋ္ဌာန်းချက်နှင့်ညီညွတ်မှုမရှိဘဲ ဆန့်ကျင်၍ နိဒါန်းမှ ဇယား(၅)အထိ ပြင်ဆင်ရန်ကြိုးပမ်း ဆောင်ရွက်ခဲ့ခြင်း၊ (ခ) ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)ကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေ(မူကြမ်း)များအား ဦးသိန်းထွန်း(ကျောင်းကုန်းမဲဆန္ဒနယ်)၊ ဒေါက်တာမောင်သင်း(မိတ္ထီလာ မဲဆန္ဒနယ်)၊ ဗိုလ်မှူးချုပ်မောင်မောင်၊ ဗိုလ်မှူးချုပ်အောင်ဆန်းချစ်နှင့် ဦးစိုင်းသန်းနိုင် တို့က ဖွဲ့စည်းပုံ အခြေခံဥပဒေ အခန်း(၁၂)ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းခဲ့သော် လည်း ပြည်ထောင်စုလွှတ်တော်နာယက၊ တာဝန်ထမ်းဆောင်နေသူ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ပြဋ္ဌာန်းထားတဲ့ ပုဒ်မ ၄၃၅၊ ပုဒ်မ ၄၃၆ နှင့်အညီ ဆက်လက်ဆောင်ရွက်ရန် ပျက်ကွက်ခြင်း၊ (ဂ) ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော်ကျင်းပသည့်ကာလအတွင်း ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၆ အရ အများပြည်သူနှင့်သက်ဆိုင်တဲ့လောလောဆယ် အရေးကြီးကိစ္စဖြစ်တဲ့ အောက်ပါအဆိုများကို ဆွေးနွေးရန် ခွင့်မပြုခြင်း။ (၁) ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော်ကာလအတွင်း ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၂၁ ရက်နေ့မှာ ဦးသောင်းအေး (ပျော်ဘွယ်မဲဆန္ဒနယ်)က တင်သွင်းတဲ့ ပြည်ထောင်စုလွှတ်တော်သို့ ကိုယ်စားလှယ် ၂၀ ရာခိုင်နှုန်းက လက်မှတ်ရေးထိုး၍ တင်ပြထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေ(မူကြမ်း)များအား နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ သုံးသပ်ချက်နှင့်အညီ ပုဒ်မ ၄၃၅ ပါ ပြဋ္ဌာန်းချက်အတိုင်း ပြည်ထောင်စုလွှတ်တော်မှ ဆက်လက်လက်ခံဆွေးနွေး ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုလွှတ်တော်သို့ တိုက်တွန်းကြောင်းအရေးကြီးအဆို၊ (၂) ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၁၇ ရက်နေ့တွင် ဦးသောင်းအေး(ပျော်ဘွယ်မဲဆန္ဒနယ်)က တင်သွင်းတဲ့ COVID-19

ကပ်ရောဂါကာကွယ်ထိန်းချုပ်ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီနှင့် ယင်းရောဂါကြောင့် ဖြစ်ပေါ်လာနိုင်တဲ့ စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီဖွဲ့စည်းမှုကို ကြိုဆိုထောက်ခံကြောင်းနှင့် ဖြစ်ပေါ်နေတဲ့ပြည်သူတို့ရဲ့အလုပ်လက်မဲ့နှင့်စားဝတ်နေရေး၊ လူမှုစီးပွားရေးဘဝများ ထိခိုက်လာမှုကို ယင်းကော်မတီများအပါအဝင် တာဝန်ရှိအဖွဲ့အစည်းများ ပူးပေါင်းပြီး ကာကွယ်ပေးနိုင်မယ့် မဟာဗျူဟာတစ်ရပ်ချမှတ်၍ အမြန်အကောင်အထည်ဖော်ဆောင်ရွက်ပေးရန် တိုက်တွန်းကြောင်းအရေးကြီးအဆို၊ (၃) ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၂၄ ရက်နေ့မှာ ဦးမောင်မြင့် (မင်းကင်းမဲဆန္ဒနယ်)က တင်သွင်းတဲ့ အသက်ရှူလမ်းကြောင်းဆိုင်ရာကူးစက်ရောဂါ(COVID-19 ရောဂါ) မြန်မာနိုင်ငံတွင် တွေ့ရှိခဲ့ရမှုနှင့်ပတ်သက်ပြီး အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ (ကာ/လုံ)နှင့်ညှိနှိုင်းဆောင်ရွက်ရန် အရေးကြီးအဆိုတို့ ဖြစ်ပါတယ်။

ဒုတိယဥက္ကဋ္ဌခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေးကျင်းပတဲ့ ကာလအတွင်းမှာ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၃ အရ အများပြည်သူနှင့်သက်ဆိုင်တဲ့ လောလောဆယ်အရေးကြီးကိစ္စဖြစ်တဲ့ အောက်ပါအဆိုများကို ဆွေးနွေးရန် ခွင့်မပြုခြင်းနှင့်စပ်လျဉ်းပြီး ဆက်လက်တင်ပြဆွေးနွေးသွားမှာဖြစ်ပါတယ်။ (၁) ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက်နေ့မှာ ဒေါက်တာမောင်သင်း(မိတ္ထီလာမဲဆန္ဒနယ်)ကတင်သွင်းတဲ့ လျှပ်စစ်ဓာတ်အားတိုးမြှင့်ကောက်ခံခြင်းကြောင့် ပြည်သူများရဲ့စားဝတ်နေရေးနှင့်အထွေထွေကုန်ဈေးနှုန်းကြီးမြင့်မှုကြောင့် ပြည်သူတွေရဲ့ နေ့စဉ်ဘဝမှာ စိတ်သောကဖြည့်ဆည်းမှုကို ဖြစ်ပေါ်စေနိုင်ပါသဖြင့် နိုင်ငံတော်အစိုးရမှ လျှပ်စစ်ဓာတ်အားတိုးမြှင့်ကောက်ခံခြင်းအား ဆိုင်းငံ့ထားရန်အဆို၊ (၂) ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၈ ရက်နေ့မှာ ဒေါက်တာမောင်သင်း(မိတ္ထီလာမဲဆန္ဒနယ်)ကတင်သွင်းတဲ့ ၂၀၁၉ ခုနှစ်၊ ဇွန်လ ၁၃ ရက်နေ့မှာ အမေရိကန်အောက်လွှတ်တော်မှာ အမေရိကန်အစိုးရရဲ့ ၂၀၂၀ ပြည့်နှစ်၊ တောင်အာရှဒေသဆိုင်ရာ ဘတ်ဂျက်လျာထားချက်နှင့် ကြားနာပွဲမှာ အမေရိကန်အောက်လွှတ်တော်အမတ် အာရှ-ပစိဖိတ်ရေးရာဆပ်ကော်မတီဥက္ကဋ္ဌ Mr. Bradley Sherman က မြန်မာနိုင်ငံနှင့်ပတ်သက်ပြီး မြန်မာနိုင်ငံအနေဖြင့် ရခိုင်ပြည်နယ်(မြောက်ပိုင်း)မှာနေထိုင်တဲ့ ရိုဟင်ဂျာများအတွက် အစိုးရကောင်းတစ်ရပ်အဖြစ် စိတ်ဆန္ဒမရှိ၊ တာဝန်ယူနိုင်ခြင်းမရှိပါက ရခိုင်ပြည်နယ်ကို ဘင်္ဂလားဒေ့ရှ်သို့ လွှဲပြောင်းပေးသင့်ကြောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသည်လည်း ထိုလူမျိုးများကို လိုလိုလားလားလက်ခံမည်ဖြစ်ပြီး ယင်းအစိုးရသည် ထိုလူမျိုးများကို ဖျက်လိုဖျက်ဆီးလုပ်လိမ့်မည်မဟုတ်ဘဲ အကာအကွယ်ပေးမည့် အစိုးရသာဖြစ်မည်ဟူ၍ ပြောကြားခဲ့ခြင်းသည် အချုပ်အခြာအာဏာပိုင်နိုင်ငံတစ်နိုင်ငံဖြစ်တဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံရဲ့ အချုပ်အခြာအာဏာပိုင်နက်နယ်မြေနှင့် နယ်နိမိတ်တည်တံ့

ခိုင်မြဲရေးကို စွက်ဖက်ခြိမ်းခြောက်ရာရောက်ခြင်းနှင့် နိုင်ငံတော်အစိုးရအား စော်ကားနေပါကြောင်း အရေးကြီးအဆို၊ (၃) ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်နေ့မှာ ဦးသောင်းအေး(ပျော်ဘွယ်မဲဆန္ဒနယ်) က တင်သွင်းတဲ့ နိုင်ငံတော်အတွင်း အေးချမ်းစွာနေထိုင်သွားလာလုပ်ကိုင်လျက်ရှိတဲ့ ပြည်သူများ၊ ပြည်သူ့ဝန်ထမ်းများ၊ ပြည်သူ့ကိုယ်စားလှယ်များနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား လက်နက်ကိုင် သောင်းကျန်းသူများက ဥပဒေမဲ့ မင်းမဲ့စရိုက်ဆန်ဆန် ဖမ်းဆီးစစ်ဆေးသတ်ဖြတ်ခြင်းများ တွေ့ကြုံ နေရခြင်းကြောင့် ပြည်သူလူထုအသက်အိုးအိမ်စည်းစိမ်များ ပျက်စီးဆုံးရှုံးပြီး လုံခြုံမှုကင်းဝေးသလို ဖြစ်ပေါ်နေခြင်းအပေါ် ထိရောက်လျင်မြန်စွာထိန်းသိမ်းကာကွယ်ပေးနိုင်ရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်းအရေးကြီးအဆို၊ (၄) ၂၀၂၀ ပြည့်နှစ်၊ မေလ ၂၀ ရက်နေ့မှာ ဒေါက်တာမောင်သင်း (မိတ္ထီလာမဲဆန္ဒနယ်)က တင်သွင်းတဲ့ အခြေခံပညာဒသမတန်းသင်ရိုးညွှန်းတမ်းမှာ ဘဝတွက်တာ ကျွမ်းကျင်စရာဘာသာရပ်မှ အချို့အခန်းများမှာ ရေးသားချက်အချို့သည် ကျန်းမာရေးနှင့် လိင်ပညာပေးအစား လိင်စိတ်နှိုးဆွတဲ့သဘောဆန်နေခြင်းနှင့် မြန်မာ့ယဉ်ကျေးမှုနှင့် ကိုက်ညီခြင်းမရှိ ဟူ၍ ဆရာ၊ မိဘများနှင့် ပြည်သူများအကြား စိုးရိမ်မှုများဖြစ်ပွားပြီး လူမှုကွန်ရက်များမှာ ပျံ့နှံ့လျက် ရှိပါသဖြင့် ဒီသင်ခန်းစာများကို ပြန်လည်သုံးသပ်ပြီး မြန်မာ့ယဉ်ကျေးမှုပတ်ဝန်းကျင်၌ လိုက်လျော ညီထွေစွာဖြစ်စေရေးအတွက် ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်းဖြင့် ဘက်စုံလွှမ်းခြုံသော ခေတ်မီပညာရေးကို ထိန်းကျောင်းပေးနိုင်ရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်း အရေးကြီး အဆို၊ (၅) ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်ကျင်းပနေစဉ်ကာလအတွင်း ကြယ်ပွင့်ပြမေးမြန်း ခဲ့သည့်မေးခွန်းများကို ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၄၆ နှင့်အညီ လိုက်နာဆောင်ရွက် ခြင်းမရှိဘဲ ပျက်ကွက်ခဲ့ပါတယ်။ (၁) ဦးမောင်မြင့်(မင်းကင်းမဲဆန္ဒနယ်)က ၅-၁၁-၂၀၁၉ ရက်နေ့မှာ ကြယ်ပွင့်ပြမေးခွန်းအဖြစ် မေးမြန်းခဲ့တဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံခြားရေးဝန်ကြီး A.K. Abdul Momen ၏ ၂-၁၁-၂၀၁၉ ရက်နေ့ ကာလကတ္တားမြို့စာအုပ်ပြပွဲမှာ ပြောကြားခဲ့သည့် မြန်မာနိုင်ငံရဲ့အကျိုးစီးပွား ကိုထိပါးသော အဓိကနှစ်ချက်ကို အစိုးရတုံ့ပြန်ဖြေရှင်းရန်အစီအစဉ်ရှိ/မရှိမေးခွန်းအား ဖြေကြားရန် သတ်မှတ်ရက်အကြောင်းကြားပြီးမှ လွှတ်တော်အစီအစဉ်မှာ မပါတော့ဘဲ ကြယ်ပွင့်မပြမေးခွန်း အဖြစ် ပြန်လည်မေးမြန်းစေခဲ့ခြင်း၊ (၂) ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်နေ့မှာ ဦးသောင်းအေး (ပျော်ဘွယ်မဲဆန္ဒနယ်)နှင့် ဒေါက်တာမောင်သင်း(မိတ္ထီလာမဲဆန္ဒနယ်)တို့က အပြည်ပြည်ဆိုင်ရာ တရားရုံး(ICJ)က မြန်မာနိုင်ငံအပေါ် ချမှတ်ခဲ့တဲ့ ကြားဖြတ်အရေးပေါ်စီမံဆုံးဖြတ်မှုလေးခုနှင့် ပတ်သက်ပြီး နိုင်ငံတော်ရဲ့ဂုဏ်သိက္ခာနှင့် အချုပ်အခြာအာဏာကို ထိပါးနေပါသဖြင့် နိုင်ငံတော်

အစိုးရက မည်ကဲ့သို့ဆောင်ရွက်မည်ကို ပြည်သူများအား ရှင်းလင်းစွာသိမြင်လို၍ ကြယ်ပွင့်ပြ မေးမြန်းခဲ့တဲ့မေးခွန်းများကို ဖြေကြားခြင်းမပြုဘဲ ပယ်ချခဲ့ခြင်းတို့ဖြစ်ပါတယ်။

(၃) အထက်ဖော်ပြပါ အကြောင်းပြချက်များအရ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌဖြစ်သူ ဦးတီခွန်မြတ် သည် ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂၁ ပါ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြဋ္ဌာန်းချက်များကို ဖောက်ဖျက်ကျူးလွန်ခြင်းနှင့် ဥပဒေအရ ပေးအပ်သော တာဝန်များကို ကျေပွန် စွာမဆောင်ရွက်ခြင်းဆိုသည့်အချက်များနှင့် ငြိစွန်းကြောင်း တွေ့ရှိရပါသဖြင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၁၅ အရ ၎င်းအား တာဝန်မှရုပ်သိမ်းပေးနိုင်ပါရန် အဆိုလွှာကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၁၁၀ ဦးတို့၏ကိုယ်စား ကျွန်တော့်အနေဖြင့် အဆိုတင်သွင်း အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ။** ။ ယခုတင်သွင်းသောအဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုတဲ့လွှတ်တော် ကိုယ်စားလှယ်များရှိပါက ၂၉-၅-၂၀၂၀ ရက်(သောကြာနေ့) ညနေ ၄ နာရီနောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းရန်ဖြစ်ကြောင်း အသိပေး ကြေညာပါတယ်။

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၆)ကြိမ်မြောက်ပုံမှန်အစည်းဝေး ပဉ္စမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ဆဋ္ဌမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဒုတိယဥက္ကဋ္ဌ။** ။ အစီအစဉ်(၉)ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၆)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၆)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၁ ရက်(တနင်္လာနေ့)နံနက် ၁၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနှင့် ယနေ့အတွက် အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၂:၁၅။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၆)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ၁၂:၁၅ နာရီအချိန်တွင် ရပ်နားပါသည်။]

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၆) ကြိမ်မြောက်ပုံမှန်အစည်းအဝေး စတုတ္ထနေ့

## (၂၈.၅.၂၀၂၀) ရက်နေ့တွင် မေးမြန်းဖြေကြားခဲ့သည့် ပုဂ္ဂိုလ်များ





U Win Myint    U Lwin Ko Latt




Dr Thet Thet Khine    U Maung Maung Win




U Kyi Min    U Nyein Thit




U Tun Tun Naing    U Kyi Min




U Thant Zin Maung    U Myint Lwin




U Thant Zin Maung    U Than Aung

-

pyithu.hluttaw.mm


U Tin Aye


Dr Ye Myint Swe

pyithu.hluttaw.mm


Dr Ye Myint Swe


U Win Win

pyithu.hluttaw.mm


Dr Ye Myint Swe


Daw Mi Kon Chan

pyithu.hluttaw.mm


Dr Ye Myint Swe


Daw Nan Htwe Thu

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်